www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နေနော်

သင်ကိုယ်တိုင်ဖြစ်စေ
သင်၏ကိုယ်စားချစ်ခွင့်ရှိသူ
နှလုံးသားမှဖြစ်စေ

ပြည်လုံးကျွတ် ဖြန့်ချိရေး

ညာဏ်ဝင်းစာပေ
အမှတ် ၂၇၊ သဂ်ဟာလမ်း
ကျောက်မြောင်း
ဖုန်း - ၅၄၃၀၁၈

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ・・・・・・・၅၀၀၅၇၃၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက် ・・・・၅၀၀၇၂၅၀၆၀၉

**ထုတ်ဝေခြင်း** - ပထမအကြိမ်
၂၀၀၉ ဩဂုတ်လ

**အုပ်ရေ** - ၁၀၀၀-အုပ်

**တန်ဖိုး** - သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ** -လှတော်သစ်

**စီစဉ်သူ** -ဒေါ်ငွေးငွေးမော်

၇၉၅၇၃
နေနော်
သင်ကိုယ်တိုင်ဖြစ်စေ၊
သင်၏ကိုယ်စားချစ်ခွင့်ရှိသူနှလုံးသားမှဖြစ်စေ /
နေနော် ။ - ရန်ကုန်
ဉာဏ်ဝင်းစာပေ ၂၀၀၉၊
၁၉၄ - စာ ၊ ၁၃· ၂၁ x ၂၀· ၇၃ စင်တီ။
(၁) သင်ကိုယ်တိုင်ဖြစ်စေ၊
သင်၏ကိုယ်စားချစ်ခွင့်ရှိသူနှလုံးသားမှဖြစ်စေ

**ထုတ်ဝေသူ**
ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီပုံနှိပ်တိုက်
အမှတ်(၁၂၇)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။


### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com



# သင်ကိုယ်တိုင်ဖြစ်စေ
# သင်၏ ကိုယ်စားချစ်ခွင့်ရှိသူ
# နှလုံးသားမှဖြစ်စေ . . .

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

(၀)

အရပ်ထဲမှာ မကြာခဏ မြင်တွေ့ဖူးနေကျ အရေးကိစ္စတစ်ခု၊ ဝမ်းနည်းခြင်း အခမ်းအနား တစ်ခုပါ။

အခမ်းအနားဆိုပေမယ့် ဆိုင်းသံဗုံသံတွေ မပါဘူး။ အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့ ရွှေပွဲလာ ဧည့်ပရိသတ်တွေ မပါဘူး။

ပြီးတော့. . . ပျော်စရာကောင်းလှတဲ့ အခမ်းအနားလည်း မဟုတ်ပေဘူး။ တချို့က အသုဘလို့ခေါ်ပြီး တချို့က ဈာပနလို့ သုံးနှုန်းတယ်။ လူတစ်ယောက် သေဆုံးသွားကြောင်း၊ ဘဝတစ်ခု ပြီးဆုံးသွားကြောင်း အသိအမှတ်ပြုကြရတဲ့ နာရေးအခမ်းအနားပါ။

နာရေးတစ်ခု ဖြစ်ပြီဆိုပါဆို့။

ပထမဆုံး အရေးတကြီး လုပ်သင့်တဲ့ကိစ္စက ဘာဖြစ်သင့်သလဲ။ သေသူကို ရေချိုးသန့်စင်ပေးဖို့လား။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးကြောင်း ထောက်ခံစာပြေး ယူဖို့လား။ နာရေးကူညီမှုအသင်း တစ်ခုခုဆီ ဖုန်းဆက်ဖို့လား။

ဒါမှမဟုတ် နာရေးကြော်ငြာအတွက် စာစီဖို့။ သေသူရဲ့ ဝိညာဉ်လိပ်ပြာ လွတ်မြောက်နိုင်အောင် ပြတင်းပေါက်တွေ ပြေးဖွင့်ပေးဖို့။ ဘယ်အရာကို အရင် လုပ်သင့်ပါသလဲ။

အားလုံးဟာ သူနည်းသူ့ဟန်နဲ့ အရေးကြီးကြတာ မှန်ပေမယ့် ဖြစ်သင့် ဖြစ်ထိုက်တဲ့ ပထမဦးဆုံး အလုပ်ကတော့ ကျန်ရစ်သူမိသားစုက ဝမ်းပန်းတနည်း ငိုချလိုက်ဖို့ပါ။

သေသူရဲ့ ပွင့်အနေတဲ့ မျက်လုံးတွေကို မေးမှိတ်ပေးလို့၊ သေဆုံးသူ ကောင်းခဲ့တာတွေကို ပြန်လည်မြှင်ယောင်ပြီး စိတ်မကောင်းဖြစ်စွာ မျက်ရည် ကျကြရမှာပါ။

ဒါဟာ သေသူကို ချီးမြှောက်ရာရောက်သလို၊ သေဆုံးသူအတွက် နှမြောတသကြောင်း ဖော်ပြရာလည်း ရောက်စေတယ်။

တစ်နည်းအားဖြင့် သေသူဟာ အသက်ရှင်စဉ်တစ်လျှောက်လုံး ကျန်ရစ်သူတွေကို စိတ်အနှောင့်အယှက် မဖြစ်စေခဲ့ဘူးဆိုတဲ့အကြောင်း အရိုးရှင်းဆုံးနည်းလမ်းနဲ့ ဖော်ထုတ်ပြသရာလည်း ရောက်ပါတယ်။

အခု . . . အသုဘမှာ ကျန်ရစ်သူတွေက ဘယ်သူတွေလဲ။

သေသူကကော အမျိုးသားလား၊ အမျိုးသမီးလား။

အမှည့်လွန်စ သက်ကြီးရွယ်အိုတစ်ယောက်။ ဒါမှမဟုတ် အရွယ်ကောင်းဆဲ လူရွယ်လူလတ်တစ်ယောက်လား။

အသုဘ အခမ်းအနားဟာ အံ့ဩစရာကောင်းလောက်အောင် ဘာဖြစ်လို့ တိတ်ဆိတ်နေရပါသလဲ။ ဒါဟာ သမားရိုးကျကော ဟုတ်ပါရဲ့လား။

သေသူ မကွယ်လွန်ခင် ပြောဆိုခဲ့တဲ့ စကားတွေအရဆိုရင်တော့ သေသူရဲ့ အမည်ဟာ 'နေရောင်ဝါ' လို့ သိကြရတယ်။

နေရောင်ဝါရဲ့ ကွယ်လွန်သေဆုံးသွားခြင်းအပေါ် ကျန်ရစ်သူတွေရဲ့ တုန့်ပြန်မှုဟာ ဘာကြောင့်များ ဒီလောက်တောင် နှုတ်ဆိတ် ငြိမ်သက်နေရပါသလဲ။





အခုကိစ္စအားလုံးရဲ့ နောက်ကွယ်မှာ အကြောင်းတစ်စုံတစ်ရာတော့ အသေအချာကို ရှိနေနိုင်ပါတယ်။

ဒါဟာ . . . စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းဖြစ်နိုင်သလို ထူးဆန်းနက်နဲတဲ့အကြောင်းကိစ္စတစ်ခုလည်း ဖြစ်နိုင်တယ်။

နေရောင်ဝါနဲ့ ရင်းနှီးသူ . . .။ နေရောင်ဝါ ဖြတ်သန်းခဲ့တဲ့ ငယ်ဘဝတွေအပြင်၊ နောက်ဆုံးအရေးကိစ္စတွေအထိ မျက်ခြေမပြတ်ခဲ့သူ အတွင်းသိတစ်ယောက်ရဲ့ အဆိုအရတော့ . . . . . . . . .။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ၁

# သင်ကိုယ်တိုင် ဖြစ်စေ

ဆိတ်ငြိမ်မှုထဲမှာလည်း ကိုယ့်ကို မင်းဝိညာဉ်နဲ့
ချစ်ဖို့ သတိရပါ

www.burmeseclassic.com

www.burmeseclassic.com

## နေရောင်ဝါ (၁၉၈၀ – ၂၀၀၇)

သူ ရောက်သွားတော့ လမ်းထိပ်ကင်းတဲလေးမှာ လူတွေ အတော် စုံနေကြပြီ။

အားလုံးက သူ့အလာကို စိတ်စောစွာ စောင့်ဆိုင်းနေကြပုံပါ။ ခပ်ငိုက်ငိုက် စောင်းထားတဲ့ လျှာထိုးဦးထုပ်အနက်။ တီရှပ်အဖြူနဲ့ အရောင်ပြယ်လွင့်စပြုနေတဲ့ ဂျင်းဘောင်းဘီဖြူရော်ရော်ကို ဝတ်ထားပြီး လေးတိလေးကန် လျှောက်လှမ်းလာတဲ့ နေရောင်ဝါကို တွေ့တော့ အားလုံးက ဝမ်းသာသွားကြတယ်။

ဖိုးသားကဆို ရှိုကနဲ အသံမြည်အောင် လက်ခေါက် မှုတ်လိုက်ပါသေးတယ်။

ပြီးခဲ့တဲ့ မိုးနှောင်းရက်တွေမှာ နေရောင်ဝါ့အပြင်ထွက်ခွင့် မကြုံခဲ့သလို ကိုယ်ရောင်ကိုယ်ဝါ တောက်ပခွင့်လည်း မရခဲ့ဘူး။

ပြင်းထန်ဆိုးဝါးတဲ့ တုတ်ကွေးရောဂါဟာ အမေ့ကို ဈေးမထွက်နိုင်လောက်အောင် အိပ်ရာထဲလဲစေခဲ့လို့ပါ။

♦ ညာထ်ဝင်းစာပေ ♦

www.burmeseclassic.com

www.burmeseclassic.com



ချောင်းတွေ တဟွတ်ဟွတ်ဆိုးနေတဲ့ အမေ့ကိုပြုစုလိုက်၊ ဈေးထဲက ကုန်ခြောက်ဆိုင်ကို ပြေးထွက်လိုက်နဲ့ ရပ်ကွက်ထဲ မဆင်းနိုင်လောက်အောင် သူ အလုပ်များခဲ့ရတယ်။

ဒီနေ့တော့ အမေ သက်သာလာပြီး ဈေးပြန်ထွက်နိုင်ပြီမို့ သူ လမ်းထိပ်ကင်းတဲလေးကို အညောင်းပြေထွက်ခွင့်ရလာခဲ့တယ်။ ပြီးတော့ မနေ့က ဖိုးသားလာပြောတဲ့ကိစ္စကို စိတ်ဝင်စားတာကြောင့်လည်း သူ ထွက်လာရတာဖြစ်တယ်။

ဖိုးသားရဲ့ အပြောအရ မျက်နှာစိမ်းငနဲတစ်ယောက် သူတို့ရပ်ကွက်ထဲလာပြီး ဖဲလိမ်ရိုက်တာ သုံးရက်ရှိပြီလို့ ဆိုတယ်။

သုံးရက်စလုံး ဝိုင်းလုံးကျွတ် သိမ်းသွားတာချည်းပဲတဲ့။ နေရာက ကိုတင်မောင့် ယောက္ခမကြီးရဲ့ အသုဘမှာပါ။

ကိုတင်မောင်ဆိုတာက ဒီအရပ်ရဲ့ ထိကိုယ်စားလှယ်ဖြစ်ပြီး၊ ပိုက်ဆံအိတ် ထူထူကြီးကို ခါးကြားထိုးလို့၊ လပေးငှားကိုင်တဲ့ လက်ကိုင်ဖုန်းတစ်လုံးနဲ့ ဆောင့်ကြွားကြွားနိုင်လှတဲ့ ငနဲပါ။

နာရေးဖြစ်ဖြစ်ချင်း နေရောင်ဝါတို့ ကူညီဖို့ ရောက်သွားတော့ ငနဲသားက ခေါင်းယမ်းတယ်။

“မလိုတော့ဘူး ညီလေးတို့၊ ကိုယ့်တပည့် ချာတိတ်လေးတွေ ခေါ်ပြီး တနားဖျင်းထိုးဖို့၊ ခုံငှားဖို့ အားလုံး စီစဉ်ခိုင်းလိုက်ပြီ၊ ရက်လည်ကျမှ မုန့်ဟင်းခါးလာစားကြကွာ၊ သောက်ချင်စားချင်လည်း အဲဒီနေ့ကျတော့ လုပ်ပေါ့၊ ကိုယ်ပြုစုပါ့မယ်”

ကိုတင်မောင့်စကားကြောင့် နေရောင်ဝါ ထောင်းကနဲ ဖြစ်သွားရပါသေးတယ်။ ဒါကြောင့် ခပ်တည်တည် ပြန်ပြောခဲ့တယ်။

“ကျွန်တော်တို့ စားချင်သောက်ချင်လို့ မဟုတ်ဘူး ကိုတင်မောင်၊ နာရေးမို့ လာကူတာ၊ ကောင်းပြီလေ. . . စီစဉ်ပြီးသွားပြီဆိုတော့လည်း ပြီးရောပေါ့၊ ခင်ဗျားအလှည့်ကျမှပဲ လာကူတော့မယ်”

ကိုတင်မောင့် မျက်နှာမဲကနဲ ဖြစ်သွားပေမယ့် ဘာမှတော့ ပြန်မပြောရဲဘူး။ နေရောင်ဝါတို့အုပ်စုရဲ့ လက်စလက်နကို သကောင့်သားလည်း ကောင်းကောင်း သဘောပေါက်ထားပုံရတယ်။





အမှန်တော့ ကိုတင်မောင်က ယောက္ခမ နာရေးအကြောင်းပြပြီး ကြိတ်ဝိုင်းလေး ကျင်းပချင်လို့ နေရောင်ဝါတို့ကို ပထုတ်လိုက်တဲ့ သဘောပါ။

ခုတော့ တိုးတိုးတိတ်တိတ် ကြိတ်ဝိုင်းထဲ ကျားတစ်ကောင် ရောက်နေပြီဆိုတော့ ကိုတင်မောင်တစ်ယောက် အတော့်ကို ကြိတ်မနိုင်ခဲမရ ဖြစ်နေပါလိမ့်မယ်။

“မနေ့က မင်းပြောတဲ့ကိစ္စ ဘာထူးသေးလဲ ဖိုးသား”

ကင်းတဲနားရောက်ရောက်ချင်း နေရောင်ဝါ မေးလိုက်တော့ ဖိုးသားက ရှို့ကနဲ လေတစ်ချက် ချွန်တယ်။

“ငနဲကတော့ ပန်းပန်လျက်ပဲ နေရောင်၊ ကိုတင်မောင်တို့အုပ်စု အတော်ခြောက်နေကြပြီ၊ ဒါကြောင့် နာမည်ကြီး စတီးလ်တစ်ယောက်ငှားပြီး ပြန်ဖဲ့ဖို့စီစဉ်နေတယ်၊ ဒါပေမယ့် ငနဲကလည်း လည်တယ်၊ ဒီနေ့ မမှောင်ခင်ပြန်မယ်လို့ မနက်ကတည်းက ကြိုတင် ကြေးကြော်ထားတယ်”

“ငါ စောစောက တစ်ခေါက်သွားကြည့်တော့ ငါးနာရီထိုးရင် ပြန်မယ်လို့ ပြောနေတယ်”

ကိုယ်တိုင် ကွင်းဆင်း ထောက်လှမ်းခဲ့တဲ့ ပုတ်သင်ညိုက ဝင်ပြောပါတယ်။ ငါးနာရီဆိုတဲ့အချိန်ဟာ သိပ်မကြာခင် ရောက်လာတော့မှာပါ။

“သူ့ရဲ့ အိမ်ပြန်ရေး အစီအစဉ်က ဘယ်လိုလဲ”

“ငနဲမှာ ဘော်ဒီဂတ်တစ်ယောက်ပါတယ်။ သူ ပြန်တော့မယ်ဆိုရင် သူ့တပည့်က ရပ်ကွက်ထိပ် လမ်းမပေါ် ထွက်ပြီး ကားငှားတယ်၊ ကားရမှ သူ့ဆရာကို တစ်ခေါက် ပြန်ခေါ်တယ်။ တို့ လုပ်ရှားမယ်ဆိုရင် ခုကတည်းက လမ်းမထိပ်မှာ သွားစောင့်နေရင် ကောင်းမယ်”

ပုတ်သင်ညိုက စိတ်အားထက်သန်စွာ ရှင်းပြလေရဲ့။ အားလုံးက နေရောင်ဝါ့မျက်နှာကို မျှော်လင့်တကြီး ဝိုင်းကြည့်နေကြတယ်။ သူက ကိုမှိုင်းရဲ့ အိပ်ကပ်ထဲက စီးကရက်တစ်လိပ်ကို လှမ်းယူပြီး မီးညှိလိုက်တယ်။

သူသာ ခေါင်းရမ်းလိုက်ရင် ပျက်ယွင်းသွားကြမယ့် မျက်နှာတွေကို စီးကရက် မီးခိုးငွေ့တွေကြားကနေ လှမ်းကြည့်လိုက်မိတယ်။

အားလုံးဟာ ကိုယ်ရောင်ကိုယ်ဝါ မလင်းလက်ရတာ ကြာပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ အဆုံးအဖြတ်တို့ စိတ်စောနေကြပုံပါ။ တစ်ချိန်လုံး ငြိမ်သက်နေတဲ့ ကိုမျိုးက ခေါင်းမော့ရဲ့ ဝင်ပြောလာတယ်။

"တို့အပိုင်းမှာ စတီးလ် လာကျတဲ့ကောင်ကို (လက်ဆင်) တော့ ပေးသင့်တယ် နေရောင်"

"ဟုတ်ပြီလေ၊ ဒါဆိုလည်း ညှိခံကြိုဆိုရေး ထွက်ကြတာပေါ့"

သူငယ်ချင်း သုံးယောက် ဟေးကနဲ ဝမ်းသာပျော်ရွှင်သွားကြတယ်။ ဆုံးဖြတ်ချက် ကျသွားပြီမို့ သူတို့အားလုံး လမ်းမတန်းဖက် နေရာရွှေ့ခဲ့ကြတယ်။

သူတို့ ရောက်ပြီး တအောင့်ကြာတော့ ဖလိမ်သမားရဲ့ ကိုယ်ရံတော်က ကားထွက်ငှားပါတယ်။ ကားရတော့ ခဏစောင့်ခိုင်းပြီး ဆရာဖြစ်သူကို ပြန်သွားခေါ် နေတုန်း လျှင်မြန်ဖြတ်လတ်တဲ့ ပုတ်သင်ညိုက ကားနား ကပ်သွားပြီး ကားသမားကို လိမ့်ခိုင်းလိုက်တယ်။

ဆရာတပည့်နှစ်ယောက် ပြန်ထွက်လာချိန်မှာတော့ မျက်နှာစိမ်း ညှိသည်နှစ်ယောက်ကို သူတို့ လေးယောက် ဝိုင်းရံလိုက်ကြတယ်။ အနယ်နယ် အရပ်ရပ်မှာ ပွဲပေါင်းများစွာ နွှဲခဲ့ဖူးပုံရတဲ့ ငနဲသားနှစ် ယောက်ဟာ ဖျတ်ကနဲ သတိအနေအထား ပြောင်းလဲသွားကြရဲ့။

အခြေအနေကို ဖျားရည်နဲ့ ဝမ်းချဖို့ စတင် ကြိုးစားသူကတော့ ဖလိမ် ငနဲပါ။ အသားဖြူဖြူ ဥပဓိရုပ်ကောင်းကောင်းနဲ့ အဲဒီလူက ရုပ်အားကိုးနဲ့ နေရောင်ဝါကို ပြုံးပြပြီး စီးကရက်ဗူး ကမ်းပေးတယ်။

"ညီလေးတို့က ဒီလမ်းထဲကနဲ့ တူတယ်။ စီးကရက် သောက်ကြပါဦး"

ဖဝိဇ္ဇာငနဲက အတွေ့အကြုံ ရင့်ကျက်ပုံရတဲ့အပြင်၊ လူကဲခတ်လည်း ကျွမ်းကျင်တယ် ပြောရမယ်။ ဒီအုပ်စုထဲမှာ မွန်တေတေ ဂျစ်ကန်ကန် အနိုင်ဆုံး လူက သူပဲမို့ သူ့ကို စတင်ချဉ်းကပ်လာတာပါ။

"ခင်ဗျား စီးကရက်ဗူးကို ပြန်သိမ်းထားလိုက်ပါ။ ကျွန်တော့် သူငယ်ချင်းတွေက ခင်ဗျား ဖဲရိုက်တာ သိပ်ပြီး အနုပညာမြောက်တယ်လို့ ပြောနေကြတယ်။ ခင်ဗျားက (မာကာ) သမားလား၊ ဒါမှမဟုတ် ပဥ္စလက်လား"

သူ့အသံက မာရေကျောရေ နိုင်လှပေမယ့် ငနဲသားရဲ့ တုန့်ပြန်မှုက မအူမလည်ပုံ တမင် ဖမ်းထားတယ်။





"ညီလေး ပြောတာကို အစ်ကို သိပ် နားမရှင်းဘူး"

"ဒါဆိုလည်း ရှင်းအောင် ပြောရတာပေါ့။ ခင်ဗျား ဖဲလိမ်ပြီး နိုင်လာတဲ့ ပိုက်ဆံတွေကို ကိုတင်မောင့် ယောက္ခမကြီး နာရေးအတွက် အလှူခံချင်တယ် ဗျာ၊ ဖြစ်မလား"

"ဟာ . . . သိပ်ဖြစ်တာပေါ့၊ ပြော . . , အစ်ကို ဘယ်လောက်ထည့်ရမလဲ"

## "အကုန်လုံး"

## "ဟေ"

ဒီတစ်ခါ မအူမလည် အိုက်တင်မျိုး လုပ်လို့ မရတော့မှန်း သဘောပေါက်သွားကြပြီး နှစ်ယောက်စလုံး မျက်နှာတွေ တင်းမာသွားကြတယ်။

"မင်းတို့ အလှူခံပုံက မလွန်လွန်းဘူးလားကွာ၊ ပြေပြေလည်လည် ပေါ့ အနည်းအကျဉ်းဆို ကိုယ်ပေးပါ့မယ်"

"ကျွန်တော်တို့ ရပ်ကွက်ထဲက ပိုက်ဆံတွေ အလိမ်ခံရတဲ့နည်းနဲ့ တခြား ရောက်သွားမှာကို ကျွန်တော့်သူငယ်ချင်းတွေက သဘောမကျကြဘူးဗျာ"

"ဟုတ်တယ်၊ ခင်ဗျား လမ်းစရိတ်ယူပြီး ကျန်တာတွေ ထားခဲ့ဗျာ"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတဲ့ အဆုံးမှာ ဖဝိဇ္ဇာကာ မျက်နှာ ပျက်သွားပြီး . . .

"မင်းတို့က ဒီလိုလား၊ ကောင်းပြီလေ. . . ကျားကြီးနဲ့ ဆွေးနွေးကြည့်ဦးပေါ့၊ ကဲ . . . ကျားကြီးရေ"

တပည့်ဖြစ်သူကို အားကိုးတကြီး လှမ်းခေါ်လိုက်တာပါ။

ဒါပေမယ့် ကိုယ်ရံတော် ကျားကြီးခမျာ (နွေရာသီကျောင်းပိတ်ရက်တိုင်း ချဒိုသင်တန်းဖွင့်စားလာတဲ့) ကိုမျိုးရဲ့ ချုပ်နှောင်မှုအောက်မှာ ကြွက်ကလေး တစ်ကောင်လို မလှုပ်နိုင်အောင် ဖြစ်နေလေရဲ့။

ဖဝိဇ္ဇာဟာ ကျားကြီးရဲ့အဖြစ်ကို တွေ့မြင်သွားပြီးချိန်မှာတော့ မျက်နှာ မျက်နှာပျက်နဲ့ စေ့စပ်ဆွေးနွေးရေး စတင် ကမ်းလှမ်းလာပါတယ်။ တစ်ယောက် တစ်ဝက် ယူကြရအောင် . . . တဲ့။ သူ ခေါင်းယမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဆီက အတင်းကြီး လုမယူပါဘူး။ ခင်ဗျားနဲ့ ကျွန်တော် ကိုးမီး တစ်ပွဲလောက် ပြိုင်ကြရအောင်လေ"

ငနဲတ ခေါင်းခါပြီး မကျေမနပ် ရေရွတ်တယ်။

"ခုတီစ္စအတွက် နောင်မှ မင်း နောင်တရလိမ့်မယ်။ ကျားကြီးဘော ငါပါ ထောင်ထွက်လူမိုက်တွေကွ"

"ဒါဆိုလည်း မိုက်ဂုဏ်ပြိုင်ကြတာပေါ့ဗျာ။ ရော့ . . ."

ဘောင်းဘီနောက်အိတ်ထဲက ခလုတ်ဓားလေးကို ထုတ်ပြီး ဖဲဝိဇ္ဇာဆီကို သူ ကမ်းပေးလိုက်တယ်။

"အဲဒီဓားနဲ့ ခင်ဗျား လက်ဖျံကို လှီးဗျာ။ ခင်ဗျားပြီးရင် ကျွန်တော် လှီးမယ်။ ပိုနက်အောင် လှီးနိုင်တဲ့လူ အနိုင်။ ခင်ဗျားနိုင်ရင် ခင်ဗျားတို့ နှစ်ယောက် ဒီနေရာက လေချွန်ပြီး ထွက်သွား၊ ကျွန်တော်နိုင်ရင်တော့ ခင်ဗျား ပိုက်ဆံအိတ်ထားခဲ့ . . . ဘယ်လိုလဲ"

နေရောင်ဝါ့စကားကြောင့် ဖဲဝိဇ္ဇာ မျက်လုံးပြူးသွားပြီး ဓားကို ခလုတ် ဖွင့်ကြည့်တယ်။ ဆည်းဆာရောင်အောက်မှာ စတီးလ်ဓားလေးက တဖိတ်ဖိတ် လက်လို့၊ ချက်ချင်းပဲ ဓားကို ပြန်ပိတ်ပြီး ခေါင်းရမ်းတယ်။

"ငါ . . . မလုပ်ရဲဘူး"

"ဒါဖြင့် . . . ပေး"

ဓားကို ယူပြီး သူ့လက်ဖျံပေါ် ရှပ်ဆွဲလိုက်တော့ သွေးတွေက တစက်စက် စိမ့်ထွက်လာကြတယ်။ သူငယ်ချင်းတွေက 'ဟာ . . . နေရောင်' ဆိုပြီး ရိုးရိမ်တကြီး ဝိုင်းအော်ကြပေမယ့် ပွဲက ပြီးသွားပြီ၊ ခလုတ်ဓားတောင် ဘောင်းဘီ နောက်အိတ်ထဲ ပြန်ရောက်သွားခဲ့ပြီ။

"အလကား . . . အသားအနာခံလို့ နေရောင်ရာ၊ ဒီငနဲကို ဝိုင်းကျွေး လိုက်ရင် ပြီးတဲ့ကိစ္စကိုကွာ"

ပုတ်သင်ညိုက ဒဏ်ရာကို ကြည့်ရင်း မချင့်မရဲ ပြောတယ်။

"ဒီနေ့ ရန်ဖြစ်မလာပါဘူးလို့ အမေ့ကို ကတိပေးခဲ့လို့ကွာ"

"ဒါဆိုလည်း ဒီလူ့ဆီက ဒီအတိုင်း ယူလိုက်လို့ ရတာပဲ။ သူ့ဘော်ဒီဂတ် ကို ကိုမျိုးထိန်းထားတဲ့ဥစ္စာ"





"သူများအိတ်ထဲကပိုက်ဆံ ကိုယ့်အိတ်ထဲ ရောက်ဖို့ တစ်ခုခုတော့ ပေး ဆပ်ရမယ်လေ။ ဒီအတိုင်း ယူလိုက်ရမှာ အားနာစရာကြီး မဟုတ်ဘူးလား အစ်ကိုရာ၊ ကဲ . . . . ပိုက်ဆံအိတ်လေး တစ်ဆိတ်လောက်"

နေရောင်ဝါ လက်ဖြန့်ပေးလိုက်တော့ ဖဲဝိဇ္ဇာက အောင့်သက်သက်နဲ့ ပိုက်ဆံအိတ်ကို သူ့လက်ထဲ လှမ်းထည့်တယ်၊ အဲဒီနောက်တော့ ကစားဝိုင်းက ပြီးဆုံးသွားပါတယ်။

သူတို့ အုပ်စု ဖဲဝိဇ္ဇာနှစ်ယောက်ကို နှုတ်ဆက်ပြီး ထွက်လာချိန်မှာ နေရောင်ဝါက ငွေကိစ္စကို စီမံခန့်ခွဲလိုက်တယ်။

"တစ်ဝက်ကို နာရေးကူငွေအဖြစ် သွားပေးပြီး၊ ကျန်တစ်ဝက်ကို ရန်ပုံငွေ အဖြစ် သိမ်းထားလိုက်ကွာ"

သူတို့ အုပ်စုရဲ့ သာရေးနာရေးကိစ္စတွေအတွက် ရန်ပုံငွေ လိုအပ်သလို လမ်းထဲက ကလေးတွေအတွက်လည်း လိုအပ်တယ်။

အထူးသဖြင့် ခုလို မိုးကုန်လို့ ဆောင်းရာသီထဲ ဝင်စအချိန်ဟာ လမ်းထဲ က ကလေးတွေရဲ့ ပျော်ပွဲရွှင်ပွဲနဲ့ စတုဒီသာပွဲတွေအတွက် ငွေလိုလေ့ရှိတယ်။

"ကူငွေတွေ ဘာတွေ လုပ်မနေနဲ့ နေရောင်၊ ကိုတင်မောင်ကြီးက ကူငွေ သက်မခံဘူးဆိုပြီး အကျောကြီးနဲ့ ဖွဲ့လိုက်လိမ့်ဦးမယ်"

ဖိုးသားက သဘောမကျသလို ကန့်ကွက်စကားဆိုတယ်။ ဘယ်လက်ဖျံ က ဒဏ်ရာပေါ် အုပ်ချည်ထားတဲ့ လက်ကိုင်ပုဝါစကို ခပ်တင်းတင်း ပြန်ချည် ရင်း သူ ပြောလိုက်တယ်။

"ငြင်းတာ မငြင်းတာက သူ့အပိုင်းလေ။ သူတို့ အသုဘနဲ့ ပတ်သက် နေတာဆိုတော့ သွားပေးရမှာက ကိုယ့်တာဝန်ပဲ၊ ကိုမျိုးနဲ့ ပုတ်သင်ညို သွားပေးလိုက်ကွာ။ ဖဲလိမ်တဲ့ ငနဲကို သင်ခန်းစာပေးလိုက်တဲ့အကြောင်းလည်း ပြောပြလိုက်၊ ငါနဲ့ ဖိုးသား ကိုငယ့်ဆိုင်က စောင့်မယ်"

ကိုမျိုးတို့ ထွက်ခွာသွားပြီး သူနဲ့ ဖိုးသား ကိုငယ့်ဆိုင်ကို ထွက်လာခဲ့ကြ တယ်။ ဂန္ဓဝင်တီးလုံးတွေကိုသာ တိုးတိုးညင်းညင်း ဖွင့်လေ့ရှိတဲ့ ကိုငယ့်ဆိုင် ရောက်တော့ . . .

"မင်းတို့ ပျောက်နေတာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုငယ်က ဆီးနှုတ်ဆက်တယ်။

"နေရောင်က သူ့အမေကြီးကို ပြုစုနေရတာနဲ့ ကျွန်တော်တို့အုပ်စု မဆုံဖြစ်ကြလို့ဗျာ။ ပြီးတော့ (အာရကေ) မလန်းတာလည်း ပါတာပေါ့"

"ငွေ မရှိလည်း အကြွေးမှတ်ပေးနေကျပါ ဖိုးသားရာ၊ လာသာ လာခဲ့ကြစမ်းပါ"

တစ်ချိန်က ဓိတမှူးဖြစ်ခဲ့ဖူးသူ ကိုငယ်က တခြားချာတိတ်တွေနဲ့ မျက်နှာကျော မတည့်ပေမယ့် သူတို့ကိုတော့ ထူးထူးခြားခြား ခင်ရှာတယ်။

သူတို့အုပ်စုက ထစ်ကနဲရှိရင် လက်ပါလေ့ရှိပြီး၊ သွေးဆူလွယ်ပေမယ့် မဟုတ်တာတော့ လုပ်လေ့မရှိသလို၊ မတရားတာမျိုးတွေ့ရင်လည်း ရှောင်လွှဲမသွားတတ်ကြဘူး။

ရပ်ရေးရွာရေး စိတ်ဝင်စားလေ့ရှိပြီး သူတို့ လေးယောက်လုံး မိသားစုတာဝန်ကို ကိုယ်စီ ရှန်းကန်နေကြတာမို့ ကိုငယ်က ခင်မင်တာ ဖြစ်မှာပါ။

*"လူငယ်ဆိုတာ ရင့်သီးချင်သလောက်ရင့်သီး။ ဒါပေမယ့် ရိုးသားရမယ်။ ပိုက်ရိုင်းချင်လည်း ရိုင်း ဒါပေမယ့် မယုတ်မာရဘူး။ လူငယ်ဘဝဆိုတာ အလွန်ဆုံး ဆယ်နှစ်။ အဲ့ဒီ ဆယ်နှစ်ကို အဓိပ္ပာယ်ရှိအောင် အသုံးချကြစမ်းပါ"*

ဒါဟာ ကိုငယ် မကြာခဏ ကျူးရင့်လေ့ရှိတဲ့ စကားပါ။

အဲ့ဒီလို စကားစပြီးရင်တော့ ပုဂ္ဂိုလ်ကြီးက ငယ်ဘဝအကြောင်းတွေကို လွှမ်းလွှမ်းဆွေးဆွေးနဲ့ တဖွဲ့တနွဲ့ ပြောပါတော့တယ်။

လုပ်သင့်လုပ်ထိုက်တာ မလုပ်ဖြစ်ခဲ့ပုံတွေ။ သူရဲဘောကြောင်ပြီး သတ္တိနည်းခဲ့ပုံတွေနဲ့ လူမှုရေးကိစ္စတွေမှာ မပါဖြစ်ခဲ့ပုံတွေ အစရှိသဖြင့်ပေါ့လေ။

လူကြီးစကားဆိုတော့လည်း အောင့်အီးနားထောင်ရတာပါပဲ။ ကိုငယ့်ရဲ့စေတနာက သူတို့ရဲ့ လူငယ်ဘဝကို အလဟဿ ကုန်ဆုံးမသွားစေချင်တာပါ။

"ကိုမျိုးတို့ ပြန်လာပြီကွ၊ ဘယ်လိုလဲ ပေးလိုက်ပြီလား"

ကိုမျိုးက ခုံမှာ ဝင်ထိုင်ရင်း ရေနွေးတစ်ခွက် ငှဲ့သောက်တယ်။ ပုတ်သင်ညိုကတော့ စီးကရက်တစ်လိပ် လှမ်းယူပြီး 'လက်မခံလိုက်ဘူးကွ' လို့ သတင်းပေးတယ်။

"ဖလိမ်ငနဲဆီက အလှူခံလိုက်တာလို့ ပြောမပြလိုက်ဘူးလား"





"ပြောပြတာပေါ့။ ငနဲကြီး အံ့ဩပြီး ပါးစပ်ကြီး ဟသွားတာ မင်းတို့ကို မြင်စေချင်တယ်။ ဒါပေမယ့် ငွေတော့ မယူဘူးကွ၊ မင်းတို့ပဲ သုံးလိုက်ပါကွာ့တဲ့၊ သဘောကောင်းနေသေးတယ်၊ ဖိုးသားပြောသလို အကျောကြီးနဲ့ ဖဲ့လိုက်တာပါကွာ"

"ဒါဆိုလည်း ကိုမျိုးပဲ သိမ်းထားလိုက်ကွာ၊ ရန်ပုံငွေ ပိုတောင့်သွားတာပေါ့။ ငါက အခုလ ကလေးတွေကို မုန့်ဟင်းခါး ချက်ကျွေးမလို့"

"မုန့်ဟင်းခါး မလုပ်နဲ့ နေရောင် . . . အုန်းနို့ခေါက်ဆွဲချက်ကွာ၊ ငါ့အစ်မကို ရှယ်ချက်ခိုင်းပေးမယ်"

အုန်းနို့ခေါက်ဆွဲကြိုက်တဲ့ ပုတ်သင်ညိုက ဝမ်းသာအားရ ဝင်ပြောတယ်။

❄

သူတို့ ငွေကြေး အဆင်ပြေတိုင်း လမ်းထဲက ကလေးတွေကို စတုဒိသာ လုပ်ကျွေးလေ့ ရှိတယ်။

များသောအားဖြင့်ကတော့ ကောက်ညှင်းဆန်တွေ ဝယ်ပေါင်းပြီး ကျွေးတာပါ။ (လမ်းထဲက ကလေးတွေရဲ့ တစ်ဝက်ကျော်ကျော်ဟာ မိစုံဖစုံ မရှိသူတွေ ဖြစ်ပြီး၊ သုံးပုံတစ်ပုံကတော့ အဖေရော အမေပါ မရှိကြသူတွေပါ။)

ထွေးအိနေတဲ့ ကောက်ညှင်းပေါင်း ပူပူနွေးနွေးတွေကို လက်သီးဆုပ်လောက် အဆုပ်အဆုပ်တွေလုံးပြီး နှမ်းတောင်းများများ ဖြူးကပ်ပေးလိုက်တဲ့ ကောက်ညှင်းဆုပ်လုံးတွေကို ကလေးတွေက အငမ်းမရ သဘောကျတတ်ကြတယ်။

"ဦးနေရောင်ကြီး နောက် ဘယ်တော့ ကျွေးဦးမလဲဗျ"

"အာရကေ လန်းတဲ့အခါပေါ့ကွာ"

ငွေကြေးပြတ်လပ်နေတဲ့အချိန် ကလေးတွေကလည်း မကျွေးသေးဘူးလားလို့ ခဏခဏ မေးလာတဲ့အခါမျိုးတွေမှာ သူတို့အုပ်စု ရန်ပုံငွေ အရထွက်ရလေ့ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့်ကတော့ အရပ်ထဲ လာလုပ်စားတတ်တဲ့ ဖဲ သုံးချပ်သမားတွေဆီက အလှူခံတာမျိုးပါ။

မျက်မှန်းတန်းမိနေတဲ့ ဖဲသုံးချပ်သမားတွေက သူ မျက်နှာပြလိုက်ရင် လိုလိုချင်ချင် ထည့်ဝင် လှူဒါန်းလေ့ရှိကြတယ်။ မျက်နှာစိမ်းသူ တချို့နဲ့ မိုက်တိမိုက်ကန်း ငနဲတချို့ကိုတော့ နဂါးမှန်းသိအောင် အမောက်ထောင်ပြရပါတယ်။

အမောက်ထောင်ပြလို့မှ မရရင်တော့ မျက်စောင်းထိုးတန်ထိုး၊ အမြီးနဲ့ ရိုက်တန်ရိုက် လုပ်ရတော့တာပဲ။

ဒါပေမယ့် အဲဒါမျိုးက ဖြစ်တောင့်ဖြစ်ခဲ တစ်ခါတရံပါ။ အလှူငွေကောက်ခံရေးမှာ များသောအားဖြင့် သူမျက်နှာပြလိုက်ရင် ပွဲပြီးလေ့ရှိတယ်။

အမေကတော့ မကြာမကြာ ရန်ဖြစ်လေ့ရှိတဲ့ သူ့ကို မျက်စောင်းခဲတတ်ပါတယ်။ စိတ်လိုလက်ရ ရှိတဲ့အခါမျိုးတွေမှာတော့ 'မင်းဟာ မင်းအဖေလို စိတ်မျိုးပဲကွယ့်' ဆိုတဲ့ စကားနဲ့ အစချီပြီး ဆုံးမလေ့ရှိတယ်။

အဲဒီလို အဖေ့အကြောင်းများ စကားထဲ ထည့်ပြောလာပြီဆိုရင် သူဟာ မမှတ်မိတော့တဲ့ အဖေ့မျက်နှာကို မြင်ယောင်ပုံဖော်ရင်း ကြေကွဲရလေ့ရှိပါတယ်။

သူ့အဖေဟာ သူ့ကို မမွေးသေးခင်မှာပဲ ကျောက်တူးဖို့အတွက် ရတနာမြေကို ထွက်ခွာသွားခဲ့တာပါ။

ခြောက်လလောက်အကြာမှာ ပထမ တစ်ခေါက်ပြန်လာပြီး၊ နှစ်နှစ်ခွဲလောက်မှ ဒုတိယတစ်ခေါက် ပြန်လာတယ်။ အဲဒီလို ပြန်လာတိုင်း ဘာမှနားမလည်သေးတဲ့သူ့ကို ကျောက်ခဲလေး တစ်လုံးကြောင့် ကြွယ်ဝချမ်းသာသွားတတ်တဲ့ ရတနာမြေပုံပြင်တွေကို ပြောပြတတ်ပါသတဲ့။

နှစ်ခေါက်တိတိ ပြန်လာပြီး နောက်ပိုင်းမှာတော့ သူ့အဖေဟာ ဘယ်တော့မှ ပြန်ရောက်မလာတော့ပါဘူး။

လူတွေအတွက် ကျောက်မျက်ရတနာတွေ ထုတ်အန်ပေးလေ့ရှိတဲ့ မြေကြီးဟာ အခန့်မသင့်တဲ့အခါ ကျောက်မျက်လုပ်သားတွေကို စုပ်မြို ဆွဲခေါ်သွားတတ်ကြောင်း အမေက သူ့ကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

မုဆိုးမဆိုတဲ့ တံဆိပ်နှိပ်ခံထားရတဲ့ အမေဟာ ဘဝကို ဇာတ်ရုပ်အမျိုးမျိုး ပြောင်းလဲသရုပ်ဆောင်ရင်း သူ့ကို လူလားမြောက်စေခဲ့တာပါ။





သူတို့ သားအမိ ရွှေ့ပြောင်းနေထိုင်ခဲ့တဲ့ ရပ်ကွက်တိုင်းမှာ. . .

**မုဆိုးမသားဆိုပြီး အနှိမ်ခံရလေ့ရှိတဲ့သူဟာ တဖြည်းဖြည်း အရေပြား ဝင်းလာခဲ့သလို ဆပ်ဆပ်ထိ မခံတဲ့ ချာတိတ်တစ်ယောက်လည်း ဖြစ်လာခဲ့တယ်။**

နောက်ထပ် သူ့ကို ခပ်စွာစွာဖြစ်စေခဲ့တာ တစ်ခုက အမေ့အပေါ် လာရစ်ဝဲတတ်တဲ့ လင်းတငှက်တွေကြောင့်ပါ။ (အမေဟာ အခုအချိန်ထိ အရွယ်တင်ကာ ကြည့်ကောင်းနေဆဲမို့ စေတနာ ရေစီးကမ်းပြိုချင်သူတွေက ရှိနေပါ သေးတယ်။)

သူကတော့ အဲဒီလို ငနဲကြီးတွေကိုရော၊ သူ့ပခုံးပေါ် လက်လာတင်ချင်တဲ့ ရွယ်တူတွေကိုပါ ခပ်ကြမ်းကြမ်း တုန့်ပြန်လေ့ရှိတာမို့ 'နေရောင်ဝါ' ဆိုရင် ရှောင်ခိုးပင့်ချင်သူက ခပ်များများ ဖြစ်လာတယ်။

ဒါပေမယ့် အဲဒီအတွက် ကောင်းတဲ့ရလာဒ်တစ်ခုကတော့ နောက်ပိုင်း ဘယ်ရပ်ကွက် ပြောင်းပြောင်း 'နေရောင်ဝါတို့ သားအမိဟော့' ဆိုရင် ကျောချင်သူတွေ နောက်တွန့်သွားတဲ့ အချက်ပါ။

ဒုတိယနှစ်အောင်ပြီး ကျောင်းရက်ရှည်ပိတ်ခဲ့တဲ့ ကာလကစလို့ သူဟာ ပညာရေးကို ခဏမေ့ထားပြီး အမေနဲ့ သူ့ရဲ့ နှစ်ဝမ်းနှစ်ခါး ပြေလည်ရေးကိုသာ အဓိက ထားခဲ့တယ်။

ဘယ်အရပ်ရောက်ရောက် သူ့လို မိဘ မပြည့်စုံတဲ့ ရာလေးတွေကိုသာ ရွေးပေါင်းလေ့ရှိပြီး၊ ဖိုးသားတို့ ကိုမိုးတို့လို သူ့အပေါ် နားလည်သူတွေကိုတော့ ချွင်းချက်အဖြစ် လက်ခံခဲ့တယ်။ သူနဲ့ လောကကြီးရဲ့ ဆက်ဆံရေးဟာ ခပ်ကျဲကျဲ ဖြစ်လှပေမယ့် သူ့အပေါ် ထူးထူးခြားခြားခင်မင်သူတွေကလည်းရှိတတ်ပါသေးတယ်။

"ရှာလိုက်ရတာ နေရောင်ရာ. . နင်တို့က ဦးငယ်ဆိုင်မှာ လာငြိမ့်နေကြတာကိုး"

ဆိုင်ထဲဝင်လာတဲ့ စွာတာတာအသံကြောင့် ဖျတ်ကနဲ လှည့်ကြည့်တော့ မြလေးညို . . .

"ငါ ဒီနေ့ အိုဗာတိုင်ကြေး ထုတ်လာလို့ နင်တို့ကို ဗီဒီယိုပြမလို့ လိုက်ရှာနေတာ။ ကျော်ရဲအောင်ကားပြမှာတဲ့။ မိစိုးတို့ပြောတာတော့ အရမ်း ကောင်းတယ်ဆိုပဲ၊ သူတို့လည်း လာကြလိမ့်မယ်"

အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်တဲ့ မြလေးညိုက အိုဗာတိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ဆူးတို့ရတဲ့အခါ ရေလျှံလေ့ရှိတယ်။ ဖိုးသားတို့အုပ်စုက ကျော်ရဲအောင် ဆိုတဲ့အသံကြောင်း ခေါင်းထောင်လာပေမယ့် သူကတော့ ခေါင်းပဲ ခါလိုက်တယ်။

"နင်တလည်းဟာ . . . တစ်ခါတလေ လိုက်ကြည့်စမ်းပါဆို၊ ဟဲ့ ဒါနဲ့ နင့်လက်တ ဘာဖြစ်တာလဲ ဟေ"

"ချော်လဲတာပါ၊ ငါ ဒီနေ့တော့ စောစောပြန်မယ်ဟာ၊ အမေလည်း သိပ်နေမကောင်းဘူး".

"ဟဲ့ နေမကောင်းဘူးဆိုလို့ နင် ခန့်စည်သူအကြောင်း သိပြီးပြီလား"

မြလေးညိုက စက်ချုပ်သမားအပြင် အရပ်ထဲက ကြော်ငြာအချပ်ဝေသူလည်း ဖြစ်တယ်။ သူမ ပြောတဲ့ ခန့်စည်သူဆိုတာ မင်းသားနဲ့ နာမည်တူသော်လည်း ရုပ်ရှင်မင်းသားလောက် မသားနားလှတဲ့ ဆိုက်ကားဆရာပါ။

"စည်သူ ! ဘာဖြစ်လို့လဲ"

"ညနေကပဲ သူ့ဆိုက်ကားနဲ့ ကားတစ်စီး တိုက်မိပြီး ဆေးရုံ ရောက်နေတယ်လေ".

မြလေးညိုစကားကြောင့် သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ကိုမျိုးကို သတင်းသွားမေးရအောင်လို့ စပြောတယ်။

"အိမ်ပြန် ရေချိုး ထမင်းစားပြီး သွားကြမယ်လေ။ ငွေလေးကြေးလေး လည်း ထောက်ပံ့လိုက်ကြတာပေါ့"

"မနက်မှ သတင်းမေးသွားကြရင် မကောင်းဘူးလား နေရောင်"

မြလေးညိုနဲ့ ကျော်ရဲအောင်ဆီ သွားချင်တဲ့ ပုတ်သင်ညိုက စောဒက တက်တယ်။

"မကောင်းဘူး။ မနက်ကျ အမေ့ဆိုင်အတွက် ငါ သီရိမင်္ဂလာဈေး သွားပေးရဦးမှာ။ ကဲ ငါပြန်နှင့်မယ်ကွာ၊ ခုနစ်နာရီလောက် ဒီမှာပဲ ပြန်ဆုံကြမယ်။ မြလေး. . . ငါပြန်ပြီ"

"ဟဲ့. . . ငါလည်း လိုက်ခဲ့မယ်လေ"

"ကိုမျိုးတို့နဲ့မှ ပြန်တော့ဟာ၊ သွားနှင့်ပြီ".

သူ ထထွက်လာတော့ မြလေးညိုဆီက ဗြစ်တောက်တောက် ရေရွတ်သံကို ကြားလိုက်ရတယ်။



## ဘောင်းစေသော် (၁၉၈၀)

ကလပ်ခန်းမတစ်ခုလုံး ဂီတသံတွေနဲ့ ဆူညံနေတယ်။

မြူးကြွတဲ့ တက္ကနိုဂီတနဲ့ ဒစ္စကိုလိုက် မီးရောင်တွေကြား ကောင်းစေသော် ရောက်နေခဲ့တာ ရုပ်ရှင်တစ်ပွဲစာ နီးပါးရှိနေခဲ့ပြီ။

အမူးအမော်ပြေဖြီး လူကို လန်းစေတယ်ဆိုတဲ့ ရှန်ပိန်ခွက်တွေကလည်း သူ့ရဲ့ ငြီးစီစီ ဖြစ်နေမှုကို ဖြေဖျောက်မပေးနိုင်ကြဘူး။ ခုနစ်နာရီနီးပါးဆိုတဲ့ အချိန်ဟာ ဒီနေ့အတွက်တော့ လုံလောက်ပါပြီလေ။ ကောင်းစေသော် ပြန်ချင်ပြီ။ ဒါပေမယ့် ခက်နေတာက သူ့ရှေ့က ချာတိတ်မပါ။

"နေပါဦး ကောင်းစေသော်ရယ်။ တစ်ပုဒ်လောက် ကချင်သေးတယ်"

"ဒီတစ်ပုဒ်ပြီးရင်တော့ ပြန်မယ်ကွာ၊ ကိုယ့်မှာ အလုပ်ရှိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



“အင်းပါ. . . တစ်ပုဒ်ထဲ ကမယ်၊ လာ. . . ထ”

ပန်းနုရောင် ကျေနပ်ဖို့ အကျကြမ်းပြင် လူအုပ်ထဲမှာ ခဏတဖြုတ် စီးမြော လိုက်ရတယ်။

သီချင်းဆုံးတော့ ပန်းနုရောင်ကိုယ်လုံးလေးကို ဆွဲယူပြီး ကလပ်အပြင်ကို ခေါ်ထုတ်လာခဲ့တယ်။ ကားပေါ် ရောက်တော့ ပန်းနုရောင်က မပြန်ချင်သေးဘူး လုပ်နေလို့ အရေးတကြီး ချိန်းဆိုထားတာရှိလို့ပါလို့ တောင်းပန်လိုက်ရတယ်။

ပုံမှန်အားဖြင့်ဆိုရင်တော့ မိန်းကလေးတစ်ယောက်ကို တစ်လ ကိုးသီတင်း ထက် ပိုကြာအောင် ဘယ်တုန်းကမှ သူ တွဲလေ့မရှိခဲ့ဘူး။ ဒါပေမယ့် ပန်းနုရောင် ကတော့ ချွင်းချက်ဖြစ်တယ်။ သူ လိုချင်နေတဲ့ ကန်ထရိုက် လုပ်ငန်းတစ်ခုဟာ ပန်းနုရောင်အဖေရဲ့ ခေါင်းညိတ် ခေါင်းခါမှုနဲ့ အများကြီး သက်ဆိုင်နေလို့ပါ။

ကားထွက်တော့ ပန်းနုရောင် စကားစတယ်။

“ယူ တို့ကို အပျော်တွဲတာ မဟုတ်လားဟင်”

“ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ ပန်းနုရောင်”

ပန်းနု ဟက်ကနဲ တစ်ချက်ရယ်တယ်။

“ထင်စရာလိုလို့လား ကောင်းစေသော်ရယ်။ ယူ့ရဲ့ မွှေးရနံ့က မိန်းက လေးတွေကြားမှာ သင်းပျံ့နေပြီးသားပဲ။ ယူဟာ ဘယ်လို လူစားလည်းဆိုတာ အားလုံးက သိနေကြတဲ့ဥစ္စာ”

“ဒါပေမယ့်. . . ဘယ်မိန်းကလေးအပေါ် မှ ကိုယ်လိုတာထက် ပိုပြီး အခွင့်အရေး မယူခဲ့ဘူးလေ”

“ယုံပါတယ်. . . ယုံလို့လည်း ယူ့ကို ခင်ကြတာပေါ့။ ဘာပဲဖြစ်ဖြစ် ယူနဲ့ တွဲပြီး သွားလာခွင့်ရတဲ့အတွက် ပန်းနု ပျော်ပါတယ်”

***ပန်းနုတို့လို ကောင်မလေးတွေနဲ့ မိန်းကလေးစိတ်ဆွေဖွဲ့ပြီး လျှောက်လည်ရ တဲ့အတွက် စိတ်ချမ်းသာစရာကောင်းတာကတော့ ပွင့်လင်းမှုနဲ့ နှောင်ကြိုးမဲ့တတ်မှုပါ။ သူက နှောင်ဖွဲ့မှု မှန်သမျှကို မုန်းလေ့ရှိတာမဟုတ်လား။***

မိန်းကလေးတွေနဲ့ ပတ်သက်တဲ့ သူ့သဘောထားကို သူမ သိပြီးဖြစ်တာ မို့ သူ အထူးတလည် ဟန်ဆောင်နေစရာ မလိုတော့ဘူး။ ကားဂိယာချိန်းရင်း သူ မေးလိုက်တယ်။





“ဒါနဲ့ ကန်ထရိုက်ကိစ္စအကြောင်း မင်း ဒယ်ဒီကို မေးကြည့်သေးလား”

“မေးကြည့်တယ်. . . ဒက်ဒီက အိုကေမှာပါတဲ့”

သူ ရှိကနဲ လေတစ်ချက်ချွန်လိုက်ပြီး ကျေနပ်ပျော်ရွှင်သွားတယ်။ ပန်းနု အဖေရဲ့ အကျိုးဆက်အဖြစ် သိန်းပေါင်းများစွာသော အမြတ်ငွေတွေဟာ သူ့ အဖေရဲ့ ကုမ္ပဏီစာရင်းထဲကို ဝင်လာမှာပါ။ သူ ကြည့်နေရင်းမှာပဲ ပန်းနုရောင် ဟာ ပိုလှလာတယ်လို့ စိတ်ထဲက ထင်လာမိပါသေးတယ်။ ကားမောင်းနေရင်းက သူ ပန်းနုရောင်ကို လှမ်းပြောလိုက်တယ်။

“ပန်းနု”

“ရှင်”

“ဒီဖက် ခဏလှည့်”

❄

ပန်းနုကို အိမ်ပြန်ပို့ပြီး ကားမောင်းထွက်လာချိန်မှာ ခါးကြားက လက် ကိုင်ဖုန်းသံ ထွက်ပေါ်လာတယ်။ နံပါတ်ကြည့်လိုက်တော့ ဒေဝီခင်။

“ပြော . . . ဒေဝီ”

“ဟော့ . . ကောင်းစေသော်၊ ယူ အခု အားလား”

“အသေအချာကို အားတာပေါ့”

“တို့ခြံထဲမှာ (ဂါဒင်ပါတီ) လုပ်နေကြတယ်။ ဘာဘီကျူနဲ့ ကော့တေးလ် ယူလာမှာလားဟင်”

“အသေအချာကို လာမှာပေါ့”

“အိုးယူ. . . ”

ဒေဝီခင် ဖုန်းချသွားပြီး ဆယ်မိနစ်ကြာအောင် သူ ကားဆက် မောင်းနေ သေးတယ်။ ပြီးမှ သူမဆီ ဖုန်းပြန်ဆက်လိုက်တယ်။

“အခု ကိုယ်ထွက်လာပြီဒေဝီ။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက ကိုယ့်ဘိုးတော်က လေဆိပ်မှာ နိုင်ငံခြားသားတွေ သွားကြိုပေးဖို့ ဖုန်းဆက်တယ် လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော့ . . . ဒါဆို ယူ . . . မလာနိုင်တော့ဘူးပေါ့"

"ကိုယ် စိတ်မကောင်းပါဘူး ဒေဝီ"

"ရပါတယ်လေ. . တို့က ယူ့ကို (ဆာပရိုက်) လုပ်ချင်လို့ လှမ်းခေါ်တာ။ တကယ်က ဘာ(ဂဲသားရင်းပါတီ)မှ မဟုတ်ဘူး။ ဒီနေ့ တို့မွေးနေ့။ အဲဒါကြောင့်"

"ဟာ အဲဒါကို စောစောက ပြောရောပေါ့ ဒေဝီရယ်၊ မင်းမွေးနေ့ဆို ကိုယ် မဖြစ်ဖြစ်အောင် လာမှာပေါ့"

"ကိစ္စမရှိပါဘူး ကောင်းစေသော်ရယ်၊ ယူ အားတော့မှသာ တစ်ရက်လောက် တို့ကို အစားပြန်ပေး ဟုတ်ပြီလား"

"အိုကေ . . . ကိုယ် အလုပ်တွေလုံကျင်းပြီးတာနဲ့ မင်းဆီ ဖုန်းဆက်လိုက်မယ်"

ဒေဝီခင်နဲ့ ဖုန်းပြောပြီးချိန်မှာတော့ သူ့ကားက ဆေးရုံနဲ့ မလှမ်းမကမ်းကို ရောက်လာခဲ့တယ်။

နေရာလွတ်တစ်နေရာမှာ သူ့ကား ကို ဝင်ရပ်ရင်း လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ဘန်ကောက်မြို့ ဆေးရုံတစ်ရုံမှာ ကွယ်လွန်သွားရတဲ့ သူ့မေမေကို ဖျတ်ကနဲ သတိရလိုက်မိတယ်။

❄

မေမေဟာ အရွယ်ကောင်းတုန်းမှာပဲ ကင်ဆာဆိုတဲ့ ဆိုးဝါးလှတဲ့ဝေဒနာတစ်ခုနဲ့ လောကကြီးထဲက ထွက်ခွာသွားခဲ့ရတာပါ။

သူ့အဖေဟာ ရှိစုမဲ့စု စည်းစိမ်ဥစ္စာတွေကို ပုံအောခဲ့ပေမယ့်လည်း သေခြင်းတရားကို ရှောင်လွှဲနိုင်လောက်အောင် ကံမကောင်းခဲ့ဘူး။

မေမေဆုံးတော့ သူဟာ လူပျိုပေါက်သာသာ အထက်တန်းကျောင်းသားအရွယ်ပါ။ မေမေ့ကိုပဲ သူငယ်ချင်းပေါင်းပေါင်းပြီး မေမေ ခင်းပေးတဲ့လမ်းကိုသာ လျှောက်လာခဲ့တဲ့သူ့အတွက် မေမေ မရှိတော့တဲ့အခါ လောကကြီးမှာ စိတ်ဝင်တစား ဆွဲဆောင်နိုင်တဲ့အရာ အတော့်ကို ရှားပါးသွားခဲ့တယ်။





စိတ်လေလွင့်မှုတွေကို ကုစားဖို့ နည်းလမ်းရှာရင်း သူ့စိတ်ဝင်တစား ခဲ့ရှိခဲ့တဲ့ အရာကတော့ စီးပွားရေးပဲ။ ဆယ်တန်းအောင်တော့ ဖေဖေ့အလုပ် တွေမှာ ဝင်လုပ်ရင်း စီးပွားရေးလုပ်ငန်းရဲ့ ရင်ခုန်ဖွယ် ဆွဲဆောင်မှုတွေကို ဘယာလာခဲ့တယ်။ တက္ကသိုလ်တစ်ဖက်တက်ရင်းနဲ့ပဲ ခြောက်တီးခြောက်ချက် ဖေဖေ့ရဲ့ သွင်းကုန်ထုတ်ကုန်လုပ်ငန်းမှာ အချိန်ပြည့် အကြံပေးဖြစ်လာခဲ့တယ်။

ဘယ်တုန်းကမှ သူ့အပေါ် နေရာပေးလေ့မရှိတဲ့ ဖေဖေဟာ ကွက်ကျော် မြင်သလောက် အမြဲမှန်ကန်လေ့ရှိတဲ့ သူ့အကြံဉာဏ်တွေကြောင့် အရေးတယူ နေရာပေးလာခဲ့ရတယ်။

အခု ကျောင်းပြီးချိန်မှာတော့ သူဟာ ထုတ်ကုန်လုပ်ငန်းကြီးရဲ့ အထွေထွေ မန်နေဂျာ ဖြစ်လာခဲ့ပါပြီ။

သူတစ်ခုခု ဆုံးဖြတ်ပြီးတိုင်း မင်း ကောင်းမယ်ထင်ရင် လုပ်ကြည့်လေ ဆို့ သူ့အဖေက လမ်းဖွင့်ပေးလာခဲ့ရတယ်။ သူ့ရဲ့ အဓိက အားနည်းချက်ကတော့ အလုပ်ကိစ္စကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတတ်တာပါ။

ကောင်မလေးတွေနဲ့ လျှောက်လည်ဖို့တောင် အလုပ်ကိစ္စဆိုတဲ့ ခေါင်းစဉ် အောက်မှာ မဟုတ်ရင် သူ ငြင်းပယ်လေ့ရှိတယ်။

များသောအားဖြင့် သူ တွဲသွားတွဲလာ လုပ်ခဲ့တဲ့ မိန်းကလေးတိုင်းဟာ စီးပွားရေး နယ်ပယ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်လေ့ရှိသူချည်း ဖြစ်တယ်။ ဒါကြောင့် သူ့ကို စိတ်ဝင်စားတဲ့ မိန်းကလေးတချို့က . . .

'ကောင်းစေသော်ကုမ္ပဏီမှာ အလုပ်ဝင်ချင်ဝင်၊ ဒါမှမဟုတ် သူနဲ့ လုပ်ငန်းချင်း ပတ်သက်အောင် ကြိုးစား' လို့ ပြောစမှတ်ပြုလာရတယ်။

"ဘယ်အထပ်လဲ ဆရာ"

ဓာတ်လှေကားရှေ့ရောက်တော့ ဓာတ်လှေကားမောင်းသူက ရိုသေကျိုးနွံစွာ လှမ်းမေးတယ်။ ကိုယ့်အလုပ်အပေါ် စိတ်ဝင်တစား ရှိသူတိုင်းကို သဘောကျလေ့ရှိတာမို့ ဓာတ်လှေကားမောင်းသူကို မုန့်ဖိုး မြိုးမြိုးမြက်မြက် ပေးရင်း 'ဒုတိယထပ်' လို့ သူ ပြောလိုက်တယ်။

ဒုတိယထပ်ရဲ့ သီးသန့် လူနာခန်းထဲ ရောက်သွားတော့ လူနာနဲ့ လူနာ ရှင် ဇနီးသည် အမျိုးသမီးက ပျူပျူငှာငှာ ကြိုဆိုတယ်။ ဘေးနားမှာ လူသူငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိတာကို သတိထားမိပေမယ့် သူကတော့ လူနာဖြစ်တဲ့ ဆိုက်ကား ဆရာကိုပဲ ဦးတည်မေးလိုက်တယ်။

"အခြေအနေ ဘယ်လိုလဲ ကိုခန့်စည်သူ"

ခြေထောက်တစ်ချောင်းလုံး ကျောက်ပတ်တီး ကိုင်ထားရတဲ့ ဆိုက်ကား ဆရာက ခပ်ယဲ့ယဲ့ပြုံးပြရင်း . . .

"အနာတော့ သက်သာပါတယ်။ ဓာတ်မှန်အဖြေနဲ့ ခြေထောက်ရဲ့ အခြေအနေကိုတော့ မနက် အရိုးအထူးကု ဆရာဝန်ကြီးလာမှ အသေးစိတ်သိရမယ်လို့ ပြောတယ်"

"ဟုတ်လား . . . တခြားကော ဘာလိုသေးလဲ"

"လိုတာကတော့ မနက် ဆရာဝန်ကြီးတွေ လာကြည့်တဲ့အခါ ခင်ဗျား လည်း ရှိစေချင်တယ်ဗျာ"

သူ့ကားနဲ့တိုက်မိတဲ့ ဆိုက်ကားဆရာက အဖြေပေးတာ မဟုတ်ဘဲ ဘေး နားရပ်နေသူတစ်ယောက်က ဝင်ဖြေတာပါ။ တီရှပ်အဖြူနွမ်းနွမ်း၊ အရောင် မပေါ်တော့တဲ့ အပေါ်စားဂျင်းဘောင်းဘီနဲ့ အသားညိုညို မေးရိုးကားကား သူနဲ့ သက်တူရွယ်တူ လူငယ်တစ်ယောက်က သူ့ကို လှမ်းကြည့်ရင်း ပြောလာတာပါ။

စူးရှတဲ့ မျက်လုံး၊ ခပ်တင်းတင်း စေ့ထားတဲ့ နှုတ်ခမ်းနဲ့ ယောကျ်ားပီသ ပုံရတဲ့ အဲဒီလူရွယ်ကို သူ ပြန်မေးလိုက်တယ်။

"ဘာအတွက်လဲဗျ"

"သူ့ခြေထောက်ကောင်းနိုင် မကောင်းနိုင်၊ ကောင်းမယ်ဆိုရင်လည်း ဘယ်လောက်ကြာအောင် ကုရမလဲ။ အဲဒါတွေကို ခင်ဗျားလည်း သိသင့်တာ ပေါ့။ အခုကိစ္စမှာ ခင်ဗျားလည်း သက်ဆိုင်သူပဲလေ"

အသံညြညြနဲ့ တစ်လုံးချင်း ပြောနေတဲ့ စကားသံတွေရဲ့ နောက်ကွယ်မှာ ခြိမ်းခြောက်အကြပ်ကိုင်တဲ့ အရိပ်အယောင်တွေ မပါဘဲ ရိုးရိုးတန်းတန်း တောင်း ဆိုတာမျိုးပါ။ ဒါပေမယ့် သူ ခေါင်းယမ်းလိုက်တယ်။

"မနက်ဖြန် ကျွန်တော် မအားဘူးဗျ"

ခပ်စူးစူး မျက်လုံးတွေထဲမှာ အရိပ်အရောင်တချို့ လှစ်ကနဲ ဖြတ်သန်း သွားတာကို သတိပြုလိုက်မိတယ်။

• ဉာဏ်ဝင်းစာပေ •



"ခုတောင် အချိန်အားတုန်း ညကြီးမိုးချုပ် ပြေးလာရတာပါ။ ပြီးတော့ လူနာအတွက် လိုအပ်တာမှန်သမျှ ကျွန်တော် အကုန်ဖြည့်ဆည်းထားပေး ပါတယ်။ မနက်တော့ ကျွန်တော် လာနိုင်မယ် မထင်ဘူး"

ခပ်အေးအေး ပြန်ပြောလိုက်ပေမယ့် တစ်ဖက်လူရဲ့ မေးကြောတွေ တင်းကနဲ ဖြစ်သွားကြပြီး လေသံကပါ မာကျောလာတယ်။

"ဒါ . . . လူမှုရေးဗျ၊ ခင်ဗျား မလာလို့ ဖြစ်မလား။ သူ့ရဲ့ အသက် မွေးမှုဟာ သူ့ခြေထောက်အပေါ်မှာ လုံးလုံး မူတည်နေတယ်။ သူ့ခြေထောက် ဒီတစ်သက် ပြန်မကောင်းနိုင်တော့ဘူးဆိုရင် ခင်ဗျား သူ့ကို တစ်သက်လုံး တင်ကျွေးထားမလား ပြော"

"ကျွန်တော် လာတော့ရော သူ့ခြေထောက်ရဲ့အဖြေက ပြောင်းသွားမှာမှ မဟုတ်တာဗျာ၊ ပြီးတော့ ကျွန်တော့်မှာလည်း တခြား လူမှုရေးကိစ္စတွေ ရှိပါ သေးတယ်"

သူ့စကားအဆုံး တစ်ဖက်လူက ဝုန်းကနဲ ထရပ်လာတာမို့ ဘေးက သူငယ်ချင်းတွေက 'နေရောင်ဝါ' လို့ အော်ဟစ် ဟန့်တားရင်း ဝိုင်းဆွဲလိုက်ကြ တယ်။ ကြည့်ရတာဖြင့် စိတ်လိုက်မာန်ပါ ဆုံးဖြတ် လုပ်ကိုင်တတ်တဲ့လူမျိုး ထင်ပါရဲ့။

သွေးဆူလွယ်တဲ့ လူမျိုးကို သူ သဘောကျလေ့မရှိတာမို့ ခပ်တည် တည်ပဲ တုန့်ပြန်လိုက်တယ်။

*"ကျွန်တော်ရှိလို့ သူ့ခြေထောက် အခြေအနေ ပြောင်းမယ်ဆိုရင် မနက် မဟုတ်ဘူး အခုညကတည်းက ဒီမှာ စောင့်အိပ်ပါတယ်။* ဒါပေမယ့် ကျွန်တော် ရှိခြင်း မရှိခြင်းဟာ သူ့ခြေထောက်ပြန်ကောင်းခြင်း မကောင်းခြင်းနဲ့ ဘာမှမသက်ဆိုင်ဘူးလေ။ ပြီးတော့ လိုအပ်တာတွေ ကျွန်တော် အားလုံး လုပ်ပေးထားတာပဲ။ နစ်နာကြေး တင် ဆိုက်ကားတစ်စီးစာလောက် ပေးထားတာပါ"

*"ဟေ့လူ ငွေစကား မပြောနဲ့၊ အခု ကျုပ်ပြောနေတာ ငွေကိစ္စ မဟုတ်ဘူး။ လူမှုရေး စာနာထောက်ထားမှုအတွက် ပြောနေတာ။* ငွေ အမိကဆို အခုခင်ဗျားစီးလာတဲ့ ကား တစ်စီးစာ အလျော်ပေးပြီး ခင်ဗျား ခြေထောက်ကို တစ်သက်လုံး သုံးမရအောင် ရိုက်ချိုးမယ်ဆို ခင်ဗျား လက်ခံမလား၊ ပြောစမ်း . . ."

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com

"နေရောင် ခဏကွာ"

လူနာတာ ဝင်တန့်ပေမယ့် နေရောင်ဝါဆိုတဲ့ လူက ဒေါသတကြီး ဖြစ်နေလေရဲ့။ ဒီလူ ဘာဖြစ်လို့ ဒီလောက် ဒေါသဆူလွယ်တာလဲ သူ စဉ်းစားလို့ မရဘူး။

ငွေစတား ပြောလိုက်လို့ ငွေဆိုရင် ဓာတ်ကောင်ထက် ရှုံရှာတယ်ဆိုတဲ့ ဝထ္ထုညွှန်းမဲ့ မာနကြောင့်များလား။ ဘာပဲဖြစ်ဖြစ် စကားဝိုင်းကို အဆုံးသတ်ဖို့ စဉ်းစားရင်း သက်ပြင်းတစ်ချက် ရှိုက်သွင်းလိုက်တယ်။

"ကဲ. . . ကိုခန့်စည်သူနဲ့ မနှင်းအေး မနက်ကျ ကျွန်တော် လာနိုင်အောင် ကြိုးစားပါ့မယ်၊ မလာနိုင်ရင်တော့ ကျွန်တော့် ရှေ့နေကိုပဲ လွှတ်လိုက်မယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူ လှည့်ထွက်ခါနီးမှ အရေပြား ပါးလွန်းတဲ့ နေရောင်ဝါဆိုသူကို လှမ်းကြည့်ရင်း. . . .

"နေရောင်ဝါတို့လည်း ကျွန်တော့်ကို ခွင့်ပြုပါဦး။ နောက်မှ ဆုံကြတာပေါ့"

အခန်းဝရောက်တော့ နောက်ဘက်က တက်ခေါက်သံ သဲ့သဲ့ကို ကြားလိုက်ရတယ်။

သူ သဘောကျစွာ ပြုံးရင်း ဆက်ထွက်လာခဲ့တယ်။ အိမ်ရောက်ရင် ရှေ့နေဆီ ဖုန်းဆက်ပြီး မနက် ဆေးရုံ သွားခိုင်းဖို့ အလုပ်တစ်ခု လိုလာတာကို ခေါင်းထဲမှာ တေးမှတ်ထားလိုက်ရင်း . . .

***"လောကမှာ ပဖြစ်ညစ်ကျယ် ဟန့်ရှိတဲ့ လူတွေကို ဆက်ဆံရတာ အခက်ဆုံးပဲ"*** ဆိုတဲ့ ဆမေ့စကားကို ဖျတ်ကနဲ ကြားယောင်လိုက်မိတယ်။

နေရောင်ဝါဟာ အဲ့လို လူစားမျိုး ထင်ပါရဲ့။

*"လောကမှာ ပဖြစ်ညစ်ကျယ် ဟန့်ရှိတဲ့ လူတွေကို ဆက်ဆံရတာ အခက်ဆုံးပဲ"*



## ချိုလွင်သာယာ (၁၉၈၄)

ချိုလွင်သာယာ အိပ်ရာကနိုးတော့ နေတောင် အတော်မြင့်နေပါပြီ။

ညည အင်တာနက်ထဲဝင်ပြီး (ဂျီးတော့လ်စ်) ပြောလိုက်၊ နက်ဂိမ်းဆော့လိုက် လုပ်ရတဲ့ အကျိုးဆက်ကတော့ မနက်စောစော မနိုးတာဘဲ။

သူငယ်ချင်းတွေက သိပ်လှတယ်လို့ ချီးမွမ်းလေ့ရှိတဲ့ သူမရဲ့ မျက်ဝန်းညိုညိုတွေ ဖျတ်ကနဲ ပွင့်အာပြီး သွယ်လျတဲ့ ကိုယ်လုံးလေး လူးလွန့်လာချိန်မှာပဲ အခန်းထဲမှာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်ပြီး သူမ နိုးမယ့်အချိန်ကို သိုးမွေးထိုးရင်း စောင့်ဆိုင်းနေလေ့ရှိတဲ့ သူမ အထိန်းတော် ကြီးကြီးမြက . . .

"သာယာလေး . . . နိုးပြီလား"

လို့ လှမ်းမေးတယ်။ ပြီးတော့ အသင့်ပြင်ဆင်ထားတဲ့ မနက်စာဘရိတ်ဖတ် စားပွဲပုလေးကို ကုတင်ထက်က သူမ ရင်ဘတ်ပေါ် ယူလာပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းမှာ နှစ်အကြာကြီး ပညာသင်ခဲ့ဖူးတဲ့ ဖေဖေက မနက်စာကို အိပ်ရာပေါ် ယူစားလေ့ရှိရာက သူမတို့ပါ အကျင့်ပါသွားတာပါ။

မျက်နှာမသစ်ဘဲ မနက်စာ စားလေ့ရှိတဲ့ အင်္ဂလိပ်အထက်တန်း စား အကျင့်စရိုက်ဟာ ဖေဖေကတဆင့် သူမဆီ ကူးစက်လာခဲ့တယ်လို့ ပြောရမယ်။

ပေါင်မုန့်မီးကင်ကို ဝက်ပေါင်ခြောက်ညှပ်စားရင်း ကြီးကြီးမြရဲ့ မနက်ခင်း ဩဝါဒကိုလည်း နားစွင့်ရပါသေးတယ်။

***"ဒီနေ့ အင်္ဂါနော် . . သာယာ ဆံပင်ပြင်ရမယ့်နေ့၊ ကြီးမြ ဗျူတီပါလာကို ဖုန်းဆက်ထားတယ်။ ဆယ်နာရီလောက် ဆံပင်ပြင်ဖို့ လွှတ်လိုက်မယ်တဲ့၊ ပြင်သစ်စာပြမယ့် ဆရာမ မျောင်လေးက ပုံမှန်အတိုင်း ဆယ့်နှစ်နာရီ လာလိမ့်မယ်၊ ညနေ ဘော်ဒီဂျူတီး သွားစားရင်း သူဝင်ခေါ်ဖို့ ကေသရီက ဖုန်းဆက်ထားတယ်။ ပြီးတော့ ဘာရှိသေးလဲ"***

သူ့ဘာသာ ပြန်မေးရင်း စဉ်းစားသလို လုပ်နေတဲ့ ကြီးကြီးမြကို သာယာ လှမ်းနောက်လိုက်တယ်။

"အစည်းအဝေးတက်ဖို့တွေ ဘာတွေကော ရှိသေးသလား ကြီးကြီးမြ"

"အောင်မယ်လေး မပူပါနဲ့နော်. . . ရှေ့နှစ်ကျရင် တက်ရတော့မှာပါ။ ယာလေးဖေဖေက ရှေ့နှစ် သူ့အလုပ်မှာ ဝင်ကူတော့လို့ ပြောနေပြီ မဟုတ်လား။ တကတည်း သူလုပ်တာနဲ့ ပြောလက်စ စကားတွေတောင် မေ့ကုန်ပါပြီ။ ဪ. . နေဦး ယာလေးရဲ့ကားကို ဒီနေ့ အင်ဂျင်ဝိုင် လဲရမယ်တဲ့။ မောင်စိုးတို့ ယူပြီး သွားလဲလေရဲ့။ အပြန် ပေါ်လစ်ပါ တင်လာခဲ့မယ်လို့ ပြောတယ်"

တစ်နေ့တာ လှုပ်ရှားရမယ့် အစီအစဉ်တွေထဲမှာ ရင်ခုန်စိတ်လှုပ်ရှားစရာ တစ်ခုမှ မပါနိုင်တာ သိပ်ကို သေချာပါတယ်လေ။ တစ်ရက် တစ်ရက် သံပတ်ပေးထားတဲ့ အရုပ်ကလေးတစ်ရုပ်လို လှလှပပ ရွေ့လျားရင်းနဲ့ပဲ အချိန်ကုန်နေရတာပါ။

စက်ာပူမှာ ကျောင်းသွားတက်ခဲ့ရတဲ့ နှစ်နှစ်တာ ကာလကလွဲလို့ သူမရဲ့ ဘဝမှာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် လုပ်ကိုင်ရတာ သိပ်ကို နည်းလွန်းလှပါတယ်။

တစ်နေ့တစ်နေ့ သူငယ်ချင်းတွေနဲ့ ဖုန်းပြောလိုက်၊ စက်ာပူတုန်းက မိတ်ဆွေတွေဆီ အီးမေးလ် ပို့လိုက်နဲ့ အပျင်းဖြေနေရတာပါ။ (ယူကေ) မှာ





ကျောင်းသွားတက်ခွင့်ရမယ်ဆိုရင်တော့ အတော့်ကို ပျော်စရာ ကောင်းဝါလိမ့်မယ်။

ဒါပေမယ့် ဖေဖေက ခုချိန်ထိ အင်းမလုပ် အဲမလုပ်မို့ သူမ စိတ်ပျက်စတောင် ပြုလာပါတယ်။ ဖေဖေရော မေမေပါ သူမ အပေါ် ကလေးလေးလို မြင်နေတုန်း ထင်ပါရဲ့။

တိုးညှင်းသာယာတဲ့ တယ်လီဖုန်း ခေါ်င်းလောင်းသံဟာ သူမရဲ့ အတွေးတွေကို ရပ်တန့်ပစ်လိုက်ကြတယ်။

ဖုန်းသံဟာ ဆင်စွယ်ရောင် တယ်လီဖုန်းလေးက ထွက်ပေါ်နေတာမို့ အိမ်တွင်းတစ်နေရာက လှမ်းခေါ်နေတာပါ။ ကြီးကြီးမြက ဖုန်းပြေးကိုင်ပြီး ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ ရိုရိုသေသေ ဖြေနေလို့ ဖုန်းဆက်သူဟာ ဖေဖေပဲလို့ သူမ သဘောပေါက်လိုက်တယ်။ ဖုန်းပြောပြီးချိန်မှာ ကြီးကြီးမြက မနက်စာကို ကော်ဖီနဲ့ လက်စသတ်နေတဲ့ သူမဖက် လှည့်ပြောတယ်။

"ညနေ ဘော်ဒီဂျူတီး သွားမကစားနဲ့တော့ ယာလေး"

"ဘာဖြစ်လို့လဲ ကြီးမြ"

"ယာလေး ဖေဖေက ညစာစားပွဲတစ်ခု လိုက်ခဲ့ရမယ်တဲ့။ အမိန့်ချတယ်။ ကြည့်ရတာ ယာလေး မဆုံဘူးသေးတဲ့ လူတွေနဲ့ တွေ့ရလိမ့်မယ် ထင်တယ်။ သာယာလေးကို ကောင်းကောင်းမွန်မွန် လှလှပပ ဝတ်စားလာဖို့ ပြောလိုက်ပါတဲ့"

မတွေ့ဘူးသေးတဲ့ လူစိမ်းတွေဆိုရင်တော့ တွေ့ဆုံဖို့ သူမ စိတ်ဝင်စားတယ်။

သူမအတွက် လိုအပ်တာက အပြောင်းအလဲနဲ့ အသစ်အဆန်း မဟုတ်လား။ မြင်နေကျ မျက်နှာနဲ့ ကြားနေကျ စကားသံ မဟုတ်တာ မှန်သမျှ သူမ စိတ်ဝင်စားလေ့ရှိတယ်။ နေ့လည်မိုင်း ပြင်သစ်စာသင်ပြီးချိန် ကေသရီတို့ ဖစ်နက်စင်တာ မသွားဖြစ်ကြောင်း ဖုန်းဆက်ရင်း အဲ့ဒီအကြောင်း ပြောဖြစ်တော့ . . .

"နင့်ကို သတို့သားလောင်းတွေ ဘာတွေနဲ့ တွေ့ပေးမလို့လားမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဟဲ့ . . . မဦးမချွတ်၊ နင်မို့ ပေါက်ပေါက်ရှာရှာ ထင်တတ်တယ် ကေသရီရယ်၊ ဖေနဲ့မေက ငါ့ကို ကလေးလေးလို ထင်နေတာ နင်သိသားနဲ့။ မေမေ့မိတ်ဆွေ အဖိုးကြီး အဖွားကြီးတွေနေမှာပါဟာ။ သူတို့က အကာ်ဖ်အီးစိတ္တို အင်ဘတ်စ်မန့်တို့အကြောင်း ပြော၊ ငါက ခိုးပြီး အိပ်ငိုက်။ ထုံးစံအတိုင်းပေါ့ဟာ"

ဒါပေမယ့် ညနေပိုင်း ဟော်တယ်နစ်ကိုးကို ရောက်ရှိသွားချိန်မှာတော့ သူမ ထင်သလို ပျင်းရိစရာ မကောင်းတဲ့အပြင် အိပ်ငိုက်စရာလည်း မကောင်းမှန်း သူမ သဘောပေါက်သွားရပါတယ်။

သူမတို့ မိသားစုကို ဒင်နာဖိတ်ကျွေးသူက ခပ်ငယ်ငယ် လူရွယ်တစ်ယောက် ဖြစ်နေလို့ပါ။

*အသားဖြူဖြူ ကိုင်းသေးသေး မျက်မှန်နဲ့ အငှ အလှပြင်စီဒီထဲက ထုတ်ယူထားသလို သေသပ်ချော့မောလွန်းနေတဲ့ အမျိုးသားက* ဖေဖေနဲ့ မေမေကို နှုတ်ဆက်ပြီးချိန်မှာ သူမဖက်ကို ဦးညွှတ်လက်ကမ်းပေးရင်း . . .

"ကျွန်တော် ကောင်းစေသော်ပါ"

လို့ မိတ်ဆက်လာရဲ့။ ယဉ်ကျေးမှုအရ သူမ ပြန်လည် လက်ဆွဲနှုတ်ဆက်ရင်း ဦးခေါင်းထဲမှာ မေးခွန်းတွေနဲ့ ဆူညံကျယ်လောင်ပြီး ရင်တွေ တလှပ်လှပ် ဖြစ်လာတယ်။

သူမထက် ငါးနှစ်လောက်ကြီးပုံရတဲ့ အမျိုးသား တစ်ယောက်ရဲ့ အကြည့်ဆူးဆူးတွေကြောင့် ရင်ဖိုတာ မဟုတ်ဘဲ၊ ဖေဖေနဲ့ မေမေရဲ့ လုပ်ရပ်အပေါ် စဉ်းစားရင်း ရင်ဖိုလာရတာပါ။

ဖေဖေဟာ ဘာကြောင့် သူမကို ခေါ်လာရတာလဲ။ ဘာအတွက် လှလှပပ ဝတ်ဆင်ခိုင်းခဲ့ရတာလဲ။

ဘုရားရေ . . . ကေသရီ နမိတ်ဖတ်သလိုများ ဖြစ်နေဦးတော့မှာလား။

မေးခွန်းတွေကို အဖြေရှာရင်း ကတုန်ကယင် ဖြစ်လာတဲ့ သူမကို ကော်ပတ်ရုပ်လေးနဲ့ တူတဲ့ အမျိုးသားက စကားစလာတယ်။

"ကျွန်တော် ချိုလွင်သာယာနဲ့ ဆုံဖူးပါတယ်။ သာယာ မမှတ်မိလို့ ဖြစ်ပါလိမ့်မယ်"

သူစိမ်းမိန်းကလေးတွေကို စကားစတင်တဲ့ နည်းလမ်းတွေထဲမှာတော့





အကောင်းဆုံးနည်းလမ်းလို့ ပြောရမယ်။ သူမ စိတ်ဝင်တစားနဲ့ တအံ့တဩ ပြန်မေးလိုက်တယ်။

"ရှင် . . . ဘယ်တုန်းကပါလိမ့်"

"သိပ်မကြာသေးဘူး။ တစ်ပတ်လောက်ပဲ ရှိဦးမယ် ထင်တယ်။ (ဘလေဇွန်) က အရောင်းကောင်တာတစ်ခုမှာ။ သာယာတို့ အထုတ်တစ်ထုတ် ချန်ခဲ့တယ်ထင်ပြီး ကျွန်တော် လိုက်ပေးခဲ့တာပါ"

"ဩော် . . . မှတ်မိပြီ။ လက်စသတ်တော့ အဲဒီတုန်းက ရှင်ဖြစ်နေတာကိုး"

အဲဒီတုန်းကကိစ္စကိုတော့ သူမ ကောင်းကောင်း မှတ်မိပါတယ်။ သူမနဲ့ ကေသရီတို့ ဘလေဇွန်မှာ ဈေးဝယ်နေတုန်း အမျိုးသားတစ်ယောက်က သူမတို့နောက်လိုက်လာပြီး . . .

"စောစောက ကောင်တာပေါ်မှာ ခင်ဗျားတို့ အထုတ်တစ်ထုတ် မေ့ကျန်ခဲ့တာ ထင်တယ်" ဆိုပြီး ကုန်တိုက်တံဆိပ်ပါ မစ္စည်းထုတ်တစ်ထုတ်ကို ကမ်းပေးလာပါတယ်။

ဒါပေမယ့် သူမတို့ ပစ္စည်းထုတ် မဟုတ်လို့ ခေါင်းယမ်းငြင်းဆန်လိုက်ပြီး အဲဒီ အမျိုးသားထွက်သွားတော့ ကေသရီက . . .

"ယားလေး ရုပ်ရှင်တွေထဲကလို ဇာတ်လမ်းဆင်တာလား မသိဘူးနော်။ ချောပါကတော့ လန်းသားကွ" လို့တောင် ပြောခဲ့ပါသေးတယ်။

*တကယ်လည်း . . .ခုလိုမျိုး ကျွန်တော်တို့ ဆုံဖူးပါတယ်လို့ စကားစဖို့ ဇာတ်လမ်းလုပ်ခဲ့တာကော မဖြစ်နိုင်ဘူးလား။*

ဇဝေဇဝါအတွေးနဲ့ သူမ နှုတ်ဆိတ်ငြိမ်သက်သွားချိန်မှာ ကောင်းစေသော် ဆိုတဲ့ အမျိုးသားက ဖေဖေ့ဖက် လှည့်ပြီး စကားလက် ဆုံကျလေရဲ့၊ သူမနဲ့ အလှမ်းကွာဝေးလွန်းလှတဲ့ စီးပွားရေး အကြောင်းအရာတွေပါ။

အေးရှားဝိခ်တို့၊ ဖားအီစတန်အီကော်နော့မစ်ရီဗျူးတို့၊ အင်ဖလေးရှင်းတို့လို အသုံးအနှုန်းတွေ လှိုင်လှိုင်သုံးနေကတည်းက ဒီအမျိုးသားတော့ ဖေဖေ သဘောကျတဲ့ စာရင်းထဲ ဝင်သွားတော့မှာပဲလို့ သူမ တွေးလိုက်မိတယ်။

ထင်တဲ့အတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန်လမ်းမှာတော့ ဖေဖေက 'ဒီသူငယ် မဆိုးဘူး၊ ယဉ်ယဉ်ကျေးကျေး ကိုးကိုးနွံနွံနဲ့ စီးပွားရေးလည်း နှံ့နှံ့စပ်စပ် ရှိတယ်' လို့ ချီးမွမ်းပါတယ်။

အိမ်ပြန်ရောက်ချိန်မှာတော့ သူမ ကေသရီဆီ ဖုန်းမဆက်ဘဲ မနေနိုင်တော့ဘူး။ ကောင်းစေသော်နဲ့ သူမ ဆုံတွေ့ခဲ့ပုံအကြောင်း ပြောပြလိုက်တော့ ကေသရီက သူမ မျှော်လင့်ထားတဲ့အတိုင်း တုန့်ပြန်ပါတယ်။

"ဒါဆို အဲဒီကတည်းက ဒီလူ ဇာတ်လမ်းဆင်ခဲ့တာဖြစ်မယ် ယာလေး၊ ငနဲ့တာ ရုပ်ရည်ကတော့ အပျံစားပဲနော်၊ ဘယ်လိုလဲ ရှင် ရင်ခုန်သွားပြီလား"

"သူဟာ ဆွဲဆောင်မှုရှိတာတော့ အမှန်ပဲ ကေသရီ၊ အားကိုးချင်စရာလည်း ကောင်းတယ်။ ဒါပေမယ့် ငါပြောရင် နင် ယုံမှာ မဟုတ်ဘူး"

"ဘာလို့လဲ"

"ငါ ရင်မခုန်ဘူးဟာ"

ကေသရီ အတန်ကြာအောင် တိတ်ဆိတ်သွားပြီးမှ ရုတ်တရက် သူမ တမင် မေ့လျော့ထားခဲ့တဲ့ ကိစ္စတစ်ခုကို လှုပ်နှိုးပြီး အလန့်တကြား မေးမြန်းလာတယ်။

*"ဘုရားရေ . . . ဒါဟာ ရှင်ရဲ့ ဂျိမ်းအင်းနဲ့များ သက်ဆိုင်နေမလား ယာလေး"*

"ငါလည်း မပြောတတ်ဘူး ကေသရီ"

"ရှင် . . . သူ့ကို သပေ့ါရနေတုန်းပဲလား"

"အဲဒါလည်း ငါ မပြောတတ်ဘူး"

ကေသရီ သက်ပြင်းချတယ်။

ချိုလွင်သာယာကတော့ သက်ပြင်းချဖို့ မေ့လျော့သွားလောက်အောင် အတိတ်မှာ စီးမြောသွားပါတယ်။ အဲဒီတုန်းက . ။

❄





အဲဒီတုန်းက . . .

ချိုလွင်သာယာ စက်ဘ်ပူမှာ ကျောင်းတက်ပြီး ရန်ကုန်ပြန်ရောက်ခါစပါ။ သိပ်မကြာသေးဘူး ဆိုပေမယ့် မနေ့တစ်နေ့က အဖြစ်အပျက်တော့လည်း မဟုတ်ဘူး။

ရန်ကုန်နဲ့ နှစ်နှစ်လောက် ခွဲခွာနေခဲ့ရပြီး ရန်ကုန် ပြန်ရောက်ရောက်ချင်း၊ သူမမှာ ပြင်းပြင်းပျပျ ပေါ်လာတဲ့ ဆန္ဒတစ်ခုကတော့ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ချင်တဲ့ ကိစ္စပါ။

"ဟိုမှာနေတုန်းက ပုဂံအကြောင်း၊ အင်းလေးအကြောင်းတွေ ခဏခဏ အမေးခံရတယ်၊ ဒါပေမယ့် သမီးက မရောက်ဖူးတော့ ဘာမှ မဖြေနိုင်ခဲ့ဘူး။ ဒါကြောင့် သမီး လေ့လာရေးသဘောမျိုး ခရီးထွက်ချင်တယ်"

ဖေဖေရော မေမေပါ သူမကို စိတ်မချပေမယ့် စက်ဘ်ပူကတောင် ပြန်လာတဲ့ သမီးကို စိတ်မချဘူးလို့လည်း အကြောင်းမပြရဲဘူး။

ဒါကြောင့် မေမေပါ လိုက်သွားရမယ်ဆိုတဲ့ ချွင်းချက်နဲ့ ဖေဖေက ခွင့်ပြုခဲ့တယ်။ တကယ်သွားတဲ့အခါမှာတော့ မေမေ မလိုက်ဖြစ်တော့ဘူး။ ကေသရီတို့ ညီအစ်မနဲ့ သူမကို စောင့်ရှောက်ဖို့ ကြီးကြီးမြကိုပဲ ထည့်လိုက်နိုင်တယ်။

ကြီးမြကိုတော့ သာယာတို့က နှစ်ပတ်သုံးပတ် လှည့်ပစ်လိုက်တာပေါ့။

'ကားကို ဒရိုင်ဘာ မောင်းပစေ။ ကိုယ်တိုင် ဝင်မမောင်းရဘူး၊ တွေ့ရာ အစားအစာ မစားရဘူး။ ကြီးမြ မပါရင် အိမ်သာတောင် တစ်ယောက်ထဲ မသွားရဘူး' စတဲ့ ဖေဖေ မှာကြားလိုက်တဲ့ စည်းကမ်းချက်တွေက မမှတ်မိနိုင်လောက်အောင် များပြားပါတယ်။

ဒါပေမယ့် ကြီးမြက မြို့ကောင်ပေါက် သုံးယောက်ရဲ့ အလှည့်အပတ်ကို မလွန်ဆန်နိုင်လို့ ရန်ကုန်က စထွက်ကတည်းက . . .

"ညည်းတို့ သဘောကျ စိတ်တိုင်းကျသာ လုပ်ကြပါတော့"

လို့ လက်မြှောက်ထားခဲ့ရတယ်။

လေ့လာရေးအမည်ခံ သူမရဲ့ အပျော်ခရီးဟာ စိတ်ကြည်နူးစရာတွေနဲ့ ပြည့်နှက်နေခဲ့တာပါ။ တကယ်လို့ . . . တောင်ပေါ်မြို့လေးတစ်မြို့ရဲ့သာ မင်းဖြစ်ခဲ့ရင်ပေါ့။ အဲဒီမြို့ငယ်လေးကို ဝင်ဖြစ်ခဲ့တဲ့အတွက် သူမရဲ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ မတွေ့ကြုံခဲ့ဘူးသလို ဘယ်တော့မှလည်း မေ့နိုင်မှာမဟုတ်တဲ့ စိတ်ခံစားမှုတစ်ခုနဲ့ တွေ့ကြုံလာခဲ့ရတာပါ။

အဲဒီနေ့က ကြီးကြီးမြနဲ့ ဖေဖေ ထည့်ပေးလိုက်တဲ့ ယာဉ်မောင်းကို တည်းခိုအိမ်မှာ ထားခဲ့ပြီး၊ သူမနဲ့ ကေသရီတို့ ညီအစ်မ မြို့ထဲက ဈေးလေးကို ထွက်လာခဲ့တယ်။ *တောင်ပေါ်မြို့လေးရဲ့ မနက်ခင်းအလှကို ငေးရင်း ကားကို* အငှတ်မဲ့ မောင်းလာမိတဲ့ သူမကို ကေသရီက အော်ဟစ် သတိပေးလာတယ်။

"သာယာ. . . ရှေ့မှာလူ"

သူမ ကြည့်လိုက်တော့ ကားလမ်းကို ကန့်လန့်ဖြတ်ပြေးနေတဲ့ လူတစ်ယောက်ဟာ သူမတို့ကားနဲ့ အတော့်ကို နီးကပ်နေခဲ့ပြီ။ မျက်စိ စုံမှိတ်ပြီး အလန့်တကြား ကားဘရိတ်အုပ်လိုက်ချိန်မှပဲ ဒုန်းကနဲ အသံတစ်ခု ကြားလိုက်ရတယ်။

*ဘုရား . . . ကယ်တော်မူပါ*

သူမ ကားတိုက်မိပြီ ထင်ရဲ့။

အချုပ်ခန်း သံတိုင်တွေကို မြင်ယောင်ရင်း သူမ တစ်ကိုယ်လုံး ပျော့ခွေကာ မူးမေ့လုနီးပါး ဖြစ်သွားခဲ့ရတယ်၊ အဖြစ်အပျက် အစအဆုံး တွေ့မြင်လိုက်သူ ကေသရီ့အစ်မ သီရိက အဲဒီလူဟာ ကားဘောနက်ပေါ် ခုန်တက်ပြီး တစ်ဖက်ကို လိမ့်ချသွားတာလို့ နောက်တော့ ပြန်ပြောပြတယ်။

သူမတို့အားလုံး သွေးပျက်ပြီး ကြက်သေသေနေတုန်းမှာပဲ၊ ကားတံခါး ပွင့်လာပြီး ဒယိမ်းဒယိုင်နဲ့ လူတစ်ယောက် ကားထဲ ရောက်လာတယ်။

"ဘာလုပ်နေတာလဲ. . မောင်းတော့လေ။ ဟိုမှာ ခင်ဗျားတို့ကားကို ခဲနဲ့ ထုဖို့ လူတွေ ပြေးလာတာ မတွေ့ဘူးလား"

ဒီတော့မှ လမ်းတစ်ဖက်က တုတ်တွေကိုင်ဆောင်ထားတဲ့ လူအုပ်တစ်အုပ် ကားဆီကို ပြေးလာတာ တွေ့မြင်ပြီး သူမ အလန့်တကြား ကားမောင်းထွက်လိုက်တယ်။ ဘုရား . . . ဘုရား ကယ်သီပေလို့သာပဲ၊ နည်းနည်းလေးသာ နောက်ကျရင် သူတို့အုပ်စု ကားကို အမှုန့်ခြေပစ်ကြလိမ့်မယ် ထင်ပါရဲ့။

(ဒါပေမယ့် အဲဒီလူတွေဟာ ကားကို ထုရိုက်ချင်လို့ မဟုတ်ဘဲ သူ့ကိုသာ အမှုန့်ခြေချင်တာဖြစ်ကြောင်း နောက်မှ သူ ပြန်ရှင်းပြခဲ့တယ်။)





"အမျိုးသမီး . . . အရှိန်လျှော့လိုက်တော့။ နောက်ထပ် ကားတိုက်မှုတစ်ခု ထပ်ဖြစ်နေဦးမယ်"

*နောက်ခန်းက လူရဲ့စကားကြောင့် သူမ ကားအရှိန်လျှော့ရုံမကဘဲ ကား*ချပ်ပစ်ပြီး ကေသရီနဲ့ နေရာချင်း ချိန်းလိုက်ကြတယ်၊ သေသရီက ကားကို ဖြည်းဖြည်းမှန်မှန် ဆက်မောင်းချိန်မှာ သူမ နောက်ခန်း လှည့်ကြည့်လိုက်တော့. . .

အသားညိုညို ပါးသိုင်းမွေးစိမ်းစိမ်း မိုက်တိမိုက်ကန်း မျက်နှာပေးနဲ့ သူဟာ မျက်လုံးစုံမှိတ်ပြီး မှိန်းနေလေရဲ့။

ခုချိန်ထိ ဖွင့်ထားမိဆဲ စီဒီစက်က သီချင်းကို ခြေထောက်လှုပ်ပြီး စည်းချက်လိုက်နေပါသေးတယ်၊ ဒါပေမယ့် သူ့ရဲ့ တထောင်ဆစ်မှာတော့ ပွန်းပဲ့ဒဏ်ရာ တစ်ခုကြောင့် သွေးတွေ တစိမ့်စိမ့် ယိုစီး ကျဆင်းနေလေရဲ့၊

ဘေးနားက သီရိကို ဘယ်လိုလဲဆိုတဲ့ သဘောနဲ့ လှမ်း ကြည့်တော့ သီရိက ပခုံးတွန့်ပြတယ်။

ဘုရားရေ . . . ဒီလူသာ သေရင် ငါတော့ ထောင်ကျပြီ။

"ဒီမှာရှင့် . . . ရှင် ဘယ်နားထိ သွားသေးသလဲ"

ဒီတော့မှ ကိုယ်တော်ချောက မျက်လုံးဖွင့်ကြည့်တော်မူတယ်။

"အဲဒါကို ဆရာဝန်ကသာ ပြောနိုင်မှာပေါ့ အမိရဲ့"

ဆေးခန်း ရောက်ချိန်အထိ သူမရဲ့ ရင်ခုန်မှုက တော်တော်နဲ့ အရှိန်မပြယ်ခဲ့ဘူး။

ဆရာဝန်က ပွန်းပဲ့ဒဏ်ရာကို ဆေးထည့်ပေးပြီး ခြေကျင်းဝတ်နာသွားတယ်၊ တစ်ရက် နှစ်ရက် အနားယူရင် ပျောက်မယ်ဆိုတော့မှ သူမ သက်ပြင်းချနိုင်တော့တယ်။

"ကျုပ် အမိတို့ကို အမှု မလုပ်ပါဘူး။ ဒါပေမယ့် . . . ဒီဒဏ်ရာနဲ့တော့ ဒီည ကျုပ် တည်းခိုတဲ့ဆီ ပြန်နိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ ဒီတစ်ည ကျုပ်ကို တည်းခိုခန်းတစ်ခုခုမှာ အခန်းငှားပေးပါ။ ပြီးတော့ တည်းခိုအိမ်မှာ ကျန်ခဲ့တဲ့ ကျုပ် သူငယ်ချင်းတွေဆီကိုလည်း ဖုန်းဆက်ချင်တယ်၊ အဲဒါစီစဉ်ပေးပါ"

ကျေးဇူးကြီးလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာတောင်းဆိုဆို သူမတို့ လိုက်လျောဖို့ အဆင်သင့်ပါ။

ဟိုတယ် တစ်ခုခုမှာ အခန်းယူပေးလို့ ဖြစ်ပေမယ့် သူ့ဒဏ်ရာ အခြေအနေ (မဆိုးဝါးမှန်း သေချာအောင် စောင့်ကြည့်ချင်တာကြောင့်) သူမတို့ တည်းခိုတဲ့ တိုက်ကိုပဲ ခေါ်ဆောင်လာခဲ့တယ်။

ကြီးမားကျယ်ဝန်းတဲ့ ခြံနဲ့တိုက်ထဲမှာ သူမတို့ အုပ်စုပဲ ရှိကြတာမို့ အပေါ်ထပ် အခန်းတစ်ခန်းမှာ သူ့ကို ရက်အကန့်အသတ်မရှိ နေခွင့်ပေးထားနိုင်ပါတယ်။

ကေသရိက ကြီးမြကို အကျိုးအကြောင်း တိုးတိုးတိတ်တိတ် ရှင်းပြနေချိန်မှာ သူမက သူ့ကို အခန်းတစ်ခုဆီ ပို့ဆောင်ပေးပြီး ဖုန်းဆက်ဖို့ပါ စီစဉ်ပေးလိုက်တယ်။

သူက တည်းခိုခန်းတစ်ခုဆီ ဖုန်းဆက်ပြီး သူ့သူငယ်ချင်းတွေကို ရန်ကုန်ပြန်နှင့်ဖို့ မှာကြားနေတယ်။

ဒါဆို သူလည်း ရန်ကုန်က ထင်ပါရဲ့။

ဖုန်းပြောပြီးတော့ သူက ရေချိုးချင်တယ်ဆိုလို့ ယာဉ်မောင်းဆီကနေ အဝတ်တစ်စုံ ယူပေးရပါသေးတယ်။

အသားညိုညို မေးရိုးကားကား (ခရီးသွားတုန်းမို့ မရိတ်ဖြစ်တာလို့ ယူဆရတဲ့) ပါးသိုင်းမွေးစိမ်းစိမ်းနဲ့ သူ့မျက်နှာဟာ. . .

မှုန်တေတေ ဂျစ်ကန်ကန် ဖြစ်နေတတ်ပြီး နှုတ်ခမ်းထက်မှာလည်း အငွေ့တလူလူနဲ့ စီးကရက်တစ်လိပ် အမြဲခဲထားတတ်တာမို့ သူ့ကို စိတ်ထဲကနေ ဂျိမ်းဒင်းလို့ နာမည်ပေးလိုက်မိတယ်။

(ကေသရိတို့ကို ပြောပြတော့ *'နင် နာမည်ပေး တော်တယ်၊ ဒီလူ့ပုံက ထားဆိုးသင်းသားအတိုင်းပဲ'* လို့ ချွင်းချက်မရှိ ထောက်ခံကြလေရဲ့။)

ဖုန်းပြောပြီး လက်ထဲက တစ်ဝက်သာသာ စီးကရက်ကို ကုန်အောင် သောက်ပြီး သူ ထိုင်ရာက ထရပ်တယ်။

"ကဲ အမိတို့ အပြင်ထွက်တော့"

"ရှင်"

"အခန်းပြင်ကို ထွက်ကြဖို့ ပြောတာ"





"နေ - နေပါဦး၊ ကျွန်မတို့ ဘာများ အမှားလုပ်မိလို့လဲ"

"အို ... ယာလေးကလည်း အမှားလုပ်မိတောင် ကိုယ်က အိမ်ရှင်တဲ့သူ အမိန့်ပေးတိုင်း ထွက်စရာ မလိုပါဘူး"

သူ့ကို ဘယ်တုန်းကတည်းက ကြည့်မရ ဖြစ်နေမှန်း မသိတဲ့ သီရိတာ ဝင်တောတယ်။

ဂျိမ်းဒင်းလို့ အမည်ပေးခံထားရတဲ့သူက ခပ်တည်တည်နဲ့ တီရှပ်ကို ချွတ်ရင်း ပြောတယ်။

"ကျုပ် ရေချိုးမလို့ဗျ"

❄

အနောက်တိုင်းက (ဖော်ကျူး) လို့ သုံးနှုန်းပြီး မြန်မာတွေက ကံကြမ္မာလို့ ခေါ်ဝေါ်လေ့ရှိတဲ့ အရာကို အရင်က သူမ ယုံကြည်မှု မရှိခဲ့ဘူး။

အတိတ်ကံတို့ ဖူးစာတို့ဆိုတာတွေကတော့ ဝေးပါသေးရဲ့။

ဒါပေမယ့် သူနဲ့ တွေ့ဆုံပြီးချိန်မှာတော့ အဲဒီအရာတွေကို ယုံရမလို ဖြစ်လာခဲ့တယ်။

အနည်းဆုံး သူနဲ့ တွေ့ဆုံခဲ့ပုံကတင် ကံကြမ္မာရဲ့ ဖျက်ရယ်ပြုမှုတစ်ခု ဖြစ်နိုင်ဘူးလား။

*တော်ရုံ ယောက်ျားလေးတွေအပေါ် အထင်ကြီးလေ့ မရှိတဲ့ ချိုတွင်းသာသာ ဖြတ်တဲ့ လမ်းမှာ တွေ့ဆုံခဲ့တဲ့ သူ့အပေါ် အလွယ်တကူ ရင်ခုန်သွားရတာဟာ ကံကြမ္မာရဲ့ စနက်ကြယ်မှုကြောင့် မဟုတ်ရင် ဘာကြောင့် ဖြစ်နိုင်မလဲ။*

ဖတ်ဖူးတဲ့ စာအုပ်စာတန်းတွေအဆိုအရ အဲဒီကိစ္စအတွက် ရည်ညွှန်းတဲ့ စကားလုံးက နှစ်လုံးထဲ ရှိတယ်။

**'အ . . . ချစ် . . .' . . . တဲ့။**

❄



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ဖြည်းဖြည်းလေး တွန်းဖွင့်လိုက်တော့ အခန်းတစ်ခုလုံးဟာ အုံ့ဩစရာ ကောင်းလောက်အောင် တိတ်ဆိတ်မှောင်မည်းနေတယ်။

ညနေစာ စားချိန်လောက်ကတည်းက သူ့ခြေထောက်ဟာ ဆိုးဆိုးဝါးဝါး ယောင်ကိုင်းပြီး ထောက်မရလောက်အောင် ဖြစ်နေတာကို သတိထားခဲ့မိတယ်။

ဒါကြောင့် ညနေစာတောင် ထွက်မစားခိုင်းတော့ဘဲ ကြီးကြီးမြက သူ့အခန်းထဲကို သွားပို့ပေးခဲ့တယ်။ အဲဒီအချိန်ကစပြီး သူ အပြင်လုံးဝ မထွက်ဘဲ ငြိမ်သက်သွားတာမို့ အနားယူနေတာဖြစ်မယ်ဆိုပြီး ဘာသိဘာသာ နေလိုက်ကြပေမယ့် . . .

ညပိုင်း အခွေထိုင်ကြည့်ချိန်မှာတော့ ကေသရီက...

'နင့်လူ ကိုမ်းဒင်း ငြိမ်လှချည်လား။ တော်ကြာ ဂစ်နေဦးမယ်နော်။ သွားကြည့်လိုက်ဦး' လို့ သတိပေးတယ်။

အဖော်လိုက်ကြဖို့ ခေါ်တော့လည်း မယ်မင်းကြီးမတွေက ကားကောင်းနေလို့ မထချင်ကြဘူး။ သူ့ ကျန်းမာရေးဟာ ကိုယ့်တာဝန်လုံးလုံး ဖြစ်နေတာမို့ သူ့အခန်းရှိရာ ထထွက်လာခဲ့တယ်။

ခုတော့ အခန်းက ထူးထူးခြားခြား တိတ်ဆိတ် မည်းမှောင်နေလို့ စိုးရိမ်သွားရတယ်။ သူ အိပ်ပျော်နေတာများလား။

သူမ အသံမပေးရဲဘဲ ခြေဖျားထောက်ပြီး တစ်လှမ်းချင်း ဝင်လာတော့ ကုတင်ပေါ်မှာလည်း သူ ရှိမနေဘူး။ အပြင်ဘက် ဝရံတာဖက် ရှိလိုရှိငြား ထွက်လာတော့ ဝရံတာက ဆက်တီရှည်ပေါ်မှာ. . .

အိပ်ပျော်နေတာလား။ မေ့မြောနေတာလား ခန့်မှန်းရခက်တဲ့ ပုံသဏ္ဌာန်နဲ့ ဆန့်ဆန့်ကြီး ထိုင်နေပြီး၊ ခေါင်းက တစ်ဖက်ကို ငိုက်ကျနေတယ်။

သူမ လှုပ်ကနဲ စိုးရိမ်သွားပြီး အသံမကြားအောင် ရှေ့တိုးကြည့်တော့လည်း အခြေအနေကို ဝေခွဲမရပြန်ဘူး။ ဒါကြောင့် သူ့ပခုံးကို အသာအယာ လှမ်းတို့ရင်း . . .

"ဒီမှာရှင့်"

"ဟိတ်"

ယောင်သလို၊ မာန်သွင်းသလို အော်သံတစ်ခုနဲ့ သူမ လက်ကို ဆတ်ကနဲ

◆ ညကာဝင်းစာပေ ◆

ဆွဲလိမ်ပြီး သူမကိုယ်လုံးလေးကို ဆွဲယူ ဖမ်းချုပ်လိုက်တယ်။ 'အမေရေ' လို့ စိတ်ထဲကပဲ အော်လိုက်နိုင်တယ်။

သူမ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲကို လုံးလုံးလျားလျား ကျရောက်သွားရပါတယ်။

ဘုရား . . . ဘုရား . . . အလိမ်ခံထားရတဲ့ လက်ကလည်း နာလိုက်တာ ပြောပါနဲ့တော့။

သူမဆီက ညည်းညူသံထွက်သွားတော့မှ ဩော် လက်စသတ်တော့ ခင်းကိုးလို့ ရေရွတ်ရင်း လက်တစ်ဖက်ကို လွှတ်ပေးတယ်။

ဒါပေမယ့် ကိုယ်လုံးလေးကိုတော့ တော်တော်ကြာတဲ့အထိ လွှတ်မပေးဘူး။

သူမကိုယ်တိုင်လည်း အနီးကပ်မြင်နေရတဲ့ သူ့မျက်နှာကို မော့ကြည့်နေရင်း ရုန်းထဖို့ကို မေ့လျော့နေမိတယ်။ အတော်ကြီးကြာမှ သတိရပြီး ရုန်းထလိုက်တော့ သူက အသာအယာ ဆွဲထူပေးပါတယ်။

"ဆောရီးကွာ. . . ကျုပ်ကို ဝိုင်းရိုက်မယ့်လူတွေလိုက်လို့ ထွက်ပြေးရတာ စိတ်စွဲပြီး အိပ်မက်မက်နေမိတာ"

သူက ဖြေရှင်းချက် ပြန်ပေးနိုင်ပေမယ့် သူမကတော့ တော်တော်ကြာတဲ့အထိ ဘာစကားမှ ပြန်မပြောနိုင်ခဲ့ဘူး။ နောက်ဆုံးမှ...

"ကျွန်မ ဘယ်ယောကျ်ားလေးနဲ့မှ အသားချင်း မထိခဲ့ဖူးဘူး"

ဆိုလိုချင်တာက အဲလို မထိခဲ့ဘူးတဲ့ သူမကို လက်နာတဲ့အထိ ဖမ်းချုပ်ရသလားလို့ပါ။ ဒါပေမယ့် စကားက တစ်ဝက်တပျက်နဲ့ ရပ်သွားတယ်။

"ကျုပ် . . . သိပါတယ်"

"ရှင် . . . ဘာသိတာလဲ"

"အဲဒီလို မထိခဲ့ဘူးမှန်းပေါ့။ မင်းရဲ့ ခန္ဓာကိုယ် တုန့်ပြန်ပုံအရ ခန့်မှန်းသိရတာပါ။ ကျုပ်လည်း ချက်ချင်း လွှတ်ပေးမလို့ပါပဲ"

"ဒါ . . . ဒါဆို ဘာလို့ လွှတ်မပေးသလဲ"

"သာယာမိန်းမူးမိသွားလို့ ထင်တယ်၊ တောင်းပန်ပါတယ်"

"အို . . ."

ရှက်ရွံ့သွားတဲ့ သူမအဖြစ်ကို ရိပ်မိသွားလို့ ထင်ပါရဲ့။

◆ ညကာဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



သူက စကား လွှဲလိုက်တယ်။

"လေတော့ အတော်အေးလာပြီ အထဲဝင်ကြမှပဲ"

ပြောပြောဆိုဆို သူ ထရပ်လိုက်ပေမယ့် သူ့ ဒူးတစ်ဖက်က ချက်ချင်းပဲ ညွှတ်ကျသွားတယ်။

"ရှင် ရပ်နိုင်ရဲ့လား"

သူက ပြန်မဖြေဘဲ နောက်တစ်ကြိမ် ထပ်ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။

*သူမ တွဲပေးလိုက်ရင် ကောင်းမလား။ အို ဘယ်ဖြစ်မှာလဲ။ ဒီက သူစိမ်းယောကျ်ားတွေနဲ့ အသားချင်းထောင် ထိဖူးတာမှ မဟုတ်တာ။*

ဒါပေမယ့် . . . စောစောကတော့ ထိမိသွားပြီပဲ။ အင်း . . . သူကို ထားခဲ့ပြီး ကြီးကြီးမြ သွားခေါ်လိုက်မှ ထင်တယ်။

"ရှင် . . . ကျွန်မ ပခုံးကို ကိုင်ပါလား"

လွှတ်ကနဲ ထွက်သွားပြီးမှ ကိုယ့်ပုံးစပ်ကိုယ် ပိတ်ရိုက်ချင်စိတ်ပေါက်သွားတယ်။

သူက 'ကျေးဇူးပဲ' လို့ ရေရွတ်ပြီး ပခုံးကို ဖွဖွလေး မှေးကိုင်တယ်။ အခန်းထဲကို ခပ်ဖြည်းဖြည်း ထိန်းလျှောက်လာကြရင်း စကားစရှာသလိုမျိုး သူမ မေးလိုက်တယ်။

"မနက်က လိုက်လာတဲ့လူတွေက ရှင့်ကို ဝိုင်းရိုက်မလို့လားဟင်၊ ဖုန်းပြောတာ ကြားလိုက်မိလို့ပါ။ သူတို့နဲ့ ဘာဖြစ်ကြတာလဲ"

"ရန်ဖြစ်တာပါ"

"ဘာကြောင့် ရန်ဖြစ်တာလဲ"

"ရေရေရာရာတောင် မမှတ်မိတော့ပါဘူး။ ဟိုလိုဒီလိုနဲ့ ဖြစ်ကြတာပါပဲ။ *ယောကျ်ားတွေ ရန်ဖြစ်တယ်ဆိုတာ မိန်းမတွေ အတင်းပြောသလိုပဲ။ ခိုင်လုံတဲ့ အကြောင်းချက် ရှိချင်မှ ရှိတာ"*

ဗုဒ္ဓေါ . . . ဒီလူစရိုက်က ကြောက်စရာကြီးပါလား။

သူမ ပခုံးတွန့်ချင်လောက်အောင် ကျောချမ်းသွားပေမယ့် သူကတော့ အေးအေးသက်သာနိုင်လှပါတယ်။





ရန်ဖြစ်တာ၊ လူတွေက တုတ်တွေနဲ့ ဝိုင်းလိုက်တာဟာ သူ့အတွက် ဆမင်းစား ရေသောက်ထင်ပါရဲ့။ သူမပခုံးကို လွှတ်ပြီး ကုတင်ပေါ်မှာ ဝင်ထိုင်ရင်း သူ စီးကရက်တစ်လိပ် မီးညှိတယ်။

"ဒီကောင်တွေက လူများတယ်။ ပြီးတော့ မြို့ခံလည်း မြို့ခံတွေလေ။ အင်း. . မင်းတို့ကားနဲ့သာ ဝင်မတိုးမိရင် ကျုပ်ကို တစ်စစီ ဝိုင်းဖွဲ့ကြမှာ သေချာတယ်"

"ရှင်က အပျော်ခရီး ထွက်လာတာလား"

"ဘာ . . . ပျော်ဖို့အတွက် အပင်ပန်းခံပြီး ခရီးထွက်စရာလား။ ကျုပ်သူငယ်ချင်းတစ်ယောက် ကုန်သယ်တာကို အဖော်လိုက်လာတာ။ အင်း. . . ပွင့်ပွင့်လင်းလင်းပြောရရင် လုပ်ခလည်း ရမယ်ဆိုလို့ပါ။ ခုတော့ . . ကုန်မသယ်ဖြစ်တော့ဘူး။ လုပ်အားခနဲ့လည်း ဝေးပြီ ထင်ပါရဲ့"

ပြောနေရင်း စိတ်ပျက်သွားသလိုမျိုး လက်ထဲက စီးကရက်ကို ပြာခွက်ထဲ ထိုးခြေလိုက်တယ်။ ပြီးတော့ ကုတင်ပေါ်ကို ဝုန်းကနဲ ပစ်လှဲလိုက်ပြီး...

"အမျိုးသမီး . . . မင်းပြန်ရင် တံခါးကို ဖြည်းဖြည်းလေး ပြန်စေ့သွားပြီးတော့ . . . သိပ်အကြာကြီးလည်း မနေနဲ့တော့"

သူက မျက်လုံးစုံမှိတ်ရင်း ပြောလိုက်တာပါ။ *ဘုရားရေ...ဒီလူ ဘယ်လိုလူထဲ့ မြီးကြီးကျွယ်ကျွယ် ပိုင်စိုးပိုင်နင်းနဲ့. . . .*

သူမ ကြည့်နေတုန်းမှာပဲ ခဏနေတော့ သူ့ဆီက ဟောက်သံမှန်မှန်ကြီး ထွက်ပေါ်လာတယ်။ ကြည့်ရတာ ကိုယ့်အိမ်ကိုယ့်ရာက ကိုယ့်ကုတင်ပေါ် မှာ လှဲချလိုက်သလို စိတ်ချလက်ချနဲ့ကို အိပ်ပျော်သွားတာပါ။

သူမ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ရင်း အခန်းထဲက ထွက်ဖို့ ပြင်လိုက်တယ်။

အဲဒီအချိန်မှာပဲ သူမအကြည့်က ဆေးလိပ်ပြာခွက်ဆီ ရောက်သွားပြီး ထွန့်ကြေစပြုနေတဲ့ တစ်ဝက်သာသာ စီးကရက်ကို လှမ်းယူလိုက်မိတယ်။

ဘာရယ်မဟုတ်ပါဘူး။ သူခဲသလို နှုတ်ခမ်းထက်မှာ ခဲကြည့်ချင်လို့ပါ။ မီးသေနေတဲ့ စီးကရက်ကို နှုတ်ခမ်းမှာခဲပြီး သူဖွာသလိုမျိုး အိုက်တင်ခံကြည့်ရင်း သူမ ရယ်ချင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မထိန်းနိုင်ဘဲ 'ခစ်'ကနဲ အသံထွက်သွားတော့ . . .

"အမျိုးသမီး . . . မင်း မပြန်သေးဘူးလား"

"အို…ပြန်ပြီရှင့်၊ ပြန်ပါပြီ အခုပဲ"

သူမ အခန်းထဲက လှစ်ကနဲ ပြေးထွက်လာခဲ့တယ်။

အပြင်ရောက်တော့ အခန်းတံခါးကို ကျောကပ်မှီပြီး အမောဖြေရင်း ဘေးနားက မှန်ထဲကို ကြည့်လိုက်တော့ တစ်ဝက်သာသာ စီးကရက် တိုလေးက သူမ နှုတ်ခမ်းထက်မှာ တွဲခိုလို့ ။

ယောက်ျားတွေ ရှုံ့မြစ်တယ်ဆိုတာ မိန်းမတွေ အတင်းပြောသလိုပဲ။
နိုင်လုံတဲ့ အကြောင်းပြချက် ရှိချင်မှ ရှိတာ"



## အပိုင်း ၂

# သင်၏ကိုယ်စား ချစ်ခွင့်ရှိသူ နှလုံးသားမှ ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com

(၁)

"နေရောင်. . ဟိုးက ဂျာကင်အပြာနဲ့ ငနဲကို ကြည့်နေ။ သူ့ရှေ့က လူဆီက တစ်ခုခု လှုပ်ရှားတော့မယ်"

ကုန်တိုက်ပလာဇာတစ်ခုက အအေးဆိုင်မှာ ထိုင်နေရင်း မျက်စိရှေ့ ဖြတ်သွားနေကြတဲ့ လူအုပ်ထဲက တစ်နေရာကို ဖိုးသား လှမ်းပြတယ်။ နေရောင်ဝါ ကြည့်လိုက်တော့. . .

'ခါး'တစ်ကောင်ဟာ လက်ကိုင်ဖုန်း အရောင်းဆိုင်တစ်ခုရှေ့မှာ ရပ်ငေးနေတဲ့ သားကောင်ရဲ့ ဘောင်းဘီနောက်အိတ်ထဲက သားရေပိုက်ဆံအိတ်ကို နှိုက်ယူဖို့ ကြိုးစားနေတယ်။

ကြည့်နေဆဲမှာပဲ သားကောင်ဟာ ဆက်လက်ထွက်ခွာသွားပြီး ခါးငနဲက တခြားဖက် ထွက်သွားတယ်။

ပိုက်ဆံအိတ်ကတော့ ခါးပိုက်နှိုက်ရဲ့ ဂျာတင်အောက်မှာ ပါသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသားထကွာ. . . ဖအေးဖိုးရှင်းပြီးသားပဲ၊ မကုန်တာ ထားခဲ့တော့"

သူ့တို့ အအေးဆိုင်လေးထဲက ထွက်လာတော့ သားကောင်က ပျောက်ကွယ်သွားပြီဖြစ်ပေမယ့် ခါးပိုက်နှိုက်ငနဲကိုတော့ မျက်ခြေမပြတ်သေးဘူး။

ပလာဇာပေါ်ကဆင်းပြီး ကားလမ်းကို ဖြတ်ကူးဖို့ ကြိုးစားနေတဲ့ ခါးပိုက်နှိုက်တို လူရှင်းတဲ့နေရာအရောက်မှာ သူ ကျော်တက်ပြီး တမင် ဝင်တိုက်ပစ်လိုက်တယ်။

"ဟာ. . . ဟေ့လူကြီး၊ ခင်ဗျား ပန်းချီမောင်နိုး မဟုတ်လား"

# "ဟင်"

ခါးငနဲက ကြောင်နေတယ်။

အဲ့ဒီအချိန်မှာ ငနဲရဲ့ ဂျာကင်အောက်က ပိုက်ဆံအိတ်လေးဟာ သူ့လက်ကတဆင့် နောက်ဘက်ကို ရောက်လာတဲ့ ဖိုးသားလက်ထဲ ပြောင်းရွှေ့ ရောက်သွားတယ်။

"ကိုမောင်နိုးကြီး ခင်ဗျား တော်တော်ရုပ်ပြောင်းသွားတာပဲ၊ ဆံပင်တွေလည်း အရင်ကလို မရှည်တော့ပါလား"

"ငါ. . . မောင်နိုး မဟုတ်ဘူးကွ၊ ငါ့နာမည် ကျော်လှ"

"ဩော်. . . ခင်ဗျားက နာမည်ပါ ပြောင်းပစ်လိုက်တာကိုး၊ လာဗျာ ဟိုနားမှာ စကား ခဏလောက် သွားပြောရအောင်"

ငေးကြောင်နေတဲ့ ငနဲကို စဉ်းစားခွင့်မပေးဘဲ လူရှင်းတဲ့နေရာကို ဆွဲခေါ်လာခဲ့တယ်။

"နေပါဦး. . . မင်းတို့က ဘယ်သူတွေလဲ"

"ပန်းချီကိုကိုနိုင်ရဲ့ သူငယ်ချင်းတွေပါဗျာ၊ ခင်ဗျားနဲ့ ပိုက်ဆံအိတ် တစ်အိတ်အကြောင်း ဆွေးနွေးချင်လို့"

ဖိုးသား ဝင်ပြောလိုက်တော့မှ ငနဲက ဂျာကင်အကျႌအောက်ကို အမောတကော ရှာဖွေစမ်းသပ်လိုက်တယ်။

"ရှာမနေနဲ့ ကိုယ့်လူ၊ ပိုက်ဆံအိတ်က ကျွန်တော့်ဆီ ရောက်နေပြီ"

"မင်းတို့က ဘာတွေလဲ၊ ရဲတွေတော့ မဟုတ်လောက်ပါဘူး"





ငနဲရဲ့ အိတ်ကပ်ထဲက ထိုးထိုးထောင်ထောင် ထွက်နေတဲ့ စီးကရက်ဘူးလိပ်ကို လှမ်းယူပြီး နေရောင်ဝါ မီးညှိလိုက်တယ်။ ခွင့်မတောင်းဘဲ ဆွဲရက်ယူသောက်လို့ ငနဲက သိပ်ကြည်ပုံမရဘူး။

"စိတ်မပူပါနဲ့. . . ကျွန်တော်တို့ရဲတွေ မဟုတ်ပါဘူး၊ ပိုက်ဆံအိတ်လေးကို သူ့ပိုင်ရှင်ဆီ ပြန်ပို့ပေးချင်လို့ပါ၊ အိတ်ထဲမှာ မှတ်ပုံတင်တို့၊ ဆက်သွယ်ရမယ့်လိပ်စာတို့ပါရင် အိတ်လေးကို ပိုင်ရှင်ဆီ ကျွန်တော်တို့ ပြန်ပို့ပေးရလိမ့်မယ်"

ငနဲက အောင့်သက်သက် မျက်နှာနဲ့ ပြန်ကြည့်ပေမယ့် သူ ဂရုမစိုက်ပါဘူး။ ဖိုးသားကို မျက်ရိပ်ပြလိုက်တော့ ဖိုးသားက ပိုက်ဆံအိတ်ကို ထုတ်ယူပြီး ဖွင့်လိုက်တယ်။

အိတ်ထဲမှာ ငွေ အတော်များများပါပေမယ့် မြန်မာငွေက သုံးထောင်ပဲပါပြီး ကျန်တာတွေက အက်ဖ်အီးစီတွေ ဖြစ်နေတယ်။

ဘဏ်ကဒ်နှစ်ခု သုံးခုနဲ့ ကုမ္ပဏီဝန်ထမ်းကဒ်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု. . .။

အက်ဖ်အီးစီတွေတွေ့တော့ ခါးပိုက်နှိုက်ရဲ့ မျက်နှာက ဝင်းထိန်သွားပေမယ့် ဝန်ထမ်းကဒ်အတွေ့မှာတော့ ပြန်လည် ညှိုးငယ်သွားတယ်။

"ဝန်ထမ်းကဒ်မှာ ကုမ္ပဏီလိပ်စာကော ဖုန်းနံပါတ်ပါ ပါထယ်. . . ကောင်"

"ဒါဆိုရင်တော့ ဒီက နောင်ကြီးအတွက် စိတ်မကောင်းစရာဘဲ"

အက်ဖ်အီးစီတွေကိုကြည့်ပြီး တံတွေးမြိုချလိုက်တဲ့ ခါးငနဲက. . .

"ဟေ့. . . မင်းတို့တစ်ဝက်ယူချင်ယူကွာ၊ ငါ့ကို တစ်ဝက်တော့ ပြန်ပေး"

ဆက်သွယ်စရာ လိပ်စာမပါရင်တော့ အဲဒီလူ ကမ်းလှမ်းတဲ့အတိုင်း လက်ခံချင်စရာပါ။ ဒါပေမယ့် ခုတော့ သူ ခေါင်းရမ်းလိုက်တယ်။

"မဖြစ်ဘူးဗျ။ ပြန်ပို့ရမယ့် လိပ်စာတွေ့ရက်နဲ့တော့ မျက်စိမှိတ်ယူထားနိုင်ဘူး၊ ဖိုးသား . . . အဲဒီ တစ်ထောင်တန် သုံးရွက် သူ့ကို လမ်းစရိတ်ပေးလိုက်ကွာ၊ ဈေးဦးပေါက်သဘောပေါ့"

*ငနဲက အကုန်မရရင် ဘာမှမယူနိုင်ဘူးဆိုပြီး ဟန့်ကြီး တစ်ခွဲသား နဲ့ ငြင်းနေပါဘူး။*



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားပေးတဲ့ငွေ သုံးထောင်ကို ဆတ်ကနဲဆွဲယူပြီး **'အို့ . . . ဖိုးနာကျေ်ပြော်ခဲ့စော်တော်ပြီး'** လို့ လှမ်းမေးတယ်။ သူ လှည့်ထွက်လာရင်းက မကြည့်ဘဲ ပြန်ပြောလိုက်တယ်။

"ဘာလဲ လမ်းမှာတွေ့ရင် ချောင်းရိုက်ချင်လို့လား။ ဒါဆိုလည်း မှတ်ထား **နေရောင်ဝါတဲ့ တောင်အုံမှာ နေတယ်**"

အတော်လှမ်းလှမ်းရောက်မှ ငနဲဆီက တောက်ခေါက်သံ ထွက်ပေါ်လာတယ်။

❋



တကယ်တော့ အခုရက်ပိုင်းတွေအတွင်း ဖိုးသားနဲ့သူဟာ အလုပ်တစ်ခုကို အပြင်းအထန် လိုက်လံရှာဖွေနေတာ ဖြစ်တယ်။

ဖိုးသားက လက်ရှိလုပ်ကိုင်နေတဲ့အလုပ်ထက် ပိုကောင်းတဲ့ အလုပ်တစ်ခုလောက် လိုတွေ့ငြား ရှာဖွေနေတာဖြစ်ပြီး သူကတော့ ပုံမှန်အလုပ်တစ်ခုကို မရှာမဖြစ်လို့ ရှာဖွေနေရတာပါ။

ပြီးခဲ့တဲ့ တစ်ပတ်ကျော်လောက်က အမေ့ရဲ့ ကုန်ခြောက်ဆိုင်လေး ပိတ်လိုက်ရတာဟာ သူ့ကို အမြဲတမ်းအလုပ်တစ်ခု ရှာဖွေဖို့ လုံလောက်တဲ့ အကြောင်းတစ်ခု ဖြစ်စေခဲ့တယ်။

"ဘာလို့ ပိတ်ရတာလဲ အမေ"

"အမေတို့ အခုရောင်းနေတဲ့ နေရာမှာ ဈေးရုံသစ်ကြီး ဆောက်မလို့တဲ့"

"ဒါဆို အမေ ဆိုင်ခန်းအစား ပြန်ရမှာပေါ့နော်"

"ရစရာလားဟဲ့။ အမေတို့က ကိုယ့်နေရာကိုယ်ဦးပြီး တဲထိုးရောင်းရတဲ့ အနောက်ဈေးသည်တွေပဲ။ ဆိုင်ခန်းအစားတောင် သွင်းစရာ ငွေမရှိပါဘူးကွယ်"

"ဒါဆို . . . အမေ့ဆိုင် ဘယ်ကိုရွှေ့မှာလဲ"

"အိမ်ပဲ ရွှေ့ရမှာပေါ့"

အမေ့ရဲ့ လေးပေပတ်လည်ဆိုင်ခန်းလေးဟာ ဆယ့်နှစ်ပေပတ်လည် အိမ်လေးပေါ် ရောက်လာပေမယ့် ရောင်းအားကတော့ သုံးဆမကလျော့အောင် ကျဆင်းသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါးဝိ ငါးခြောက် အတော်များများ မရောင်းရတဲ့အတွက် ကိုယ့်ဘာသာ ပြန်ချက်စားရလွန်းလို့ လူလည်း ငါးခြောက်ပုံ ပေါက်လာပြီလို့ အမေ ညည်းညူ စ ပြုလာတယ်။

***ဒီပုံတိုင်းဆို အမေ့ရဲ့ ဆိုင်လေးဟာ သိပ်မကြာခင် ထမင်းအိုးထဲ ရောက်သွား တော့မှာ။*** အရပ်ထဲက ကျပန်းအလုပ်လေးတွေ လိုက်လုပ်နေတာထက်စာရင် ပုံမှန်အလုပ်တစ်ခုရှိမှ ဖြစ်တော့မယ်လို့ သူ သဘောပေါက်လာတယ်။

သူ အလုပ်လိုက်ရှာတော့ မြလေးညိုက သတင်းစာနဲ့ ဂျာနယ်တွေထဲ အလုပ်ခေါ်တဲ့ ကြော်ငြာတွေ သူ့အတွက် ကူပြီး စုဆောင်းပေးတယ်။

"သိပ်ပင်ပန်းတဲ့အလုပ်မျိုးတော့ နင်နဲ့ မဖြစ်ပါဘူးဟာ၊ ပြီးတော့ တစ်ညလုံး သွားလုပ်ရမယ့် ညစောင့် လုံခြုံရေးလို အလုပ်မျိုးလည်း နင်နဲ့ မကိုက်ဘူး"

"အဲဒါကို ငါ့ဘာသာ ဆုံးဖြတ်ပါမယ် မြလေးညိုရယ်။ နင် လုပ်ရမှာက ကြော်ငြာတွေ စုပေးဖို့ပဲ"

"အေးပါဟဲ့. . . ငါက နင် ပင်ပန်းမှာစိုးလို့ပါ။ ပြီးတော့ နင့်အမေက ကောင်းကောင်း မကျန်းမာတော့ ညလုံးပေါက် ပစ်ထားလို့လည်း မဖြစ်ဘူး လေ။ အဲဒီတော့. . ."

အလုပ်ကြော်ငြာတွေထဲက ကောင်းနိုးရာရာတွေကို မြလေးညိုက သူ့ စိတ်ကူးနဲ့ သူမ စုဆောင်းပေးလေ့ ရှိတယ်။

ကုမ္ပဏီဝန်ထမ်းလို၊ အရောင်းမြှင့်တင်ရေးလုပ်သားလို အလုပ်မျိုးတွေ ပါ။

သူနဲ့ ဖိုးသား အလုပ်ခေါ်တဲ့ လူတွေ့စစ်မေးမှုနှင်းသမျှ ဝင်ရောက်ဖြေဆိုခဲ့ ပေမယ့် သူတို့နဲ့ သင့်တော်ကိုက်ညီတဲ့အလုပ်မျိုးတော့ အလွယ်တကူ ရှာမတွေ့ခဲ့ ဘူး။

ဒီနေ့လည်း အလုပ်ခေါ်တဲ့ လူတွေ့စစ်မေးမှုတစ်ခု လာဖြေရင်း ဆွမ်းခံ ရင်း ငှက်သင့်သလို ခါးငနဲနဲ့ တွေ့ဆုံခဲ့ကြတာပါ။

❄





"ငွေရမယ့်အလုပ်လိုက်ရှာခါမှ ကုသိုလ်ရေးအလုပ်နဲ့ လာတိုးနေပါလား သား"

"ဒီပိုက်ဆံအိတ်ကို ပိုင်ရှင်ငနဲဆီ ပြန်ပို့ပေးလိုက်ရင် ကျေးဇူးတုန့်ပြန်တဲ့ အနေနဲ့ ငွေလေးဘာလေး ထွက်လာမှာပါ နေရောင်ရ။ အရှုံးတော့ မရှိပါဘူး။ ပြီးတော့ အိတ်ပိုင်ရှင်ရဲ့ ကုမ္ပဏီလိပ်စာက ငါတို့ အင်တာဗျူး သွားဖြေမယ့် နေရာနားလေးတင်ပဲ"

"ဘာကုမ္ပဏီလဲ ဖိုးသား"

ဖိုးသားက ပိုက်ဆံအိတ်ထဲက အလုပ်ကဒ်ပြားကို ထုတ်ကြည့်ရင်း. . .

"ငါလည်း သေချာ မပြောတတ်ဘူး။ ကြယ်တံခွန်လုပ်ငန်းစုလို့ ရေး ထားတယ်။ ငနဲက အတွေ့တွေ မန်နေဂျာ။ ကောင်းစေသော်တဲ့"

## "ဘာ ကောင်းစေသော် ဟုတ်လား"

သူ ဖိုးသားလက်ထဲက ဝန်ထမ်းကဒ်ကို လှမ်းယူပြီး ကြည့်လိုက်တော့ အင်္ဂလိပ်လို ရေးထားပေမယ့် အသံထွက်ကတော့ မြန်မာလို ကောင်းစေသော် ဆိုပဲ ထွက်ရမှာ သေချာပါတယ်။ ပိုသေချာတာကတော့ ဝန်ထမ်းကဒ်မှာပါတဲ့ ဓာတ်ပုံပါ။

ကိုင်းသေးသေး ပါဝါမှက်မှန်၊ သေသပ်ပိပြားတဲ့ ဆံပင်ပုံစံနဲ့ ရုပ်မြင် အုပ်တွေထဲက ဇာတ်လိုက် မင်းသားလို ကြည့်ကောင်းလွန်းနေတဲ့ ဒီငနဲဟာ သူ ဆုံတွေ့ခဲ့ဖူးတဲ့ ကောင်းစေသော်ဆိုတာ သေချာပါတယ်လေ။

"မင်း သူ့ကို သိလို့လား နေရောင်"

"သိပ်သိတာပေါ့။ မင်း မမှတ်မိဘူးလား။ စည်သူ့ကို ကားနဲ့တိုက်မိတဲ့ ငနဲလေ"

သူပြောလိုက်တော့ ဖိုးသားက စဉ်းစားသလို တွေဝေသွားပြီး ခဏနေ တော့ လေတစ်ချက်ချွန်တယ်။

"မှတ်မိပြီ။ မင်းနဲ့ ငြိခဲ့တဲ့ ငနဲပဲ။ ဒါဆို ဒီပိုက်ဆံအိတ်ကို အစဖျောက်ပစ် လိုက်ရမလား"

အက်ဖ်အီးစီအထပ်လိုက်နဲ့ ပိုက်ဆံအိတ်ကိုကြည့်ရင်း ဖိုးသားအာ



www.burmeseclassic.com

www.burmeseclassic.com



အားတက်သရော မေးလာပေမယ့် သူ ခေါင်းယမ်းလိုက်တယ်။

"မလုပ်နဲ့ ဖိုးသား၊ သူ့ကို ပြန်ပေးရမယ်၊ အနည်းဆုံးလူတိုင်း ငွေမမက်ဘူးဆိုတာလောက်တော့ သူ ပြန်သိသင့်တာပေါ့"

ဖိုးသား အလွယ်တကူ ခေါင်းညိတ်ပြီး ပိုက်ဆံအိတ်ကို ကမ်းပေး လာလို့ သူ လှမ်းယူလိုက်တယ်။



(၂)

"ဆရာ. . . ညွှန့်သည်နှစ်ယောက်က တွေ့ချင်လို့တဲ့"

"လွှတ်လိုက်ပါ"

အင်တာကွန်းထဲက သဘောတူသံ ထွက်လာတော့မှ အတွင်းရေးမှူးလို့ ယူဆရမယ့် အမျိုးသားက ကောင်းစေသော်ရုံးခန်းဝကို လိုက်ပို့ပေးပါတယ်။

ဖိတ်ဖိတ်လက်နေတဲ့ အပြင်အဆင်တွေက ခပ်ရှိန်ရှိန် ဖြစ်ချင်စရာ ကောင်းပေမယ့် သူရော ဖိုးသားပါ အပေါ်ယံ ပကာသနတွေကို စိတ်မဝင်စားတာမို့ ခပ်တည်တည်ပဲ ရုံးခန်းထဲ ဝင်လာခဲ့ကြတယ်။

အဝါနုရောင် အလုပ်စားပွဲနောက် ဆုံလည်ကုလားထိုင်ပေါ်က ကောင်းစေသော်ဟာ သူ့ကို အတွေ့မှာ စဉ်းစားသလို မျက်မှောင်ကြုတ်သွားပြီး ခဏနေမှ မပွင့်တပွင့် ပြုံးလာတယ်။

"ညွှန့်သည်ဆိုလို့ လုပ်ငန်းရှင်တစ်ယောက်ယောက်လား မှတ်ပါတယ်. . . လက်စသတ်တော့



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ဝါကိုး။ ဆို နေရောင်ဝါ မင်းကို ကိုယ် ဘာအကူအညီပေးရမလဲ"

"ငါကသာ . . . မင်းကို ကူညီဖို့ လာတာပါ ကောင်းစေသော်"

ဆတ်ဆတ်ထိ မခံတဲ့ သူ့စကားကြောင့် ကောင်းစေသော် ဟက်က တစ်ချက် ရယ်ပြီး ပခုံးတွန့်တယ်။

"မင်းစကားက အဆန်းပါလား နေရောင်ဝါ"

"အဖြစ်အပျက်နဲ့ တိုက်ဆိုင်မှုတွေကလည်း သိပ်ဆန်းကြယ်တာကိုး ငါတို့ရှေ့မှာ ခလုတ်လာတိုက်တဲ့ ခါးပိုက်နှိုက်က မင်းအိတ်ကို နှိုက်လာတဲ့ ဖြစ်နေတယ်လေ။ ရော့ . . စစ်ကြည့်လိုက်ဦး"

အဝါနုရောင် စားပွဲပေါ် ပစ်တင်ပေးလိုက်တဲ့ သားရေပိုက်ဆံအိတ်လေး ကို လှမ်းကြည့်ရင်း ကောင်းစေသော် မျက်ခုံးတွန့်တယ်။ ပြီးမှ အိတ်ကို လှမ်း ပြီး ဖွင့်စစ်တယ်။

"တစ်ထောင်တန် သုံးရွက်ကတော့ ခါးပိုက်နှိုက်ကို လက်ဆောင် ပေးလိုက်လို့ မပါတော့ဘူး။ ကျန်တာတွေကတော့ နဂိုရေမပျက်သေးဘူး ထ တာပဲ"

"အားလုံးစုံပါတယ် နေရောင်ဝါ။ ကျေးဇူးပဲ မနက်က ပလာဇာဝင်ရင်း နှိုက်ခံရတာလား။ ကျပျောက်သွားတာလား။ ကိုယ့်ဟာကိုယ် ဇဝေဇဝါ ဖြစ် တာ"

"မင်းလို လူမျိုးတွေ ပိုများလာရင် ခါးပိုက်နှိုက်တွေအတွက်တော့ ဝမ်းသာစရာပဲ ကောင်းစေသော်။ နောက်ဆို ပိုက်ဆံအိတ်ကို ဘယ်တော့ ဘောင်းဘီနောက်အိတ်ထဲ ခပ်လွယ်လွယ် ထိုးထည့်မထားနဲ့"

"မင်းအကြံပေးချက်ကို ငါ မှတ်ထားပါ့မယ်"

"ကောင်းပြီ . . . ငါတို့ ပြန်မယ်"

သူနဲ့ ဖိုးသား အခန်းဝရောက်ခါနီးမှာပဲ ကောင်းစေသော်က လှမ်း တားတယ်။

"မင်းတို့ ဒီလို လွယ်လွယ်နဲ့ပြန်လို့ ဘယ်ဖြစ်မလဲ နေရောင်ဝါ"

"ဘာ"





လိုအပ်တာထက် ပိုကျယ်သွားတဲ့ သူ့ရဲ့ ခပ်ဆတ်ဆတ်တုန့်ပြန်သံ ကြောင့် ကောင်းစေသော်က သဘောကျသလို ပြုံးလိုက်တယ်။

***"မင်းကြည့်ရတာ အမြဲတမ်း ပေါက်တွဲသွေးဆူဖို့ အဆင်သင့်ဖြစ် နေသလိုပါပဲလား နေရောင်ဝါရဲ့*။ ငါ မင်းကိုတားတာက ပိုက်ဆံအိတ် ပြန် လာပို့ပေးတဲ့အတွက် တစ်ခုခု ညှိဝတ်ပြုချင်လို့ပါ။ ပြီးတော့ မင်းတို့ သွားချင် တဲ့နေရာကိုလည်း လိုက်ပို့ပေးပါ့မယ်"

ကောင်းစေသော်က လိုလိုလားလား ပြောလာပေမယ့် နေရောင်ဝါ ခေါင်းယမ်းငြင်းဆန်လိုက်တယ်။

"နေပါစေ ကောင်းစေသော်။ ငါတို့ သွားမယ့်နေရာက ဒီနားလေးတင် ပါ။ ပြီးတော့ မင်း ညှိဝတ်ပြုမှာကို ချီးမြှင့်ပေးချင်ပေမယ့် လောလောဆယ် တော့ ငါတို့ အချိန်မရတော့ဘူး။ နောက်တစ်ခေါက်ဆုံမှပဲ လိုက်စားတာပေါ့ ဟုတ်ပြီလား၊ အကြွေးလို့ မှတ်ထားလိုက်ပေါ့ကွာ"

သူ့ရဲ့အဆုံးသတ်စကားကို ကောင်းစေသော် သဘာမကျမှန်း သူရိပ်မိ လိုက်တယ်။

အကြွေးမှတ်ထားလို့ သူက ပေါ့ပေါ့ပါးပါး ပြောလိုက်တာ ဖြစ်ပေမယ့် ကောင်းစေသော်ကတော့ တကယ့် အကြွေးတစ်ခု တင်သွားသလိုမျိုး မချင့်မရဲ ဖြစ်နေပုံပါ။

ဘာမဟုတ်တဲ့ စကားတင်စီးမှုလေးကိုတောင် မခံစားနိုင်တဲ့ ဘဝင်သမား ပဲလို့ တွေးလိုက်မိတယ်။

အဲဒီနေ့လည် သူနဲ့ ဖိုးသားရဲ့ အင်တာဗျူးဖြေဆိုမှုက အခြေအနေ ကောင်းတယ်လို့ ပြောရမယ်။

အလုပ်က သူတို့ မျှော်လင့်သလို တက်လမ်းရှိတဲ့ အလုပ်မျိုးဖြစ်ပြီး အခြေခံလစာကလည်း ကောင်းတာမို့ နှစ်ယောက်စလုံး တက်ကြွသွားတယ်။ လူတွေ့စစ်မေးသူက သူတို့နှစ်ယောက်ကို တစ်ပတ်အတွင်း အကြောင်းပြန်မယ် လို့ ဆိုတယ်။

"မင်း ဘယ်လိုထင်သလဲ နေရောင်"

အင်တာဗျူးဖြေပြီး ပြန်ထွက်လာကြတော့ ဖိုးသားက လှမ်းမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကောင်းမှာပါ။ သူတို့လည်း လူလိုနေပုံပဲ။ ဒီအလုပ်တော့ အဆင်ပြေမယ် ထင်ပါတယ်"

ဖိုးသားနဲ့သူ့ အင်တာဗျူးဖြေတဲ့ကုမ္ပဏီထဲက ထွက်လာတော့ ကုမ္ပဏီရှေ့ ဝယတ်ဆောင်းဘေးမှာ ကားရပ်ပြီး သူတို့ ထွက်အလာကို စောင့်ဆိုင်းနေတဲ့ ကောင်းစေသော်ကို တအံ့တဩ တွေ့မြင်လိုက်ရတယ်။ ကောင်းစေသော်က အရောင်မြှင့်တင်ရေး အပြုံးမျိုးနဲ့. . . .

'ကဲ. . . အခုတစ်ခါတော့ ငါ ညွှဝတ်ပြုမှာကို မင်းတို့ လိုက်ချီးမြှင့်နိုင်ပြီ မဟုတ်လား နေရောင်ဝါ"

"မင်း ဒီမှာ ဘာလာလုပ်တာလဲ"

သူ နားမလည်သလို မေးလိုက်တော့ ကောင်းစေသော်က ကားတံခါး တို ဖွင့်ပေးရင်း. . .

"မင်းတို့ကို လာစောင့်နေတာလေ။ ဒီလာတာ ဘယ်လိုသိသလဲဆိုတော့ ငါ့တပည့် တစ်ယောက်ကို လိုက်ကြည့်ခိုင်းလိုက်လို့ပါ။ ဘာလို့ လိုက်ကြည့်ခိုင်း ရသလဲဆိုရင် မင်းတို့အပေါ်မှာ အကြွေးတင် မခံချင်လို့ပဲ"

ကလေးဆန်လှတဲ့ ကောင်းစေသော်စကားကြောင့် သူ မပြုံးချင်ပြုံးချင် ပြုံးလိုက်တယ်။

"မင်းလည်း အလုပ်ကြီးအကိုင်ကြီးတွေသာ လုပ်နေတယ်။ စိတ်ကတော့ တော်တော် နုသေးတာပဲ ကောင်းစေသော်"

"မင်း ပြောလည်း ခံရမှာပဲ။ ငါက အကြွေးဆိုရင် ဘာအကြွေးမှ အတင် ခံချင်တဲ့လူ မဟုတ်ဘူး။ ကဲ . . . ကားပေါ်တက်ကွာ"

ဖိုးသားကို ကြည့်လိုက်တော့ ဖိုးသားက လိုက်သွားပါဆိုတဲ့သဘောနဲ့ ခေါင်းတစ်ချက် ညိတ်ပြတယ်။ ဒီလိုနဲ့ တစ်ခါမှ မရောက်ဘူးတဲ့ဆိုင် တစ်ဆိုင် ကို ရောက်ဖြစ်သွားရပြီး ကောင်းစေသော် တည်ခင်းတဲ့ နေ့လည်စာကို စားဖြစ် သွားတယ်။

ဖိုးသားက သူတို့နှစ်ယောက် အလုပ်အင်တာဗျူး လာဖြေတဲ့အကြောင်း လျှာချောင် ပြောပြလိုက်လို့ သိသွားတဲ့ ကောင်းစေသော်က နေရောင်ဝါကို. . .

'ငါတို့ ကုမ္ပဏီမှာ လာလုပ်ပါလား' လို့စတင် ကမ်းလှမ်းလာတယ်။





"ဘာလဲ မင်းလက်အောက်မှာ လာလုပ်ရမှာလား"

"မဟုတ်ပါဘူး။ ကုမ္ပဏီကို တကယ်အုပ်ချုပ်တဲ့ ပိုင်ရှင်အစစ်က ငါ့ အဖေပါ။ ငါက အဖေ့ကုမ္ပဏီက လခစားဝန်ထမ်းပဲ။ ပြီးတော့ အုပ်ချုပ်ရေးပိုင်းနဲ့ ငါနဲ့က သပ်သပ်စီပါ။ မင်းတို့ ငါ့လက်အောက်မှာ လုပ်ရမှာ မဟုတ်ဘူး"

"ဘာတွေ လုပ်ရမှာလဲ ကိုကောင်းစေသော်၊ ပြီးတော့ လစာကရော"

ဖိုးသားက စိတ်ဝင်စားသလိုမျိုး ဝင်မေးလာပေမယ့် သူကတော့ နေ့လည်စာကိုသာ စိတ်ပါလက်ပါ ဆက်စားနေလိုက်တယ်။

"ဘာလုပ်ရမလဲဆိုတော့ ကြယ်တံခွန်လုပ်ငန်းစုမှာ လုပ်ငန်းခွဲတွေ ရှိတယ်။ ဒီတော့ ဖိုးသားတို့ နေရောင်ဝါတို့ စိတ်ဝင်စားတဲ့ လုပ်ငန်းကို ရွေးချယ် ပေါ့။ ပြီးတော့ မျှော်မှန်းလစာအတိုင်း ရဖို့လည်း တာဝန်ယူပြီး ပြောပေးမယ်။ ကဲ . . . ဘယ်လိုလဲ နေရောင်ဝါ"

သူ အသားဖတ်တစ်ခုကို ခရင်းနဲ့ထိုးပြီး လှမ်းယူနေရာက ကောင်းစေ သော်ကို ပြန်မေးလိုက်တယ်။

"ဘာကိုလဲ ကောင်းစေသော်"

"မင်း တို့ကုမ္ပဏီမှာ အလုပ်ဝင်ဖို့လေ"

ပါဝါမျက်မှန်နောက်က မျက်လုံးတွေအရ အမှန်တကယ် စိတ်ဝင်တစား မေးလာမှန်း သိလာလှပါတယ်။

ဖိုးသားလည်း ကောင်းစေသော်နည်းတူ သူ့အဖြေကို မျှော်လင့်နေပုံ ပါ။

သူက အသားတစ်ဖတ်ကို စိတ်ဝင်တစား ဝါးနေလိုက်ပြီးမှ . . .

"နေပါဦး။ ငါ ပညာဘယ်လောက်တတ်တယ်။ ဘာတွေလုပ်တတ်တယ် ဆိုတာတောင် မသိဘဲ ဘာဖြစ်လို့ ဒီလောက်တောင် အလုပ်ပေးချင်နေရတာ လဲ။ ဘာလဲ ပိုက်ဆံအိတ်ကြောင့်လား။ အဲဒါဆိုရင်တော့ မင်း ကျေးဇူးတုန့်ပြန်ပုံ က လိုတာထက် ပိုနေပြီ"

"ငါ မင်းကို သဘောကျလို့ပါ"

"ဘာ"

"ဟုတ်တယ် နေရောင်ဝါ။ မင်းမှာ အရည်အချင်းရှိတယ်၊ မင်းနဲ့တူတာ



www.burmeseclassic.com

www.burmeseclassic.com



*တစ်နေ့ပင်းကို ထူးထူးခြားခြား ဖြစ်စေလိမ့်မယ်* တစ်ခုတော့ ရှိတယ်၊ မာနကို အလွဲ မသုံးဖို့တော့ လိုတယ်"

ကောင်းစေသော်နဲ့ တွေ့ဆုံစဉ် တစ်လျှောက်လုံး ပထမဆုံးအကြိမ်အဖြစ် သူ ဟက်ကနဲ အသံထွက်ပြီး ရယ်လိုက်မိတယ်၊

မာနကို အလွဲ မသုံးနဲ့ . . . တဲ့၊ ဒါဟာ ဗျောက်ပင့်သလိုလိုနဲ့ ရိုက်ချ လိုက်တာပဲ ထင်ပါရဲ့၊

*"ဖိုးဟနအတွက် မင်း စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ ကောင်းစေသော်၊ ဖိုးအသော ကြည့်ထိန်းပါ့မယ်"*

"ဒါဆို မင်း အလုပ်ဝင်မယ်ပေါ့"

"ငါ ပြောမိလို့လား"

ကောင်းစေသော်ရော ဖိုးသားပါ သူ့ကို တအံ့တဩ လှမ်းကြည့်ပေမယ့် သူ ဂရုမစိုက်ဘဲ အစားကိုသာ လက်စသတ်လိုက်တယ်၊

ပန်းကန်ထဲက အစားအစာတွေကုန်သွားတော့မှ ပန်းကန်ကို ဘေး တွန်း ဖယ်လိုက်ပြီး . . .

"ငါ စဉ်းစားမယ်လေ ဟုတ်ပြီလား"

ဒီတော့မှ ကောင်းစေသော်က ကျေနပ်သွားသလိုမျိုး ခေါင်းတစ်ချက် ညိတ်လိုက်တယ်။ သူ ကောင်းစေသော်ကို သိချင်စိတ်နဲ့ မေးလိုက်တယ်၊

"နေပါဦး မင်း ဘာဖြစ်လို့ ဒီလောက်တောင် သဘောကောင်းပြီး တို့နှစ်ယောက်ကို အလုပ်ပေးချင်နေရတာလဲ ကောင်းစေသော်၊ ပြီးတော့ မင်းကြည့်ရတာ တစ်ခုခု ထူးခြားနေသလိုပဲ"

"ဟုတ်လား. . . ဘယ်လို ထူးခြားနေလို့လဲ"

ကောင်းစေသော်က စိတ်ဝင်တစား ပြန်မေးလာတယ်၊

"ငါ့စိတ်ထင် မင်းစိတ်တက်ကြွနေတာလား။ ပျော်နေတာလား တစ်ခု ခုပဲ"

"မင်းတော်တယ် နေရောင်ဝါ၊ မင်းခန့်မှန်းတာ အတိအကျ နီးပါး မှန်တယ်။ ငါ စိတ်ချမ်းသာနေလို့ ဖြစ်မယ်"

"ဘာကြောင့်လဲ ကိုကောင်းစေသော်"





ဖိုးသားက ဝင်မေးတော့ ကောင်းစေသော် ပြုံးတယ်၊

*"ငါ စိတ်ဝင်စားနေတဲ့ မိန်းကလေးတစ်ယောက်ကို ယက်တယ်ခွင့် ကောင်းကားကာ ဒီနေ့မနက် အကြောင်းပြန်တယ်လေ*၊ သူ့မိဘနှစ်ပါးစလုံးက ကန့်ကွက်စရာ မရှိပါ ဘူးတဲ့။ အဲဒါကြောင့် ငါပျော်ပြီး မင်းတို့နှစ်ယောက်ကို အလုပ်ဝင်ဖို့ ကမ်းလှမ်း နေမိတာ ဖြစ်မယ်"

နေရောင်ဝါက အိတ်ကပ်ထဲက တွန့်ကြေနေတဲ့ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း ကောင်းစေသော်ကို အံ့ဩသလို ကြည့်လိုက်မိတယ်၊

"မင်းလို စက်ရုပ်ဆန်ဆန် လူတစ်ယောက်မှာ အချစ်စိတ်ရှိတယ် ဆိုတာ အံ့ဩစရာပဲ ကောင်းစေသော်"

"နေပါဦး. . . မင်းကော မရှိလို့လား နေရောင်ဝါ"

"ငါလား. . . ငါတော့ အဲဒီလို မေးခွန်းမျိုး တစ်ခါမှ ကိုယ့်ကိုယ်ကို ပြန် မေးမကြည့်မိဘူး၊ ရှိလား မရှိဘူးလားဆိုတာလည်း မစဉ်းစားဖူးဘူး"

ကောင်းစေသော်က မခိုးမခန့် ပြုံးလိုက်ပြီး ပြန်ပြောတယ်၊

"ဒါဆို ငါ့ထက် မင်းက ပိုအံ့ဩဖို့ ကောင်းတာပေါ့ နေရောင်ဝါ"

"အင်း. . . ဖြစ်နိုင်ပါတယ်လေ"

စီးကရက်ငွေ့တွေကို မှုတ်ထုတ်ပြီး နေရောင်ဝါ တုန့်ပြန်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကောင်းစေသော်ရဲ့ဘဝမှာ အကြောင်းအရာတစ်ခုအတွက် သိစရာလိုတဲ့ အချက်အလက်တွေကို အကုန်အစင် မသိဘဲ ဆုံးဖြတ်ချက်ချတာမျိုး။ ငွေကြေးစည်းစိမ်ဥစ္စာနဲ့ ရေရှည်အကျိုးအမြတ်ကို ထည့်မစဉ်းစားဘဲ စီမံကိန်း ရေးဆွဲတာမျိုးကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။

ဒါပေမယ့် ချိုလွင်သာယာနဲ့ ပတ်သက်တဲ့ စိတ်ခံစားမှုကတော့ ခြွင်းချက်လို့ ဆိုရမယ်။

ဆံပင်ကို အခြားသော လူငယ်တွေလို ရှေရောင်ပြောင်းဖူးမွှေးရောင် မဆိုးဘဲ ထူးထူးခြားခြား အညိုရင့်ရောင်ဆိုးထားတဲ့ ချိုလွင်သာယာကို ပထမဦးဆုံးအကြိမ် စတွေ့ဖူးစဉ်မှာပဲ. . .

ကောင်းစေသော် စိတ်ဝင်စားခဲ့မိတာ ဖြစ်သလို သူ့ရဲ့ ဘဝကြင်ဖော်အဖြစ် ရွေးချယ်ဖို့ကိုလည်း စိတ်ကူးမိခဲ့တာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အမည်၊ ပညာအရည်အချင်းနဲ့ မိဘတွေရဲ့ အလုပ်အကိုင် ဘာ
တစ်ခုမှ မသိသေးဘဲနဲ့ကို စိတ်ဝင်စားခဲ့မိတာပါ။

သူမကိုချဉ်းကပ်ဖို့ ကြိုးစားကြည့်ခဲ့ပေမယ့် အံ့ဩစရာကောင်းလောက်
အောင် ရှေ့မဆက်ရဲခဲ့ဘူး။ ဒါကြောင့် သူ့အဖေကိုပဲ အပူကပ်ခဲ့ရတယ်
သူ့တောင်းဆိုမှုကြောင့် ဖေဖေက အံ့ဩနေခဲ့ပါသေးတယ်။

"မင်း ဦးတင်ချို့မှာ သမီးရှိမှန်း ဘယ်တုန်းက စသိတာလဲ"

***ဦးတင်ချို့ဆိုတာ ကုမ္ပဏီနဲ့ လုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်သူ၊ စီးပွားရေးလောက
နယ်စားပယ်စား ထင်ပေါ်ကျော်ကြားသူ*** . . . ချိုလွင်သာယာကို ဦးတင်ချို့ရဲ့ တစ်ဦးတည်း
သော သမီးဖြစ်မှန်းသိလို့ စိတ်ဝင်စားခဲ့တာလို့ ဖေဖေက ထင်နေပုံပါ။

"သူ့မှာ သမီးရှိမှန်း ကျွန်တော် မသိပါဘူးဖေဖေ၊ ချိုလွင်သာယာဟာ
ဦးတင်ချို့ရဲ့သမီးမှန်း ကျွန်တော် လုံးလုံး မသိခဲ့ဘူး။ ချိုလွင်ကို စိတ်ဝင်စားပြီး
သာ သူ့အဖေဟာ ဦးတင်ချို့ ဖြစ်နေမှန်း ကျွန်တော် သိခဲ့ရတာ"

"ဒါဆို သူ့ငွေးသမီးမှန်း မင်း မသိခဲ့ဘူးပေါ့"

"ဟုတ်ကဲ့ . . . ဘဝမှာ စည်းစိမ်ဥစ္စာတွေအကြောင်း ပထမဦးဆုံးအကြိမ်
ထည့်မစဉ်းစားမိခဲ့ဘူးလို့ ပြောရမှာပဲ"

သူ ရိုးရိုးသားသား ဝန်ခံလိုက်တော့ ဖေဖေက ထူးဆန်းသလို အကြာကြီး
ကြည့်နေခဲ့ပါသေးတယ်။

ပြီးမှ . . . လူကြီးချင်း နားဖောက်နိုင်အောင် ကြိုးစား ပေးမယ်လို့ က
ပေးခဲ့တယ်။ ဖေဖေ့ရဲ့ ကြိုးစားမှုတွေ အရှိန်ရလာချိန်မှာတော့ ဦးတင်ချို့
တွေ့ချင်တယ်ဆိုတာကြောင့် ဟိုတယ်နစ်ကိုးမှာ သူ ညစာဖိတ်ကျွေးခဲ့ရပါသေး
တယ်။

အဲဒီနောက်ပိုင်း အပြန်အလှန်အားဖြင့် ဦးတင်ချို့တည်ခင်းတဲ့ ညစာ
ဖေဖေနဲ့သူ နှစ်ခါလောက် တက်ရောက်ခဲ့ရတယ်။ တစ်ခါက အပြင်ဟိုတယ်
တစ်ခုမှာ ဖြစ်ပြီး ကျန်တစ်ကြိမ်ကတော့ ဦးတင်ချို့တို့ရဲ့ စံအိမ်ကြီးမှာ ဖြစ်တယ်

ဖေဖေက 'သား ကံကောင်းမှာပါ' လို့ နိမိတ်ဖတ်ခဲ့ပေမယ့် သူ မယုံ
ဘူး။ ဒါပေမယ့် ဒီနေ့ မနက်စောစော ဖေဖေ့ဆီက တယ်လီဖုန်းခေါ်
ထွက်ပေါ် လာပြီးချိန်မှာတော့ သူ ယုံကြည်လက်ခံခဲ့ရတယ်။





"ဦးတင်ချို့တို့ဘက်က ကန့်ကွက်စရာ မရှိပါဘူးလို့ အကြောင်းပြန်တယ်
သား၊ အဘိုးကြီးက မင်းကို သဘောကျနေပုံပဲ။ သူ့သမီးရဲ့ဆန္ဒကို မေးကြည့်ဦး
မယ်တဲ့။ ဘာပဲဖြစ်ဖြစ် အဖိုးကြီးရော၊ အဖွားကြီးပါ ခေါင်းညိတ်တယ်ဆိုတော့
အဆင်ပြေပါပြီကွာ"

တယ်လီဖုန်းထဲက ဖေဖေ့အသံကို နားထောင်နေရင်း သူ ရင်တွေ
တလှပ်လှပ် ခုန်နေမိတယ်။

သူ့အဖြစ်ကို အကြောင်းသိတွေသာ သိသွားလို့ကတော့ ဝိုင်းဟားကြမှာ
သေချာပါတယ်။

"သား . . . ညနေကျရင် ဦးတင်ချို့တို့ခြံကို သွားလိုက်ဦး"

"ဘာအတွက်လဲ ဖေဖေ"

"မပြောတတ်ဘူး။ ညနေအားရင် လွှတ်လိုက်ပါဦးလို့ပဲ ပြောတယ်။
လိုရမယ်ရ ညစာစားပွဲ ဝတ်စုံလေး ဘာလေး ဝတ်သွားပေါ့ကွာ"

"ဟုတ်"

ဖေဖေနဲ့ ဖုန်းပြောပြီးလို့ မကြာခင်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် နေရောင်ဝါ
တို့က ရောက်လာခဲ့တယ်။ ပုံမှန်အတိုင်းဆိုရင်တော့ မဖြစ်ညစ်ကျယ် မာနလေး
မြှူပြီး သွေးဆူလွယ်သူ နေရောင်ဝါကို သူ မှန်တန်းလောက်သာ ဆက်ဆံခဲ့မှာ
ဖြစ်ပေမယ့် . . .

ဖေဖေ့ဆီက သတင်းကို နားထောင်ပြီး ပျော်ရွှင်နေတာကြောင့် လိုက်
သိုက်လျောလျော ဆက်ဆံဖြစ်ခဲ့သလို နေ့လည်စာကျွေးရုံမက အလုပ်ပါ ပေး
လိုက်မိပါသေးတယ်။

ဒါပေမယ့် သကောင့်သား မာနခဲက စဉ်းစားမယ်လို့သာ မယုတ်မလွန်
ပြောသွားလေရဲ့။

သူက ကြည်နူးနေတဲ့စိတ်ကို အနောက်မခံချင်တာမို့ နေ့ရောင်ဝါ့
စကားအပေါ် ဇွဲမယူခဲ့ပါဘူး။

ကုမ္ပဏီရုံးခန်းကို ပြန်ရောက်ပြီး တစ်နေ့လုံး ဘာအလုပ်မှ မလုပ်ဖြစ်ဘဲ
ညနေစောင်းချိန်ကိုသာ ထိုင်မျှော်နေခဲ့တယ်။ လေးနာရီတိတိ ထိုးချိန်မှာတော့
သူ ရုံးခန်းထဲက ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ အပြင်သွားမလို့လား"

"မဟုတ်ဘူး. . . ငါ ရုံးဆင်းပြီ၊ ကျန်တဲ့ (အပ္ပိုင့်မင့်)တွေ မင်းပဲ ကြည့်ရှင်းလိုက်တော့ကွာ"

ငါးနာရီ မထိုးမချင်း ဘယ်တုန်းကမှ ရုံးမဆင်းဘူးတဲ့ သူ့ကို အတွင်းရေးမှူးလည်းဖြစ် တပည့်လည်းဖြစ်သူ မောင်လုံးက အံ့ဩသလို ကြည့်ရင်း ကျန်ရစ်ခဲ့တယ်။ သူ့အတွက် ခေါင်းဝင်လျှော်ပြီး ဆံပင်ပုံသွင်းဖို့ အချိန်လိုသလို၊ သင့်တော်လိုက်ဖက်တဲ့ ဒင်နာဆုတ်(တ်) ရွေးချယ်ဖို့လည်း အချိန် လိုအပ်ပါတယ်။

❄





ပုံမှန်အတိုင်းဆိုရင် ချိုလွှင်သာယာတို့ ခြံကျယ်ကြီးထဲက ကားရပ်တွင်းမှာ သူ့ကား ထိုးရပ်ပြီးတာနဲ့. . .

(ကားတံခါးပြေးဖွင့်ပေးဖို့နဲ့ အိမ်ဝအထိ လိုက်ပို့ပေးဖို့) အလုပ်သမားတစ်ယောက် ရောက်ရှိလာရမှာ ဖြစ်တယ်။

ဒါပေမယ့် ခြံတံခါးဖွင့်ပေးလိုက်သူ ဂိတ်စောင့်လုံခြုံရေးတစ်ဦးက. . .

'ဆရာ ကားရပ်ပြီး ကားပေါ်မှာ ခဏလေး ထိုင်စောင့်နေပါ' လို့ မှာကြားလိုက်တာကြောင့် သူ ခပ်ကြောင်ကြောင် ဖြစ်နေမိတယ်။

ကိုယ့် ဘာသာပဲ ကားပေါ်က ဆင်းပြီး အိမ်ဝကို လျှောက်သွားရမလား။ ဒါမှမဟုတ် တစ်ယောက်ယောက် လာတဲ့အချိန်အထိ ကားပေါ်မှာ ထိုင်စောင့်နေရမလား။

ကံကောင်းထောက်မစွာ သူ့ရဲ့ ဇဝေဇဝါဖြစ်ရမှုက သိပ်တော့ မကြာခဲ့ဘူး။ ငါးမိနစ်သာသာ ဆယ်မိနစ်နီးပါးအချိန်အတွင်းမှာပဲ သူ့ကားနားကို တန်ဖိုးကြီး ရေမွှေးနံ့တစ်ခု သင်းကနဲ ဝေ့ဝဲလာတယ်။

သူကြည့်လိုက်တော့ ကားဆီကို ဦးတည်လျှောက်လှမ်းလာတဲ့ ချိုလွှင်သာယာ။

မော်ဒယ်တွေ လျှောက်သလို ဆတ်တောက်တောက် ကြောင်ခြေလှမ်းမျိုး မဟုတ်ဘဲ နန်းဆန်ဆန် လျှောက်လှမ်းလာတာပါ။ သူ မှင်သက်နေမိဆဲမှာပင် သူမ ကားထဲကို ဝင်ထိုင်လာတယ်။

*"ကောင်းသော ညနေခင်းပါ ကိုကောင်းစေသော်"*

"ဟုတ်ကဲ့ . . . မင်္ဂလာပါ"

"သာယာ ကိုကောင်းစေသော်နဲ့ စကားအေးအေးဆေးဆေး ပြောချင်လို့ပါ၊ ဖေဖေတို့က ရှင်နဲ့ တွေ့ခိုင်းထားလို့လေ။ တစ်ဆိုင်ဆိုင်ကို သွားကြမလား"

"ကောင်းတာပေါ့ ချိုလွှင်"

စိတ်လှုပ်ရှားနေပေမယ့် သူ့ တုန့်ပြန်မှုက တည်တည်ငြိမ်ငြိမ်မို့ ကိုယ့်ကိုယ်ကို ကျေးဇူးတင်ရပါသေးတယ်။

ကားကို ခပ်ဖြည်းဖြည်း မောင်းထွက်လာရင်း အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဆိုင်တစ်ဆိုင်၊ ဒါမှမဟုတ် ဟိုတယ်တစ်ခုခုကို သူ အမြန်



www.burmeseclassic.com

www.burmeseclassic.com



အမြန် စဉ်းစားလိုက်တယ်။ သူမက ဆာကူရာ သွားပါလို့ ပြောလာတော့မှ သူ ဦးနှောက်ခြောက် သက်သာသွားရတယ်။

❄

"ဖေဖေက ကိုကောင်းစေသော်တို့ဖက်က ကမ်းလှမ်းချက်ကို ပြောပြပါတယ်။ သာယာ့ကို လက်ထပ်ခွင့်တောင်းတဲ့အကြောင်းနဲ့ အဆင်ပြေရင် စေ့စပ်ထားချင်တယ်ဆိုတဲ့အကြောင်း"

ဆာကူရာတာဝါရဲ့ (Sky Loung) ကော်ဖီခန်းကနေ ဟိုးအောက်ကကားတွေ ဖြတ်သွားကြတာကို ငေးကြည့်နေရင်း သူမက အေးအေးဆေးဆေး စကားစလာတယ်။

"ဖေဖေနဲ့ မေမေကလည်း သဘောတူကြပုံပါပဲ။ ဖေနဲ့ မေက သာယာ့ဆန္ဒကို မေးတယ်လေ"

"အဲဒီတော့ ချိုလွင်သာယာရဲ့ သဘောက. . ."

မေးပြီးမှ သူ့မေးခွန်းက တော်တော်တုံးတာပဲလို့ ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်သွားရသေးတယ်။ သူမက ဗစ်တိုးရီးယားပုံ အညိုရောင် ဆံပင်တွေကို သပ်တင်ရင်း သူ့ကို ပြုံးကြည့်တယ်။

"သာယာ စဉ်းစားချင်သေးတယ်. . . ကိုကောင်းစေသော်"

"အို . . . ဟုတ်တာပေါ့။ စဉ်းစားရမှာပေါ့။ ကိုယ် လောကြီးသွားတဲ့အတွက် တောင်းပန်ပါတယ် ချိုလွင်"

"ရပါတယ်. . . ရှင်လည်း သိချင်မှာပဲ။ ဒီလောက်တော့ မေးခွင့်ရှိပါတယ်။ သာယာကလည်း စဉ်းစားချင်သေးတယ်ဆိုတာကို ပြောချင်တာကြောင့် ကိုကောင်းစေသော်ကို ခေါ်လာတာပါ"

"စဉ်းစားပါ ချိုလွင်သာယာ၊ ကိုယ် စောင့်ပါ့မယ်"

သူ လိုက်လိုက်လျောလျော ပြောလိုက်တော့ သူမက ပြုံးပြီး သုံးနှစ်သုံးမိုးတော့ မကြာစေရပါဘူးလို့ အာမခံလာတယ်။





"သုံးနှစ်ကြာမယ်ဆိုရင်လည်း ကိုယ်စောင့်ရမှာပေါ့ ချိုလွင်ရယ်။ ထိုမှ မရှိပါဘူး။ ဒါပေမယ့် တစ်ခုတော့ သိချင်တယ်"

"ပြောပါ. . ."

"ကိုယ် အောင်မှတ်ရလောက်ရဲ့လား ဆိုတာပါ"

သူမက နီစွေးနေတဲ့ နှုတ်ခမ်းအစုံကိုတွန့်ပြီး မပြုံးချင်ပြုံးချင် ပြုံးလိုက်တယ်။

"ရနိုင်ကောင်းပါတယ် ကိုကောင်းစေသော်။ အင်း. . . ပြောရရင် ရမြဲပြီလို့တောင် ပြောလို့ရပါတယ်။ ရှင်စိတ်ပူရမှာက ဂုဏ်ထူးထွက် မထွက်ပါ"

သူမစကားကြောင့် သူ လှပ်ကနဲဝမ်းသာသွားတယ်။ သူမက ကော်ဖီခွက်ကို ဖြည်းဖြည်းချင်း မွှေနေရင်း မှန်ပြတင်းအပြင်ဖက်ကို ငေးနေပြန်တယ်။ သူကတော့ သူမရဲ့ ကြည်လင်တဲ့မျက်နှာလေးကိုသာ စိုက်ကြည့်နေမိတယ်။ အတော်ကြာမှ. . .

"ကိုယ့်လိုမျိုး ဂုဏ်ထူးနဲ့ ခရက်ဒစ်ကို မျှော်လင့်မယ့် ပြိုင်ဘက်တွေ အတော်များသလား ချိုလွင်"

"ရှင်"

"ဩော်. . . ကိုယ့်မှာ စိုးရိမ်ရမယ့် ပြိုင်ဘက်တွေ များသလားလို့ပါ"

သူမက ပြုံးပြီး ခေါင်းယမ်းလာလို့ သူ တအံ့တဩ ပြန်မေးလိုက်တယ်။

"မရှိဘူးလား"

"ဆိုပါတော့"

အံ့ဩစရာပါပဲ. . .။

သူ မယုံနိုင်လောက်အောင် ဝမ်းသာသွားရပါတယ်။ ဝမ်းသာမှုကို မရောင့်ရဲနိုင်ဘဲ ထပ်စူးစမ်းလိုက်တယ်။

"ချိုလွင့်ဘဝမှာ စိတ်ဝင်စားလောက်စရာ ယောကျ်ားလေးတစ်ယောက်မှ မတွေ့ခဲ့ဘူးဆိုတဲ့ သဘောလား"

သူ့မေးခွန်းက ဘောင်နည်းနည်းကျော်ကောင်းကျော်နိုင်ပေမယ့် ရိုးရိုးသားသား သိချင်စိတ်နဲ့ စူးစမ်းလိုက်တာပါ။

သူမရဲ့ မျက်နှာလေး တည်သွားပြီး စဉ်းစားသလို ငြိမ်သက်သွားတော့ သူ စိတ်လှုပ်ရှားရပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



*"အင်း . . . ခရီးသွားရင်း တစ်ယောက်တော့ တွေ့ခဲ့ဖူးတယ်။ ကြာပါပြီ။ နယ်မြို့လေးတစ်မြို့မှာ တွေ့ခဲ့တာပါ"*

"မြည်ပမှာလား"

သူ စိတ်ဝင်စားစွာ မေးလိုက်တော့ သူမ ခေါင်းခါတယ်။

"မြန်မာပြည်မှာပါ"

"ဟုတ်လား . . . ဘယ်ကလဲ ချိုလွင်သာယာ"

"မသိဘူး"

"သူ့နာမည်ကရော . . ."

သူမ သက်ပြင်းချရင်း ခေါင်းယမ်းပြန်တယ်။

"မပြောတတ်ဘူး . . . ခရီးသွားဟန်လွဲတွေ့ခဲ့တာမျိုးပါ"

သူမက နာမည်တောင် မပြောပြနိုင်တဲ့ တစ်စုံတစ်ယောက်ကိုတော့ စိတ်ပူစရာအကြောင်း မရှိပါ။

ဘယ်သူမဆို ခရီးသွားရင်း ရင်ခုန်သလိုလို၊ ရင်ခုန်ချင်စရာလိုလို အဖြစ်မျိုးတွေက ဖြစ်တတ်ကြတာပဲ မဟုတ်လား။ သက်ပြင်းငွေ့ငွေ့ကို ချလိုက်တဲ့ အချိန်မှာပဲ သူမက ရင်အေးစရာစကားကို ဆိုလာတယ်။

"ဘာပဲဖြစ်ဖြစ် စိတ်မပူပါနဲ့ ကိုကောင်းစေသော်။ သာယာ့မှာ စဉ်းစားရမယ့်လူဆိုလို့ ရှင်တစ်ယောက်ပဲ ရှိပါသေးတယ်။ ပြီးတော့ ရှင့်မှာ မိန်းကလေးတစ်ယောက် ငြင်းလောက်စရာ ပြစ်ချက်ဆိုလို့လည်း ဘာမှ မရှိဘူးလေ။ သာယာက သေချာချင်လို့ အချိန်ယူတာပါ"

"ကျေးဇူးတင်ပါတယ် ချိုလွင်၊ ကိုယ့်ရဲ့ အောင်စာရင်းကို ကိုယ်စောင့်နေပါ့မယ်"

"စိတ်ချလက်ချ စောင့်ပါ ကိုကောင်းစေသော်၊ ရှင် အခြေအနေ ကောင်းမှာ သေချာပါတယ်"

သူမက ကြည်ကြည်လင်လင် ပြုံးပြီး ပြောလာတာပါ။

စားပွဲပေါ်က သင်းပျံ့နေတဲ့ ကော်ဖီခွက်ကို မ,ယူပြီး တစ်ငုံငုံလိုက်တော့ ချောမွေ့နွေးထွေးတဲ့ အရသာဟာ လည်ချောင်းတစ်လျှောက် စီးဆင်းသွားလေရဲ့။



(၄)

"ကျုပ်ခြေထောက် သက်သာတဲ့အထိ စောင့်ပေးနေမယ်ဆိုရင် ခင်ဗျားတို့ အချိန်တွေ အလဟဿကုန်ပြီး ခရီးဖင့်နေလိမ့်မယ်"

"အဲဒီတော့ ရှင် ဘယ်လိုစဉ်းစားထားသလဲ ဂျိမ်းဒင်း"

ကေသရီက စိတ်ဝင်တစားပြန်မေးလိုက်ပြီး သီရိနဲ့ ချိုလွင်သာယာကတော့ ဂျိမ်းဒင်းရဲ့ အဖြေကိုသာ တိတ်တိတ်ဆိတ်ဆိတ် စောင့်ဆိုင်းနေလိုက်တယ်။

ပတ်တီးထူထူ စီးထားရတဲ့ ဂျိမ်းဒင်းရဲ့ ခြေထောက်က အရောင်မလျော့တဲ့အပြင် မတ်တပ်ရပ်ဖို့တောင် ဘေးနားမှာ ကိုင်စရာမြဲစရာရှိမှ ထရပ်နိုင်ပြီး လမ်းလျှောက်ရင်တော့ ခြေတစ်ပေါင်ကျိုး လျှောက်နေရတယ်။

နောက်တစ်နေ့ ဆေးခန်း ထပ်သွားပြီး ပြန်လာချိန်မှာတော့ သူက စောစောကအတိုင်း စကားပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားတို့ရဲ့ လေ့လာရေး အပျော်ခရီးလည်း မနှောင့်နှေးရအောင် ကျုပ် တောင်ကြီးအထိ လိုက်ခဲ့မယ်။ ခြေထောက်က မနက်ဖြန် သန်ဘက်ခါလောက်ဆို သက်သာပြီး ပြန်ထောက်လို့ရမှာပါ။ အဲဒီတော့ တောင်ကြီးရောက်မှပဲ ကျုပ် ရန်ကုန်ပြန်တော့မယ်”

သူ့စကားကို ကေသရီနဲ့ သီရိက ထောက်ခံသလို၊ သူမကလည်း သဘောတူပါတယ်။ မြို့တစ်မြို့ထဲမှာ သုံးလေးရက်လောက် ဆက်နေခဲ့ရတာမို့ သူမတို့ ခရီးဆက်ချင်နေပါပြီ။ ကြီးမြကတော့ သိပ်သဘောကျပုံ မရဘူး။

“ကောင်လေး ကြည့်ရတာ ဂျစ်ကန်ကန် မိုက်ကန်းကန်းနဲ့ ဖြစ်ပါ့မလား သာယာရယ်”

“ဖြစ်ပါတယ် ကြီးမြရဲ့။ သူ့ခြေထောက်ဒဏ်ရာက ယာလေးတို့ကြောင့် ဖြစ်တာ မဟုတ်လား။ မသက်သာရင် ရန်ကုန်အထိ အိမ်တိုင်ရာရောက် လိုက်ပို့သင့်သေးတယ်”

*“အပယ်လေး မလုပ်ပါနဲ့ ပယ်ပင်ကြီးမရယ်။ လူစိမ်းတစ်ယောက်ကို ကားပေါ်တင်ပြီး ရန်ကုန်အထိ ခေါ်သွားတာမျိုး ညည်းအဖေသိရင် မိုးမီးလောင်နေပါ့မယ်။ ခုတောင် အရိုင်းဘာ ရွှေသန်းကို ပြန်မပြောဖို့ တော်တော် နှုတ်ပိတ်ရဦးမှာ”*

ကြီးမြက ဂျိမ်းဒင်းကို တောင်ကြီးထိ ခေါ်သွားဖို့ စိုးရွံ့နေခဲ့ပေမယ့် လမ်းကျတော့လည်း သူ့ကို ကြီးကြီးမြ သဘောကျသွားတာပါပဲ။ သွေးတိုးပြီး ဇက်တွေ ထိုးနေတဲ့ ကြီးကြီးမြကို သူက ဇတ်ကြောနှိပ်ပေးခဲ့လို့ပါ။

“နေပါစေကွယ်. . . ကြီးမြ ကေသရီတို့ကို နှိပ်ခိုင်းပါ့မယ်”

“သူတို့က မိန်းကလေးတွေဆိုတော့ ဘယ်လက်ပေါက်ပါ့မလဲ ကြီးကြီးမြရဲ့။ ကျွန်တော် နှိပ်ပေးပါ့မယ်။ အမေ့ကို ညတိုင်း နှိပ်ပေးနေကျပါ”

သူက ရွယ်တူချင်းသာ မှန်တေတေ မိုက်ကန်းကန်း ဆက်ဆံတတ်ပေမယ့် ကြီးမြတို့လို လူကြီးပိုင်းကိုတော့ လေးလေးစားစား ရှိတယ်လို့ ပြောရမယ်။

လမ်းမှာ ထမင်းဝင်စားတော့လည်း ကြီးမြနဲ့ ယာဉ်မောင်း ဦးရွှေသန်းကို ဦးချပြီးမှ သူက ထမင်းစားတယ်။

“ဂျိမ်းဒင်း”

ထမင်းစားပြီး ကြီးမြတို့တပို့တပါး ထွက်သွားချိန်မှာ သူမ စကား စလိုက်တယ်။





သူက ဘာလဲဆိုတဲ့ သဘောနဲ့ မေးဆတ်တယ်။

“ရှင့်နာမည်ကို ကျွန်မတို့ မသိရသေးဘူးနော်”

“သိစရာ လိုသေးလို့လား အမိရဲ့။ အခုလည်း ဂျိမ်းဒင်းလို့ ခေါ်နေကြတာပဲ မဟုတ်လား”

“ဒါက နာမည်ပြောင်လေ”

“နာမည်ပြောင်ပေမယ့် ခေါ်လို့ အလုပ်ဖြစ်နေသားပဲ။ အဲဒီအတိုင်း ဆက်ခေါ်ပေါ့”

သူက နာမည်အရင်းကို ပြောဖို့ တွန့်ဆုတ်ခဲ့သလို ဓာတ်ပုံရိုက်တာကိုလည်း ငြင်းဆန်ခဲ့ပါသေးတယ်။

*“ကျုပ်တို့က အမှတ်တစ်ခုမှာ မတော်တဆ ထောဆုံကြတဲ့ မျဉ်းပြောင့်တွေလိုပဲ။ အချိန်တန်ရင် ကိုယ့်လမ်းကြောင်းနဲ့ ကိုယ်ဆက်သွားကြမှာ။ ပြန်ဆုံစရာမရှိဘူး။ ပြန်ပြီး တိုက်ဆိုင်စရာအကြောင်းလည်း မရှိဘူး။ အဲဒီတော့ အမှတ်တရ ဓာတ်ပုံတွေဘာတွေ ရိုက်မနေနဲ့”*

“ဘာကြောင့် ပြန်မဆုံဘူးလို့ သေချာပေါက် ပြောနိုင်တာလဲ”

သူမက မခံချင်သလို ပြန်မေးတော့ သူက သူ့ထုံးစံအတိုင်း မှုန်တေတေ မျက်နှာပေးနဲ့ ခပ်တည်တည် ပြန်ပြောတယ်။

*“လောကချင်း မတူလို့ပေါ့။ မင်းတို့လောကက တိုက်တိုက်ပေါ်က လောက။ ကျုပ်တို့လောကက ဟိုးမြေကြီးအောက်က လောက။ ဘာမှ မဆိုင်ဘူး”*

“ရှင် ကံကြမ္မာဆိုတာကို မယုံဘူးလား”

“အဲဒီစကားကို ကျုပ်အမေဆော့ ခဏခဏ သုံးလေ့ရှိတယ်။ ဒါပေမယ့် ကျုပ်တော့ မသုံးဘူး”

“ကျွန်မတော့ ယုံတယ်”

သူမ အခိုင်အမာ ပြောလိုက်တော့ သူက အံ့ဩသလို လှမ်းကြည့်တယ်။

“အထူးသဖြင့် ရှင်နဲ့ ခုလို ဆုံခဲ့ပုံကြောင့် ကံကြမ္မာဆိုတာကို ကျွန်မ ယုံသွားတယ်။ ရှင်လည်း ယုံသင့်တယ် ဂျိမ်းဒင်း”

သူက ဘာမှ ပြန်မပြောဘဲ ပခုံးတစ်ချက်ကိုသာ ဟန်ပါပါ တွန့်လိုက်တယ်။ သူမက ရှင် ယုံကြည်လာမှာပါလို့ စိတ်ထဲက တိုးတိုးလေး ပြောလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးရောက်တော့ အတော်မှောင်နေပြီ ဖြစ်ပေမယ့် တယ်လီဖုန်း တစ်လုံးနဲ့ ဖေဖေ ကြိုတင် စီစဉ်ထားမှုကြောင့် မြို့စွန်က ခြံကျယ်ကြီးမှာ ခြံစောင့်က တံခါးဖွင့်ပြီး အသင့်စောင့်ဆိုင်းနေပါတယ်။

ညစဉ် ဖေဖေ့ဆီက ဖုန်းဆက်ပြီး အစီရင်ခံရတဲ့ ထုံးစံအတိုင်း ကြီးမြနဲ့ သူမက တစ်နေ့တာ ဇာတ်လမ်းစဉ်အကျဉ်းကို ဖေဖေ့ဆီ ဖုန်းဆက်ပြောပြ လိုက်တယ်။ သူမတို့ရဲ့ အခန်းစဉ်ထဲမှာ ဂျိမ်းဒင်းနဲ့ပတ်သက်တဲ့ အခန်းကဏ္ဍကို တော့ လုံးလုံး ဖျောက်ဖျက်ထားရပါတယ်။

နောက်တစ်နေ့မနက် သူမ အိပ်ရာနိုးတော့ ဂျိမ်းဒင်းက ပန်းခြံထဲမှာ ထော့နဲ့ထော့နဲ့နဲ့ လမ်းလျှောက်နေပါပြီ။ သူမ အနားရောက်သွားတော့ သူက လှည့်ကြည့်တယ်။

"ရှင် ဘာဖြစ်လို့ ခြေထောက်ကို မညာမတာ သုံးနေရတာလဲ ဂျိမ်းဒင်း။ ငြိမ်ငြိမ်လေး အနားယူနေပါလား။ လမ်းလျှောက်ရင်သွေးကျပြီး ပိုယောင်မှာပေါ့"

"ထောက်နိုင်ပြီလားလို့ စမ်းသပ်ကြည့်နေတာပါ"

"ဘယ်ရဦးမလဲရှင်"

"ဒါပေမယ့်. . . ကျုပ် မနက်ဖြန် ပြန်တော့မယ်"

ယတိပြတ် ပြောလာတဲ့ သူ့စကားက ဘာကြောင့်မှန်း မသိဘဲ သူမတို့ အားပြတ်သလို နွမ်းချိသွားစေပါတယ်။ သူမ အကြာကြီး ငေးငိုင်သွားသလို သူက လည်း နှုတ်ဆိတ်ငြိမ်သက်နေခဲ့တယ်။

"ကျွန်မတို့နဲ့ အင်းလေးတို့၊ ပင်းတယတို့ လိုက်လည်ပါလား ဂျိမ်းဒင်း အဲ့ဒီကနေမှ ရန်ကုန်ကို အတူတူ ပြန်ကြရအောင်လေ"

သူမ မရဲတရဲ ဖိတ်ခေါ်လိုက်ပေမယ့် သူကတော့ ခေါင်းယမ်းတယ်။

"နောက်ထပ် တစ်ပတ်ဆယ်ရက်လောက် အချိန်ဖြုန်းလောက်အောင်





ကျုပ်ဘဝက အခြေအနေ မပေးဘူး သာယာ။ ခုတောင် အမေ့ကို တစ်ယောက် တည်း ထားခဲ့ရတာ ကြာနေပြီလေ"

*"အဲ့ဒီလိုလည်း ရှင့်သဘောပဲ ဂျိမ်းဒင်း။ ရှင် ကျွန်မရဲ့လိပ်စာ ယူထားချင်လား"*

*"ဟင့်အင်း"*

*"ဖုန်းနံပါတ်ကော"*

*"မယူတော့ဘူး"*

တကယ်ဆို အဲဒီအချိန်ကတည်းက သူနဲ့ သူမ လမ်းခွဲခဲ့ရမှာပါ။ ဒါမှ မဟုတ်လည်း အဲဒီအချိန်ကစပြီး နောက်နေ့မနက် သူမတို့ခြံထဲက သူ ထွက် သွားချိန်အထိ သူမ သူ့ကို ရှောင်နေခဲ့ရမှာ။

ဒါပေမယ့် အမှတ်တရ ဓာတ်ပုံရိုက်ဖို့တောင် ငြင်းဆန်ခဲ့တဲ့သူဟာ သူမ ကို အမှတ်တရ ဖြစ်စေမယ့် အဖြစ်အပျက်တစ်ခု ဖန်တီးခဲ့လိမ့်မယ်လို့ သူမမှ မစဉ်းစားခဲ့မိပဲ။

အဲဒီည . . . သူ့ကို နှုတ်ဆက်တဲ့အနေနဲ့ သူမတို့ မီးပုံပွဲ ကျင်းပခဲ့ကြ တယ်။

မီးပုံပွဲပြီးလို့ ကေသရီတို့ ပစ္စည်းတွေ သိမ်းရင်း အိမ်ထဲ ခဏဝင်သွားချိန်၊ သူနဲ့ သူမ လရောင်အောက်မှာ (သူ့တောင်းဆိုမှုကြောင့်) ပန်းရုံတွေနား ဖြေး ဖြေးလေး လမ်းလျှောက်လာမိချိန်။

အဲ့ဒီအချိန်မှာ ခဲနင်းမိပြီး သူ့ခန္ဓာကိုယ်က တစ်ချက် ယိုင်သွားတယ်၊ အစိုးရိမ်လွန်တဲ့ သူမက သူ့ကို လှမ်းဆွဲလိုက်တော့. . .

"အို"

သူမရဲ့ နှုတ်ခမ်းလေးကို သူက ငုံ့ပြီး နမ်းရှိုက်လိုက်တာပါ။

"ဂျိမ်းဒင်း . . . ရှင် . . . ရှင်"

"ဆောရီး သာယာ . . . ကိုယ် စိတ်လွတ်သွားတယ်"

*ဘုရားရေ. . .၊ ရှင်ဘယ်လိုလူလဲ ဂျိမ်းဒင်း။ ဘာအမှတ်တရမှ မကျန်စေချင်သူက ခုလို စိတ်လွတ်ရသတဲ့လား။*

သူမ သူ့မျက်နှာကို မယုံသလို မော့ကြည့်တော့ သူကလည်း တွေတွေ ငေးငေး ပြန်ကြည့်နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



*ဒါဟာ ... လရောင်ရဲ့ ဖြားယောင်းမှုကြောင့် မဟုတ်ရင် ပန်းရနံ့တွေရဲ့ သွေးဆောင်မှုကြောင့်များလား။* လရောင်ကြောင့် ရွှန်းလဲ့နေတဲ့ သူ့မျက်ဝန်းတွေကို ခေါင်းငုံ့ရှောင်လွှဲပြီး သူမ သူ့ဘေးက ချာကနဲ ထွက်ပြေးလာခဲ့တယ်။

သူ လှမ်းခေါ် လိုက်သေးလား။ သာယာ. . . ခဏနေဦးဆိုတဲ့ စကားကြားဖြစ်ပေါ့။

ဟင့်အင်း. . . တိုးတိုးလေးတောင် သူ လှမ်းမခေါ် ခဲ့ပါဘူး။

နောက်တစ်နေ့မနက် သူမ အိပ်ရာနိုးတော့ ကေသရီက သူ ထွက်သွားပြီလို့ အသိပေးလာတယ်။

သူမအတွက် သူ့ရဲ့ အမှတ်တရ လက်ဆောင်ဆိုပြီး ကေသရီ ကမ်းပေးလာတာကို ကြည့်လိုက်တော့ သူ့ရဲ့ သောက်လက်စ (သုံးလေးလိပ်သာ ကျန်တော့တဲ့) တွန့်ကြေနေတဲ့ စီးကရက်ဘူးလေး။

ဒါဟာ ဘာသဘောလဲ။ သူ့ကို သတိရတဲ့အခါ ဒီစီးကရက်နံ့တွေကို ရှူရှိုက်ရမယ်ဆိုတဲ့ အဓိပ္ပာယ်လား။ ဒါမှမဟုတ် စီးကရက်အသောက် ကျင့်ရမှာတဲ့လား။

သူမ ရယ်မောလိုက်မိတယ်။

*နာနာကျဉ်းကျဉ်းနဲ့ ရယ်မောလိုက်မိတာပါလေ။*

❄

*ဒါဟာ ... လရောင်ရဲ့ ဖြားယောင်းမှုကြောင့် မဟုတ်ရင်*
*ပန်းရနံ့တွေရဲ့ သွေးဆောင်မှုကြောင့်များလား။*





ကောင်းစေသော်နဲ့ ဆာကူရာတာဝါက ပြန်လာပြီး အခန်းထဲ **ရောက်** ရောက်ချင်း ချိုလွင်သာယာ ဦးဆုံးလုပ်လိုက်တာကတော့ **အခန်းတံခါးကို** သော့ခ်ချလိုက်တာပါ။

အဲဒီနောက်တော့ ဗီရိုအံဆွဲထဲမှာ တခုတ်တရ သိမ်းထားခဲ့တဲ့ စီးကရက်ဘူးလေးကို ထုတ်ယူပြီး မီးတက်နေပြီ ဖြစ်တဲ့ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာ တေ့လိုက်တယ်။

မီးညှိဖို့ မဟုတ်သလို သောက်ရှုဖို့လည်း မဟုတ်ဘူး။

ဒီလိုပဲ နှုတ်ခမ်းမှာ ခဲထားရုံသက်သက်ပါ။

သူ့ကို သတိရတိုင်း စီးကရက်တစ်လိပ် နှုတ်ခမ်းမှာခဲပြီး မှန်ရှေ့မှာ ကိုယ့်ကိုယ်ကို ထိုင်ကြည့်နေတတ်တာ အကျင့်ပါနေပါပြီ။

*"ရှင် ... ဘယ်ရောက်နေတာလဲ ကိုပ်အင်း"*

မှန်ထဲက စီးကရက်ခဲထားတဲ့ မျက်နှာနွမ်းနွမ်းလေးကို သူမ တိုးတိုးလေး လှမ်းမေးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဟင်. . မင်းဘာပြောလိုက်တာလဲ ဖိုးသား"

ဆူညံနေတဲ့ စက်သံတွေကို ဖုံးလွှမ်းသွားအောင် နေရောင်ဝါ အော်ပြီး ပြန်မေးလိုက်ရတယ်။ *ခုဆို သူနဲ့ ဖိုးသား အချိုရည်ကုမ္ပဏီတစ်ခုရဲ့ ထုတ်ပိုး ဌာနခွဲမှာ အလုပ်ဝင်နေတာ တစ်လကျော်ခဲ့ပြီ။*

"မင်းကို အရှုံးပဲလို့ ပြောတာ"

"ဘာ"

"ဟုတ်တယ်လေ. . . ကောင်းစေသော်က လစာကောင်းကောင်းနဲ့ ကမ်းလှမ်းခဲ့တာကို မလုပ်ဘဲ ဒီသောက်စက်ရုံမှာ အလုပ်ဝင်ခဲ့လို့ ပြောတာကွ"

"ခေါက်ထားလိုက်စမ်းပါကွာ။ ငါမလုပ်ချင်လို့ ငြင်းခဲ့ပေမယ့် မင်း လုပ်ချင်ဝင်လုပ်လို့ ပြောခဲ့သားပဲ"

"မင်းမပါဘဲနဲ့တော့ ငါတစ်ယောက်တည်း လုပ်မလားကွ"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပင်ပန်းလာတိုင်း ဖိုးသားက တစ်ခါတစ်ခါ အဲဒီလို ညည်းညူလေ့ရှိပေမယ့် သူ့ကို ထားခဲ့ပြီး ကောင်းစေသော်ရဲ့ကုမ္ပဏီကို ပြောင်းသွားတာမျိုးတော့လည်း မလုပ်ပါဘူး။

တစ်ခါတစ်ခါ သူ ဘာဖြစ်လို့ ကောင်းစေသော်ကုမ္ပဏီမှာ ဝင်မလုပ်ချင်ရသလဲဆိုတာ ကိုယ့်ကိုယ်ကိုတောင် အဖြေရှာလို့ မရခဲ့ဘူး။

ဖြစ်နိုင်တာကတော့ *ကောင်းစေသော်ရဲ့ အထက်တန်းစား လူယဉ်ကျေးစရိုက်ကို သဘောမကျလို့ဘဲ ဖြစ်မှာပါ။* ဖိုးသားကတော့ သူရဲ့ ပစ္စည်းမဲ့မာနကြောင့်လို့ စွပ်စွဲပါတယ်။

*"ငွေရှိတဲ့လူဆိုရင် မုန်းရမယ်ဆိုတဲ့ အတွေးအခေါ်က ပြတိုက်ထဲ ရောက်သွားပါပြီကွာ"*

"ငါ ကောင်းစေသော်ကို ကြည့်မရတာ ဒီကောင်ချမ်းသာတာ တစ်ခုတည်းကြောင့် မဟုတ်ဘူး ဖိုးသား"

"ဒါဖြင့် . . . ဘာကြောင့်လဲ"

"အဲဒါတော့ . . . ငါလည်း မသိဘူး"

ညနေဖက် အလုပ်ဆင်းတော့ သူနဲ့ ဖိုးသား ကားဂိတ်ကို လျှောက်လာရင်း ဘတ်စ်ကားခကို သူပေးသင့် ငါပေးသင့် ငြင်းခုန်ခဲ့ကြသေးတယ်။

"ငါ မနက်က လက်ဖက်ရည်ဖိုး ရှင်းပြီးပြီ ဖိုးသား၊ အဲဒီတော့ အပြန်ကားခကို မင်းပဲရှင်းလိုက်၊ ငါ့မှာ တစ်ပြားမှ မကျန်တော့ဘူး"

"အေးပါ . . . ရှင်းဆိုလည်း ရှင်းရတာပေါ့။ ဒါပေမယ့် ညကျရင်တော့"

ရုတ်တရက် ဖိုးသားစကားက တစ်ဝက်တစ်ပျက်နဲ့ ရပ်ဆိုင်းသွားပြီး သူ့ပုခုံးကို လှမ်းတို့လာတယ်။ ပြီးတော့ . . .

**"နေရောင်ဝါ- ရွှေမှာ"** လို့လည်း သတိပေးလာတယ်။ သူ လှမ်းကြည့်လိုက်တော့ သူတို့ သင်ခန်းစာပေးတာကို ခံခဲ့ရဖူးတဲ့ **ဖဲလိမ်ငနဲနဲ့ သူ့တပည့် ကျားကြီး . . .!**

"နေကောင်းလား နေရောင်ဝါ၊ မင်းနာမည်နဲ့ မင်းလုပ်ဘဲ့ စက်ရုံကိုသိဖို့ စုံစမ်းလိုက်ရတာကွာ"

ရပ်ရှင်တွေထဲ ပါလေ့ရှိတဲ့ လူဆိုးဂိုဏ်းခေါင်းဆောင်ပုံစံမျိုးနဲ့ ဖဲဝိဇ္ဇာက





ပြောလာချိန်မှာပဲ လက်ဖက်ရည်ဆိုင်ထဲက လူတစ်အုပ် သူတို့ရှိရာကို **ထွက်လာ**ကြတယ်။ မျက်နှာအနေအထားအရ သူနဲ့ ဖိုးသားဖက်က **ကူညီပေးမယ့်**လူတွေမဟုတ်မှန်း သဘောပေါက်လိုက်တယ်။ ဖဲဝိဇ္ဇာရဲ့ လူတွေပါ။

အခြေအနေကတော့ ပျော်စရာကောင်းတဲ့ အခြေအနေမဟုတ်တာ သေချာနေပြီ။

လူ ခြောက်ယောက် ခုနစ်ယောက်ကို ခံချနိုင်လောက်အောင် သူတို့ဟာ သိုင်းဝတ္ထုတွေထဲက ဇာတ်ကောင်တွေ မဟုတ်ဘူး။ ဒါကြောင့် ဖိုးသားက ဘယ်လိုလုပ်ရမလဲဆိုတဲ့ သဘောနဲ့ လှမ်းကြည့်လာတော့ သူ ခပ်သွက်သွက် ပြန်ပြောလိုက်တယ်။

"ပြေးတော့ . . . ဖိုးသား"

ဖိုးသားက သူ့စကားဆုံးအောင်တောင် မစောင့်ဘဲ ဖနောင့်နဲ့ တင်ပါးဆစ်သားတည်းကျအောင် ပြေးပါတော့တယ်။ သူလည်း ဖိုးသားနည်းတူ စက်ရုံသူနိဖောင်းတကားကားနဲ့ စပြေးရတော့တယ်။

ဖိုးသားနောက်ကို ပြေးမလိုက်ဘဲ တခြားတစ်ဖက်ကို ပြေးတာပါ။ လှည့်ကြည့်လိုက်တော့ သူထင်တဲ့အတိုင်း လူအုပ်က သူ့နောက်ကို ပါလာကြတယ်။

အပြေးမသန်တဲ့ ဖိုးသား လွတ်မြောက်မှာ သေချာသလောက်ရှိမှ သူ ကားလမ်းမဖက်ကို ပြန်လှည့်ပြေးလာခဲ့ပြီး။ ကံကောင်းထောက်မစွာ ထွက်ခါစအရှိန်ယူနေဆဲ ဘတ်စ်ကား တစ်စီးပေါ်ကို သူ ပြေးတက်နိုင်ခဲ့တယ်။

"ဟော့ကောင်တွေ ကကငှားပြီး ရပ်ကွက်ထဲ လိုက်ခဲ့လေကွာ"

သူ မခံချင်အောင် အော်လိုက်ရတော့ ဖဲဝိဇ္ဇာတို့က တက်တစ်ခေါက်ခေါက်နဲ့ မချင့်မရဲ ဖြစ်ကျန်ခဲ့ကြမလရဲ့။

"အစ်ကို ကားခလေး"

"အဲ . . ."

လက်မှတ်ရောင်း သူ့နားရောက်လာပြီး ငွေတောင်းတော့မှ သူ့မှာ ပိုက်ဆံတစ်ပြားမှ မရှိတော့မှန်း သတိရလိုက်တယ်။

*"ဟာ . . . အဲဒါမှ ဒုက္ခပဲ"*



www.burmeseclassic.com

www.burmeseclassic.com



"အလွယ်ဆုံးကို ဆယ့်လေးဆယ့်ငါးလား။ တစ်ဆယ် နှစ်ဆယ်လား။ အစ်ကို စားချင်ရင် အသည်းနှလုံး ထုတ်ကျွေးမယ်ဗျာ။ ခေါင်းတော့ မစားပါနဲ့"

"မဟုတ်ပါဘူးဗျ၊ ပိုက်ဆံကျပျောက်ခဲ့လို့ အဟဲ. . . ခင်ဗျားကြည့်ရတာ သဘောကောင်းမယ့်ပုံပဲ"

"ဝေဿန္တရာတစ်ယောက်ပါတယ် ဆရာရေ။ ရှေ့မှတ်တိုင်မှာ ဆင်းလိမ့်မယ်"

ဒါန ပါရမီနည်းပုံရတဲ့ လက်မှတ်ရောင်းကြောင့် နောက်တစ်မှတ်တိုင်မှာ သူ့ အောင့်သက်သက်နဲ့ ဆင်းပေးလိုက်ရတယ်။

ရပ်ကွက်ထဲအထိ လမ်းလျှောက်ပြန်လာခဲ့ရပေမယ့် ကိုငယ့်ဆိုင်မှာ ခန့်ခန့်ကြီးထိုင်နေတဲ့ ဖိုးသားကိုတွေ့တော့ အမောပြေသွားရတယ်။ အကျိုး အကြောင်း ကြိုသိပြီးပုံရတဲ့ ကိုငယ်က လှမ်းမေးတယ်။

"ဘယ်လိုလဲ နေရောင်၊ မင်းတို့ အပြေးလေ့ကျင့်လိုက်ရသေးတယ် ဆို"

"သွေးနည်းနည်းပူရုံလောက်ပါဗျာ။ ငနဲတွေက အပျော်တမ်း အဆင့်ပဲ ရှိပါတယ်"

"ဘာပဲဖြစ်ဖြစ် မင်းတို့ စက်ရုံကို သိသွားပြီဆိုတော့ မပေါ့နဲ့ နေရောင် နောက်ရက်တွေ ထပ်ရောက်လာနိုင်တယ်"

ကိုငယ့်ရဲ့ သတိပေးစကားကြောင့် စိုးရိမ်လာပုံရတဲ့ ဖိုးသားက နောက်နေ့ အလုပ်ဆင်းချိန်တွေမှာ ဗုတ်သင်ညိုနဲ့ ကိုမျိုးကို စစ်ကူဖြည့်ဖို့ အကြံပြုလာတယ်။

"ဘယ်ဖြစ်မလဲ ဖိုးသားရဲ့။ နေ့တိုင်းတော့လည်း ကိုမျိုးတို့က လာကြိုနိုင်မလား။ အကောင်းဆုံးကတော့ မင်းတို့ အလုပ်ထွက်လိုက်တော့"

"ကျွန်တော်တို့ အလုပ်ဆင်းတာ တစ်လကျော်ပဲ ရှိသေးတယ် ကိုငယ်ရဲ့"

သူ့ စောဒက တက်လိုက်ပေမယ့် အခြေအနေက ကိုငယ့် အကြံအတိုင်း လိုက်နာရမလို ဖြစ်နေတယ်။ ဖိုးသားကပါ စက်ရုံက ထွက်ပြီး ကောင်းစေသော် ကုမ္ပဏီမှာ ဝင်လုပ်ဖို့ ပြောလာတယ်။

သူတစ်ယောက်တည်းဆိုရင် ဖြစ်ချင်တာဖြစ် အလုပ်ဆက်ဆင်းဖို့ စွန့်





ကြည့်မှာ ဖြစ်ပေမယ့် ဖိုးသားက ကျန်းမာရေးမကောင်းလှတာမို့ သူ အလျှော့ပေးလိုက်တယ်။

"ကောင်းပြီ ဖိုးသား၊ နောက်နေ့ ငါ ကောင်းစေသော်နဲ့ သွားတွေ့လိုက်မယ် ဟုတ်ပြီလား"

ဖိုးသားက ထုံးစံအတိုင်း ရှိုက်နဲ့ လေချွန်လိုက်တယ်။

ခဏနေတော့ အလုပ်က ပြန်လာတဲ့ မြလေးညိုတို့ အုပ်စုနဲ့ ကိုမျိုးတို့ ရောက်လာပြီး သူတို့စကားဝိုင်းက စိုပြည်သွားပါတယ်။ မြလေးညိုက သူ့ အတွက် ဦးထုပ်တစ်လုံး ဝယ်လာလို့ သူ လက်ခံလိုက်ရပါသေးတယ်။

"နင့်ဦးထုပ်က ဟောင်းနေပြီဟ။ အဲဒါကြောင့် ဝယ်လာတာ"

"ကျေးဇူးပဲ မြလေး"

"ကျေးဇူးတင်ရင် နောက်နေ့ ရုပ်ရှင်လိုက်ပြဟာ"

"ရုပ်ရှင်တော့ ငါ ဝါသနာမပါဘူး မြလေးညို၊ နင် အခု အအေး သောက်ချင်သောက်လေ။ ငါတိုက်မယ်"

သူ့စကားကြောင့် မြလေးညိုက မျက်နှာမဲ့ပြီး နှာခေါင်းရှုံ့ပါတယ်။ သူ မြင်ချင်ဟန်ဆောင်ပြီး ကိုမျိုးတို့ဖက် မျက်နှာလှည့်လိုက်တယ်။

❋

"ငွေရှိတဲ့လူဆိုရင် ဗုန်းရမယ်ဆိုတဲ့
အတွေးအခေါ်က
ပြတိုက်ထဲ ရောက်သွားပါပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောက်လုပ်ရေးဘက်မှာ အရေးတကြီး လိုအပ်နေတာကတော့ ဆိုက်တ် တာဝန်ခံပဲ နေရောင်"

"ငါ့က အိမ်ရိုက်သံနဲ့ သွပ်ရိုက်သံတောင် ခွဲတတ်တာ မဟုတ်ဘူး ကောင်းစေသော်ရဲ့၊ ဘယ်လိုလုပ်ပြီး တာဝန်ခံ ဖြစ်နိုင်မှာလဲ"

သူ့စကားကို ကောင်းစေသော်က ခေါင်းယမ်းရင်း. . .

"တဆိတ်ကွာ. . . မင်း စီးကရက်ကို ဟိုဖက်လှည့်သောက်စမ်းပါ"

"ဘာလဲ. . . မင်း စီးကရက်နံ့ မခံနိုင်တာလား။ ဒါမှမဟုတ် ဆေးလိပ် မသောက်တတ်တာလား"

"နှစ်ခုစလုံးပဲ"

"ဆောရီးကွာ"

သူ စီးကရက်ကို မီးညှိမ်းလိုက်တော့ ကောင်းစေသော်က စကားဆက်တယ်။ ကောင်းစေသော်အဆိုအရ သူ တာဝန်ခံလုပ်ဖို့ အဓိကလိုအပ်ချက်က စည်းကမ်းထိန်းသိမ်းရေး ပြတ်သားမှု ဖြစ်တယ်လို့ ဆိုပါတယ်။

"ဆိုက်တ်ထဲမှာ ပစ္စည်းအပျောက်အရှ များတယ်။ အလုပ်သမားတွေက အလုပ်မလုပ်ဘဲ အချောင်ခိုတယ်။ အလုပ်ကြပ်တွေက ထိဂဏန်း တွက်လိုက် လေကန်လိုက်နဲ့ ကန်ထရိုက် အချိန်မီ မပြီးရင် တို့ကုမ္ပဏီ အများကြီး နစ်နာလိမ့်မယ် နေရောင်ဝါ၊ နောက်ကျမှုအတွက် နေ့တွက်နဲ့ ငွေလျော်ရမှာ။ အဲဒီတော့ အလုပ်အချိန်မီပြီးအောင် ဖိဖိစီးစီး ကြီးကြပ်ပေးမယ့် တာဝန်ခံလိုတယ်။ အဲဒီနေရာအတွက် မင်းကလွဲပြီး တခြား သင့်တော်သူ မရှိဘူး နေရောင်ဝါ"

ကောင်းစေသော် သူ့ကို မြှောက်ပင့်နေတာ မဟုတ်ရင် သူလုပ်ချင်လာအောင် တမင် သွေးဆောင်နေတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် သူ့အနေနဲ့လည်း (ဖိုးသားရဲ့ကောင်းဆိုမှုကြောင့်)တခြားရွေးချယ်စရာ မရှိတာမို့ ခေါင်းညိတ်သဘောတူလိုက်တယ်။

"ဖိုးသားကိုတော့ မင်း သင့်တော်တဲ့နေရာမှာ ထားပေါ့။ မင်းအလုပ်နဲ့ ပတ်သက်ပြီး ဆက်ဆံရမယ့် အရာရှိက ငါမဟုတ်ဘူးနော်။ ငါက ကြားဝင်ပေးသူသက်သက်ပဲ။ ဆောက်လုပ်ရေးအပိုင်းကိုင်တဲ့လူက သပ်သပ်ရှိတယ်"





ကောင်းစေသော် ဘယ်လိုပဲ နောက်လျှိနေနေ ကောင်းစေသော်ရဲ့ အရေးပါမှုကိုတော့ သူ တဖြည်းဖြည်း သဘောပေါက်လာရတယ်။ ***မြို့ကိုင်းမှာ အထက်တန်းစား ကြွန်အင်လကျွယာအပြည့်နဲ့ သကောင့်သားဟာ ကြယ်ထံ့ခွန်လုပ်ငန်းရဲ့ အင်ဂျင်တစ်လုံးမှန်း သူ သိလာရတာ ကြာပါပြီ။***

"စက်ရုံမှာ ရှင်းစရာရှိတာလေးတွေ သွားရှင်းပြီးတာနဲ့ တစ်ရက် နှစ်ရက်အတွင်း ငါတို့ အလုပ်ဝင်မယ် ကောင်းစေသော်။ ကဲ. . . ငါပြန်မယ်"

သူထိုင်ရာက ထရပ်ရင်း နှုတ်ဆက်လိုက်တော့ ကောင်းစေသော်က လက်ကမ်းပေးလာတယ်။ သူ ကောင်းစေသော်ရဲ့လက်ကို တစ်လှည့်၊ မျက်နှာကို တစ်လှည့် ကြည့်လိုက်မိတယ်။

"ကုမ္ပဏီလုပ်ငန်းတူ အကျိုးတူ ဖြစ်သွားတဲ့အထိမ်းအမှတ်ပါ နေရောင်ဝါ ရဲ့ တခြား ဘာနှောင်ကြိုးမှ မပါပါဘူး"

ဒီတော့မှ သူ ကောင်းစေသော်ကို ပြန်ပြီး လက်ဆွဲနှုတ်ဆက်လိုက်တယ်။ ကောင်းစေသော်က အခန်းဝကို လိုက်ပို့ပေးရင်း. . .

*"ငါ မင်းကို ကြားရဦးမယ် နေရောင်ဝါ။ ငါ ဖရိုဖိုစီ လုပ်ထားတဲ့ မိန်းကလေးက ဆယ်လှမ်းမှုကို လက်ခံလိုက်ပြီ၊ သိပ်မကြာခင် ငါတို့ စေ့စပ်ကြမယ်"*

လောလောလတ်လတ် ဆုဖလားရလာတဲ့ အောင်နိုင်သူတစ်ယောက်လို ကောင်းစေသော်က သူ့ကို ပြောလာတာပါ။ တဖျပ်ဖျပ် လက်နေကြတဲ့ ပါဝါမှန်နောက်က မျက်လုံးတွေအရ ဂုဏ်ယူဝမ်းသာနေမှန်း သိသာလှပါတယ်။

"ဒါဆိုရင် ငါ မင်းကို ကွန်ကရက်ကျူလေးရှင်းဆိုပြီး လက်ဆွဲ နှုတ်ဆက်ရတော့မှာပေါ့ ကောင်းစေသော်"

"သင့်ခ်ယူ. . ."



www.burmeseclassic.com

www.burmeseclassic.com

(၆)

မျက်လုံးထောင့်ကို တစ်ချက်တစ်ချက် ဖျတ်ကနဲ တိုးဝင်လာတဲ့ ပုံရိပ်တွေအရ သူ့နောက်ကို လူနှစ်ယောက် လိုက်နေမှန်း နေရောင်ဝါ သွေချာသွားတယ်။

ပိုသေချာအောင် ကုန်တိုက်တစ်ခုရဲ့ အဝင်ဝမှာ ရပ်လိုက်တော့ နောက်ကလူနှစ်ယောက်လည်း မယောင်မလည် ရပ်သွားကြတယ်။

မှန်ထဲမှာ ခပ်ဝါးဝါး တွေ့မြင်နေရတဲ့ ပုံရိပ်တွေကြောင့် ကားလမ်းတစ်ဖက်က လူသုံးယောက်ကလည်း သူရှိရာကို ခပ်သွက်သွက် ဖြတ်ကူးလာနေတယ်။

ဒီတစ်ခါ လိုက်ပါလာသူတွေကတော့ အပျော်တမ်းသမားတွေ မဟုတ်လောက်ဘူးလို့ သူ သဘောပေါက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



***သံချပ်သည်အရပ် တွေးတွေး သေနင်္ဂကွာအရပ် စဉ်းစားစဉ်းစား သူ့ရဲ့တွက်ထား တာ ကုန်ကိုက်ထဲ ရှယ်ဝင်လိုက်လျှပ်ပြီး တကြမ်းမရှိတော့ဘူး*** အခြေအနေ အရပ်ရပ်ရဲ့ ဆောင်ခွကြောင့် အဆင့်မြင့်ကုန်တိုက်ထဲကို သူ တစ်လှမ်းချင်း လှမ်းဝင်လိုက်တယ်။

အထဲရောက်တာနဲ့ တွေ့ဝေမနေဘဲ စက်လှေကားရှိရာကို အမြန်ပြေး အပေါ်ထပ်ကို တက်လာခဲ့တယ်။ နောက်က လိုက်လာသူတွေက ခေသူမဟုတ် တာမို့ သူနောက်ကို ခပ်သုတ်သုတ် အပြေးလိုက်လာတယ်။

အပေါ်ထပ်ရောက်တော့ ပတ်ဝန်းကျင်ကို မျက်စိကစားပြီး ပုန်းခိုလို့ ရမယ့် အမျိုးသမီးအင်္ကျီတွေ ချိတ်ထားရာကို ပြေးပြီး အထည်တွေနောက်မှာ သူ့ကိုယ်ကို ငုံ့ကိုင်းဝပ်ချလိုက်တယ်။

အဲဒီအချိန်မှာပဲ သူ့တစ်ကိုယ်လုံးကို တုန်ခါသွားစေမယ့် အသံလွင်လွင် လေးက ခပ်တိုးတိုးထွက်ပေါ်လာပါတယ်။

***"ဟယ် . . . ကိုမ်းခင်း"***

သူ ဖျတ်ကနဲ မော့ကြည့်လိုက်တော့ . . . သာယာ။

သာယာလို့ သူသိထားတဲ့ မိန်းကလေးက သူ့ရှေ့မှာ သူ့လိုမျိုး ဖျတ်ကနဲ ငုံ့ကိုင်းထိုင်ချလာရင်း အမောတကောလေသံနဲ့ . . .

"ရှင် . . . ဒီမှာ ဘာလုပ်နေတာလဲ ကိုမ်းခင်း။ ဘုရား . . . ဘုရား ကျွန်မ အိပ်မက်မက်နေတာတော့ မဟုတ်လောက်ပါဘူးနော်"

"အိပ်မက်သာဆိုရင်တော့ ကောင်းမှာပဲ။ ဒါပေမယ့် . . . အိပ်မက် မဟုတ်ဘူး သာယာရဲ့"

သူ ခေါင်းမော့ပြီး အဝတ်တွေကို ကျော်ကြည့်လိုက်တော့ သူ့နောက် လိုက်သူတွေဟာ အဝတ်အထည်တန်းတွေကို တစ်တန်းပြီးတစ်တန်း ကျော်ဖြတ် ရင်း သူရှိရာကို တဖြေးဖြေး နီးကပ်လာနေပါပြီ။

ဒါကြောင့် သူ့မဖက်ကို ပြန်လှည့်ပြီး ပြောလိုက်တယ်။

"ခုလို ပြန်ဆုံရတာ ဝမ်းသာပါတယ်။ ဒါပေမယ့် နောက်မှပဲ တွေ့ကြရ အောင် သာယာ"

"ဟင့်အင်း . . . ရှင် ဒီလို လွယ်လွယ်နဲ့ ထွက်သွားလို့ ဘယ်ဖြစ်မလဲ ကိုမ်းခင်းရဲ့၊ ကျွန်မ ရှင့်ကို တွေ့ချင်နေတာ ကြာပြီ"





သူ့မက အမောတကော လှမ်းတားပြီး သူ့လက်ကို ဖျတ်ကနဲ ဆုပ်ကိုင် ထားပါတယ်။ သူ့မလက်ဖဝါးကို အသာအယာ ပြန်လည်ဆုပ်ကိုင်လိုက်ရင်း . . .

"ကိုယ့်မှာ အပေါင်းအသင်းတွေ ပါလာတယ် သာယာ။ ကိုယ် နောက် တစ်နေရာကို အမြန်ရှေ့မှ ဖြစ်မယ်"

"ရှေ့လေ . . . ဘယ်ကိုဖြစ်ဖြစ် သာယာလည်း လိုက်မယ်"

မိန်းကလေးက သူ့လက်ကို မလွှတ်ဘဲ ဂျိကျနေတာမို့ သူ စိတ်နည်းနည်း ရှုတ်လာတယ်။

"ကောင်းပြီလေ . . . ဒါဆိုလည်း လိုက်ခဲ့ပေါ့။ ဒါပေမယ့် ကိုယ်တို့ ပြေးချင် ပြေးရလိမ့်မယ်။ ***မင်း အပြေးကော သန်ရဲ့လား"***

***"အို ကျောင်းတုန်းက ငွေတံဆိပ်နှစ်ခါတောင် ရဖူးတာပါနော်"***

"ဟုတ်ပြီ . . . ဒါဆို ဖိုးသားထက်တော့ သာလိမ့်မယ်၊ ကဲ . . . လာ"

သူ့မကို လက်ဆွဲပြီး ခေါင်းငုံ့အနေအထားနဲ့ အထည်တွေကြားထဲက ခပ်သုတ်သုတ် ထွက်လာခဲ့တယ်။ အဝတ်အထည်ခန်းက အထွက်မှာပဲ လိုက် လာသူတွေက သူ့ကို တွေ့မြင်သွားပါတယ်။

"ဟာ . . . ဟိုမှာကွ"

ဖဲဝိဇ္ဇာ လွှတ်လိုက်သူတွေဟာ အပျော်တမ်းအဆင့်မဟုတ်ဘဲ အတွေ့ အကြုံ ရင့်ကျက်သူတွေမို့ အပြေးမလိုက်ဘဲ ခပ်သုတ်သုတ်သာ လျှောက်လှမ်း လာကြတယ်။

"ကဲ သာယာ၊ မင်းရဲ့ ငွေတံဆိပ်တွေ ဖုန်မတတ်သေးဘူးဆိုတာ သက်သေ ပြလိုက်ကြရအောင် . . . ပြေးစို့"

သူတို့ကတော့ အလိုက်ခံရသူတွေမို့ အိန္ဒြေမဆည်နိုင်ဘဲ တအား စပြေး ပါတော့တယ်။

ဈေးဝယ်သူတွေက ဝင်တိုက်မခံရအောင် ဘေးကပ်ပေးကြရင်း "ဘာ ဖြစ်တာလဲ" လို့ အချင်းချင်း မေးမြန်းကြတယ်။

အတွေးအခေါ်ကောင်းသူတစ်ယောက်က 'ဗီဒီယိုရိုက်တာ ဖြစ်မယ်' လို့ သင်မြင်ချက်ပေးလိုက်တာကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



'ဒီဒီယိုရိုက်နေတာကွ၊ မင်းသား မင်းသမီး အသစ်နဲ့တူတယ်' ဆိုတဲ့ အသံတွေ ဆူညံထွက်လာတယ်။

သူတာ အသံတွေကို ဂရုမစိုက်နိုင်ဘဲ သာယာ့လက်ကို ခပ်တင်းတင်း ဆွဲပြီး အပေါ်ထပ်တွေကို တစ်ထပ်ပြီးတစ်ထပ် တက်လာခဲ့တယ်။ လေးထပ် လား ငါးထပ်လား မခန့်မှန်းနိုင်တဲ့ အထပ်အရောက်မှာတော့ သူတို့ ဆက် တက်စရာ လှေကား မရှိတော့ဘူး။

သူက ဓာတ်လှေကားတစ်ခုကို တွေ့မြင်လိုက်တာမို့ သူမကို ဆွဲခေါ်လာ ပြီး ဓာတ်လှေကားထဲ ခပ်မြန်မြန် ဝင်လိုက်တယ်။

မြေညီထပ် ခလုတ်ကို နှိပ်လိုက်တော့ ဓာတ်လှေကားက တဂျုန်းဂျုန်း မြည်ပြီး အောက်ကို နိမ့်ဆင်းသွားမှ သူ သက်ပြင်းချနိုင်တော့တယ်။ ဒါပေမယ့် အသံမျိုးစုံ မြည်နေတဲ့ ဓာတ်လှေကားဟာ လမ်းတစ်ဝက်အရောက်မှာပဲ တိကနဲ ရပ်ဆိုင်းသွားလေရဲ့။

ဒီတော့မှ သာယာက လှမ်းပြောပါတယ်။

"စောစောက(out of order)လို့ ရေးထားတာ တွေ့လိုက်တယ် ဂျိမ်းဒင်း။ ဓာတ်လှေကားက အပျက်ကြီးနဲ့ တူတယ်"

ကောင်းရော. . .။

ခုတော့ သူ ဘာမှ ဆက်မလုပ်နိုင်တော့ဘဲ ကံကြမ္မာကိုပဲ အားကိုးရ တော့မှာပါ။

စိတ်ပျက်လက်ပျက်နဲ့ ခပ်တိုးတိုး ကျိန်ဆဲပြီး ဓာတ်လှေကား တံခါးကို လှမ်းကန်လိုက်ပေမယ့် လှေကားက တုတ်တုတ်တောင် မလှုပ်ပါဘူး။

"စိတ်အေးအေးထားပါ ဂျိမ်းဒင်းရဲ့။ တအောင့်ကြာရင် ပြင်ဆင်သူတွေ ရောက်လာပါလိမ့်မယ်။ ပြီးတော့ ရှင့်အပေါင်းအသင်းတွေလည်း စိတ်ပျက်ပြီး ပြန်သွားလောက်ရောပေါ့"

"မင်း စိတ်မပျက်ဘူးလား"

"ဟင့်အင်း. . . ပျော်တောင်ပျော်သေးတယ်။ ကျွန်မ ခုလို မပြောရတာ ကြာပြီ ဂျိမ်းဒင်းရဲ့ သိရဲ့လား"

• ဉာဏ်ဝင်းစာပေ •



ချွေးစို့နေပေမယ့် သူမရဲ့ မျက်နှာလေးက အပျော်တွေနဲ့ ကြည်လင် နေတယ်။

ခုမှ သူမကို သေသေချာချာ ကြည့်လိုက်တော့ စကပ်တိုတို၊ အသား ပျော့အကျႌ၊ ကြိုးသေးသေးနဲ့ ပိုက်ဆံအိတ်ကို စလွယ် သိုင်းလွယ်ထားတဲ့ သူမဟာ ရင်ဖိုဖွယ် လှပနေတယ်။

သူ ရင်တွေ တလှပ်လှပ် ခုန်လာလို့ အကြည့်လွှဲပြီး အိပ်ကပ်ထဲက စီးကရက်ဘူးကို စမ်းလိုက်တော့ ဆေးလိပ်ဘူးက ရှာမတွေ့ဘူး။

"ရှင်. စီးကရက် ရှာနေတာမဟုတ်လား ဂျိမ်းဒင်း ရော့"

သူမက ပိုက်ဆံအိတ်ထဲက အကောင်းစား စီးကရက်အသစ်တစ်ဘူးနဲ့ မီးခြစ်ငွေ့မီးခြစ်အသစ်တစ်လုံးကို ထုတ်ပေးတယ်။

"တကယ်လို့ ရှင်နဲ့ ပြန်ဆုံရင် အသင့်ထုတ်ပေးရအောင်လို့ပါ။ တစ်လ တစ်ခါ ဘူးအဟောင်းတွေကို လွှင့်ပစ်ပြီး ဘူးအသစ်တစ်ဘူး ဝယ်ထည့် ထားတာလေ။ စီးကရက်ဆိုတာ ကြာရင် မကောင်းဘူး ဆိုလို့ပါ"

သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲ့လှဲ့ တုန်ခါလာပြီး စီးကရက်ဘူး ကမ်းပေး လာတဲ့ သူမရဲ့ လက်ကလေးကို အသာအယာဆွဲယူလိုက်တော့ သူမကိုယ်လုံး လေး သူ့ရင်ခွင်ထဲကို ညင်ညင်သာသာ ဝင်ရောက်လာပါတယ်။

*"ကျွန်မ ရှင့်ကို လွမ်းနေတာ ဂျိမ်းဒင်းရဲ့၊ ရှင်သိရဲ့လား"*

"ကိုယ်သိပါတယ်။ ကိုယ်လည်း မင်းကို လွမ်းနေတာပါ။ ပြီးတော့လေ"

"ဘာလဲဟင် . . . "

*"ကိုယ် . . . မင်းကိုချစ်တယ်"*

"အို . . . "

သူမရဲ့ နဖူးကို သူ ဖွဖွလေး ငုံ့နမ်းလိုက်တယ်။

အဲဒီအချိန်မှာ တီးလုံးသံတစ်ခု ထွက်ပေါ်လာတာမို့ သူမက အိတ်ထဲက ဖုန်းကို ခပ်မြန်မြန် ထုတ်နားထောင်လိုက်တော့ ကေသရီ ဖြစ်နေပါတယ်။

"ငါ ဘယ်မှ မပျောက်ပါဘူး ကေသရီရဲ့။ ကုန်တိုက်ထဲမှာပဲ ရှိနေပါ တယ်။ နေဦး. . . ငါနဲ့ အတူတူ ဘယ်သူရှိနေလဲ နင်သိလား။ နင် သူ့အသံကို နားထောင်ကြည့်လိုက်"

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com

လက်တိုင်ဖုန်းတို့ သူဆီ ကမ်းပေးလာပြီး နှုတ်ဆက်လိုက်ပါဦးလို့ သူခ ခပ်တိုးတိုး လှမ်းပြောလာလို့. . .

"တောသရိလား. . . ကျိမ်းဒင်းပါ"

"ရှင်. . . ဘုရားရေ"

ဖုန်းခွက်ထဲက အသံမျိုးစုံ ထွက်ပေါ်လာတယ်။ ကြည့်ရတာ တယ်ထီ ဖုန်း ကြမ်းပြင်ပေါ် လွတ်ကျသွားတာ ထင်ပါရဲ့။



BURMESE CLASSIC .com

(၇)

"အချိန် ဘယ်လောက်ရမလဲ ကိုနေရောင်"

"နှစ်ရက်"

"ဟာ. . . မဖြစ်နိုင်တာဘဲ။ (ဖလိုး)လောင်းဖို့ အနည်းဆုံး လေးရက်ကြာမယ်လို့ ကျွန်တော်တို့ အစီ ရင်ခံထားတာပဲ"

အလုပ်ကြပ်ရဲ့အသံက နေလောင်ထားတဲ့ မျက်နှာနည်းတူ ခပ်မာမာ ဖြစ်နေတယ်။ သူက ဂရု မစိုက်ဘဲ ဆက်ပြောလိုက်တယ်။

"အဲဒီ လေးရက်က ပုံမှန်အလုပ်ချိန်ကို ပြော တာလေ၊ အခု ကျွန်တော် ပြောတဲ့နှစ်ရက်က နေ့ဆိုင်း ညဆိုင်းနဲ့ လုပ်ရမှာကို ပြောတာ။ ဘယ်လိုလဲ မဖြစ် နိုင်ဘူးလား"

"ညဆိုင်းပါဆိုရင်တော့. . အင်း . . ဒါပေမယ့်"

"ခင်ဗျား ဆက်ငြင်းလို့ နာရီဝက်ကြာသွားရင် နှစ်ရက်ထဲက အလုပ်ချိန် နာရီဝက် ပုတ်သွားလိမ့် မယ်။ အခုပဲ အလုပ်စကြရအောင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းဆိုလေ"

အဲ့ဒီလိုတဲ့ အလုပ်ကြပ်အရာရှိက ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကို မနိုင့်တနိုင် သယ်ရင်း ထွက်ခွာသွားတယ်။ သူ အလုပ်စဝင်ကတည်းက အလုပ်ကြပ်တွေရဲ့ ဗိုလ်ကျမှုတို့ ဆက်ဆံလာရသလို၊ အလုပ်သမားတွေရဲ့ အချောင်ခိုမှုနဲ့ ပစ္စည်း ခိုးဝှက်မှုတွေကိုလည်း သိမြင်လာရတယ်။

အားနည်းချက်ကတော့ အရင်လုပ်ကိုင်သွားတဲ့ တာဝန်ရှိသူကြောင့်ပါ။

အချောင်ခိုနည်း ပစ္စည်းခိုးနည်းတွေဟာ အဆင့်ဆင့် အတုမြင် အတတ်သင် ဖြစ်လာတယ်လို့ ပြောရမှာပါ။

သူ ချိုချိုသာသာ ကိုင်တွယ်ကြည့်ခဲ့ပေမယ့် အရိုးထဲ စွဲနေတဲ့ အကျင့်တွေကို ပျားရည်နဲ့ ဝမ်းချရုံနဲ့ မရခဲ့တာမို့ ခပ်ပြတ်ပြတ် လုပ်ဆောင်လာရတာပါ။

အချိန်ပို လုပ်ခကိုတော့ အရင်ပေးနေကျထက် ပိုပေးဖို့ သူ အတိုက်အခံ တောင်းဆိုခဲ့ရတယ်။

သူ့အထက်အရာရှိဆိုသူက 'အရင်ကထက် နှစ်ဆနီးပါး ဖြစ်နေပြီ နေရောင်ဝါ'လို့ ပြောလာတော့ သူက အရင်လုပ်အားထက် သုံးဆလောက် ပို လုပ်လာကြတာကိုလည်း ထည့်တွက်ပါဦးလို့ ခပ်တည်တည် ပြန်ပြောခဲ့ရတယ်။

သူ့တောင်းဆိုမှုကြောင့် အလုပ်သမားတွေက အချိန်ပို လုပ်ရမှာကို စိတ်ပါလာကြသလို တက်တက်ကြွကြွလည်း လုပ်ကိုင်လာကြတယ်။

ပျင်းရိသူ အလုပ်ကြပ်ထွက်သွားပြီး ခဏနေတော့ အလုပ်သမားတွေဆီက 'ညဆိုင်း ဆင်းရမယ်တဲ့ဟေ့။ အချိန်ပိုကြေးရမယ်' ဆိုတဲ့ ဝမ်းသာအားရ အသံတွေကို သူ ကြားလိုက်ရတယ်။

ဆောက်လုပ်ရေးဖက်မှာ သူ အလုပ်ဝင်ပြီး ဖဲလိမ်ငနဲနဲ့ ကျားကြီးရဲ့ အပေါင်းအပါတွေ နှစ်ခါလောက် ရစ်သီရစ်သီ လာလုပ်ကြပေမယ့် နောက်ပိုင်းတော့ ရောက်မလာတော့ဘူး။

ခုဆို သူတို့လုပ်ငန်းမှာ ဖိုးသားအပြင် ကိုမျိုးပါ အလုပ်ဝင်နေတာမို့ သုံးယောက်ဖြစ်ပြီး အင်အား တောင့်တင်းသွားတာကြောင့် ဖြစ်နိုင်ပါတယ်။

ပြီးတော့ ဟိုနား ဒီနားက နေရောင်ဝါကို လေးစားတဲ့ ဆောက်လုပ်ရေး လုပ်သားတွေရဲ့ လက်ဟာ သံမဏိထက် ပိုမာတယ်ဆိုတာကို အကဲခတ်မိ





သွားလို့လည်း ဖြစ်နိုင်တယ်။

နေ့လည်စာသွားစားဖို့ သူ ထရပ်လိုက်တော့ သာယာပေးထားတဲ့ ရွှေရောင်မီးခြစ်လေးဟာ သူ့ကိုယ်ပေါ်က ဒေါက်ကနဲ ပြုတ်ကျသွားတယ်။ မီးခြစ်လေးကို အမြတ်တနိုး ပြန်လည်ကောက်ယူရင်း သူ ပြုံးလိုက်မိတယ်။

*"ဂျိမ်းဒင်း . . . ဒီတစ်ခါ ရှင် ကျွန်မဆီက ထပ်ထွက်မသွားပါဘူးလို့ ကတိပေးစမ်းပါ"*

"ကိုယ် ကတိပေးပါတယ် သာယာ၊ စိတ်ချပါ။ ကိုယ် မင်းကို ဘယ်တော့မှ မခွဲဘူး။ တို့နှစ်ယောက် အမြန်ဆုံး ဆုံဆည်းနိုင်အောင် ကြိုးစားပါ့မယ်"

"ကျွန်မ သိပ် ဝမ်းသာသွားပြီ သိလား ဂျိမ်းဒင်း"

သူမ သူ့ရင်ခွင်ထဲကို တိုးဝင်ရင်း ရှင့်ကိုချစ်တယ်လို့ တတွတ်တွတ် ရေရွတ်နေခဲ့တယ်။

အဲဒီနေ့က ခါတ်လှေကားပြန်ကောင်းပြီး အောက်ရောက်သွားချိန်မှာ မြင်ဆင်ရေးလုပ်သားတွေနဲ့အတူ စိတ်ပူနေတဲ့ ကေသရီကို တွေ့လိုက်ရတယ်။

"ရှင် လုပ်လိုက်မှဖြင့် မထိတ်သာ မလန့်သာပါလား ဂျိမ်းဒင်းရယ်၊ ကျွန်မက ယာလေးကို ပြန်ပေးပဲဆွဲသွားသလား။ အကြမ်းဖက်သမားတွေပဲ ဓားစာခံအဖြစ် ဖမ်းသွားလားဆိုပြီး စိတ်ပူနေတာ"

"စိတ်မပူပါနဲ့ ကေသရီ။ လောလောဆယ်တော့ ခင်ဗျားသူငယ်ချင်းကို ဖမ်းခေါ်သွားဖို့ အစီအစဉ် မရှိသေးပါဘူး"

ကေသရီက သာယာကို မျက်စောင်းခဲကြည့်ရင်း လှမ်းမေးတယ်။

"ဘယ်လိုလဲ ယာလေး၊ ရှင့်ပွဲအတွက် အဝတ်အစားရွေးမယ်ဆိုပြီး ဘယ်လိုကဘယ်လို ဒီလူနောက် ပါသွားတာလဲ"

ကေသရီ သုံးနှုန်းလိုက်တဲ့ ရှင့်ပွဲအတွက် ဆိုတဲ့ အသုံးအနှုန်းကြောင့် သာယာမျက်နှာပျက်သွားပေမယ့် သူကတော့ ဘာမှ ဝင်မမေးလိုက်ဘူး။ အဲဒီနေ့က လူတွေ သိပ်အုံမလာခင် သူမတို့နဲ့ သူ လူစုခွဲပြီး ကုန်တိုက်ထဲက ထွက်လာခဲ့ကြတယ်။ လမ်းမခွဲခင် သူမက. . .

*"ဂျိမ်းဒင်း . . . ရှင့်ကတိကို မမေ့နဲ့နော်"*

လို့ ပြောသွားပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သာယာနဲ့ ပြန်လည်ဆုံဆည်းပြီး သူ့အကြောင်း ဦးစွာ ရိပ်မိလာသူက တော့ ဖိုးသားပါ။

ဖိုးသားက သူ့အမူအရာတွေကို အကဲခတ်ရင်း တစ်ရက်မှာ ဖွင့်မေးလာခဲ့တယ်။

"မင်း အခုတလော တစ်ခုခု ထူးခြားနေတယ် နေရောင်။ တစ်ယောက်ထဲ ငေးငေးငိုင်ငိုင် ဖြစ်လိုက်။ ပြုံးချင်တဲ့အခါ ပြုံးလိုက်နဲ့ မင်း ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

"မညာနဲ့ နေရောင်။ မင်း ခုလို ဖြစ်တာ နှစ်ကြိမ်ရှိပြီ။ ပထမတစ်ကြိမ်က ရှမ်းပြည်နယ်ဘက်သွားပြီး ပြန်လာတုန်းက။ အခု ဒုတိယအကြိမ် ငါ့ကို မှန်မှန် ပြောစမ်းပါ။ ဘာလဲ. . . အဲဒီတုန်းက တွေ့ခဲ့တဲ့ ကောင်မလေးနဲ့ပဲလား။ ဒါမှမဟုတ် နောက်တစ်ယောက် ထပ်တွေ့နေတာလား"

သူ ဖိုးသားကို ဖုံးကွယ်ထားဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။

ဖိုးသားက သူတို့အုပ်စုထဲမှာ အကောင်အသေးဆုံးမို့ ရန်ဖြစ်တိုင်း နောက်ဆုံးက နေလေ့ရှိပေမယ့် အကင်းပါးတဲ့နေရာမှာတော့ ရှေ့ဆုံးကလို့ ပြောရမယ်။

သူတို့ထဲက တစ်ယောက်ယောက် တစ်ခုခု ဖြစ်နေပြီဆိုရင် အရင်ဆုံး သိသူက ဖိုးသားပဲ ဖြစ်နေလေ့ရှိတယ်။

အခုလည်း မူပျက်နေတဲ့ သူ့ကို ဖိုးသားက ချောင်းပိတ်ပြီး ဖမ်းလိုက်တာပါ။ လိမ်လို့ မရတော့တာမို့ သူ ခေါင်းညိတ်ဝန်ခံလိုက်တယ်။





"မင်း ခန့်မှန်းတာ တော်တယ် ဖိုးသား။ အဲဒီတုန်းက တွေ့ခဲ့တဲ့ ောင်မလေးနဲ့ ပြန်တွေ့တာပါ။ ငါတို့ ချစ်သူတွေ ဖြစ်သွားကြပြီ"

ဖိုးသားက သူ့ကို တအံ့တဩ စိုက်ကြည့်ရင်း အကြာကြီး ငြိမ်သက် ခဲ့ပြီးမှ. . .

"ဖူးစာမှန်လို့ ပြန်ဆုံတာ ဖြစ်မှာပေါ့။ မြလေးညိုကိုတော့ မသိစေနဲ့ကွာ။ ာ မင်းကို တိတ်တခိုး မျှော်လင့်နေတာလေ။ ဒါနဲ့ မဟုတ်မှလွဲရော မင်းရဲ့ ခြစ်အသစ်လေးက သူပေးတာမှ ဟုတ်ရဲ့လား"

ဖိုးသားရဲ့ တော်ချက်ကတော့ ဩချလောက်တယ်လို့ ပြောရမယ်။ ား တော်သလို ကောင်းစေသော်ကလည်း ခေသူမဟုတ်ပါဘူး။ သူ့လက် ာ ရွှေရောင်မီးခြစ်ကလေးကို တွေ့တွေ့ချင်းနေ့မှာပဲ ကောင်းစေသော်က ကြည့်တယ်။

"ဒါ (ရွှန်ဆင်) မီးခြစ်မဟုတ်လား နေရောင်ဝါ"

"မင်းက ဆေးလိပ် မသောက်ဘူးဆိုပြီး မီးခြစ်အကြောင်းရော သိလှ ည်လား ကောင်းစေသော်"

"ငါ သူများတွေကို လက်ဆောင်ဝယ်ပေးဘူးလို့ သိတာပါ။ ဒီမီးခြစ် ာ ဈေးကြီးတယ်လေ။ မင်း ဘယ်တုန်းက ဝယ်ထားတာလဲ"

"ငါ လက်ဆောင်ရတာပါ"

ကောင်းစေသော်က မီးခြစ်ကို တစ်လှည့်၊ သူ့မျက်နှာကိုတစ်လှည့် ကြည့် း ပြုံးလိုက်တယ်။

"ခုတော့ ငါ့မှာရှိတဲ့အရာမျိုး မင်းမှာလည်း ရှိလာပြီ မဟုတ်လား ရောင်ဝါ"

"ဘာလဲ"

***"အချစ်လေ။ ဒီမီးခြစ်က မင်းချစ်သူပေးထားတာ မဟုတ်လား"***

သူ ဘာမှ အဖြေမပေးဘဲ ငြိမ်နေတော့ ကောင်းစေသော်က တဟားဟား ်ရင်း သူ့ပခုံးကို လှမ်းပုတ်တယ်။

"မင်းလိုလူက ချစ်ရေးချစ်ရာတွေ စိတ်ဝင်စားလာတဲ့အတွက် ငါ ဝမ်း ာယ် နေရောင်ဝါ။ ဒါနဲ့ မင်း ကောင်မလေးက လှရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတယ်"

"မင်းသူ့ကို တော်တော် ချစ်မှာပေါ့နော်"

"အရူးအမူးပဲ"

ကောင်းစေသော် သက်ပြင်းချရင်း ရွှေရောင်မီးခြစ်လေးကို ခြစ်လိုက်တော့ ပြာလဲ့တဲ့ မီးတောက်လေးက ဖျတ်ကနဲ တောက်လာတယ်။

*"ငါလည်း အရူးအမူးပဲ နေရောင်ဝါ။ ငါ့ကောင်မလေးကို ပြောတာပါ။ သူက ... ဇာစ်ပွဲကို အချိန်ယူချင်သေးတယ်လို့ ပြောနေပြန်တယ်"*

ဇာတ်လိုက်မင်းသားတစ်ယောက်လို သေသပ်ချောမောလှတဲ့ ကောင်းစေသော်လို လူမျိုးကို အချိန်ဆွဲချင်တဲ့ မိန်းကလေးမျိုးလည်း ရှိတတ်ပါ... လားလို့ သူ တအံ့တသြ တွေးလိုက်မိတယ်။

"သူက ကိုရီးယား ဇာတ်လမ်းတွဲ ရိုက်ချင်နေတာဆိုရင် မင်း ငြိမ်... နေ့လေ"

*"ငါက ... ဘာလုပ်ရမှာလဲ"*

*"ခိုးပြေးပေါ့ကွ"*

ကောင်းစေသော် ဟက်ကနဲ ရယ်ချလိုက်ပြီး ခေါင်းယမ်းတယ်။

"ငါ မလုပ်ရဲဘူး နေရောင်ဝါ"

"အဲဒါဆိုရင်တော့ မင်းခံပေါ့။ ငါကတော့ လိုအပ်ရင် ငါ့ကောင်မ... ကို ခိုးပြေးမှာပဲ"

သူ ပြတ်ပြတ်သားသားပြောပြီး ကောင်းစေသော် လက်ထဲက မီးခြစ်... ကို ဆွဲယူလိုက်တော့ ရုပ်ချောသလောက် တွေဝေချင်ပုံရတဲ့ ကောင်းစေသော်... 'ငါ မင်းလို သတ္တိရှိချင်လိုက်တာ' လို့ မချင့်မရဲ ရေရွတ်ပါတယ်။

တကယ်တော့ ကောင်းစေသော် မပြတ်သားရဲတာဟာ သိပ်... မဆန်းလှပါဘူး။ ဘာကြောင့်လဲဆိုတော့ ကောင်းစေသော်တို့လို အဆင့်အတန်း... မျိုးက ပညာမစုံခင် ကြင်ယာရှာတာတို့။ မိဘသဘောမတူဘဲ ခိုးပြေး... တို့ဆိုတာ လုပ်လေ့ရှိတာမျိုးမှ မဟုတ်တာ။

ဒါဆို... သူ့ရဲ့ ချစ်သူ မိန်းကလေးကကော...။

သူ ခေါ်ရာကို လိုက်ရဲမှာတဲ့လား။





*သူမရဲ့ မိဘနှစ်ပါးကို ဆန့်ကျင်ပြီး မှန်စီရွှေချထားကို ထားခဲ့ပြီး ရွှေပန်းကြဲတဲ့ ရတနာ အဆင်အပိုင်ကို စွန့်ခွာပြီး သူ့နောက်ကို လိုက်လာမှာလား* အတွေးတွေနဲ့ နေရောင်ဝါ မွန်းကြပ်သွားရပါတယ်။

**ဒါဆို ...**

**သူ့ရဲ့ ချစ်သူ မိန်းကလေးကကော ...။**

**သူ ခေါ်ရာကို လိုက်ရဲမှာတဲ့လား။**



www.burmeseclassic.com

www.burmeseclassic.com

(၈)

"ကိုယ်သိချင်တာ တစ်ခု မေးခွင့်ရှိသလား ချိုလွင်"

ကောင်းစေသော် စကားစလိုက်တော့ သစ်ခွပန်းတွေ ရေလောင်းနေတဲ့ ကြီးကြီးမြကို ဒေးနေရာကနေ သူမ ဖျတ်ကနဲ လှည့်ကြည့်တယ်။

"ဘာမေးချင်လို့လဲ ကိုကောင်း၊ ဘာလဲ စေ့စပ်ပွဲရက် သတ်မှတ်ဖို့ သာယာ အချိန်ဆွဲနေတာကို မေးချင်လို့လား"

"မဟုတ်ပါဘူး။ အဲဒီအတွက် ကိုယ် ချိုလွင့်အပေါ် နားလည်ပေးထားပါတယ်"

လွန်ခဲ့တဲ့ နှစ်လလောက်က စေ့စပ်ဖို့ ကမ်းလှမ်းချက်ကို သူမ ခေါင်းညိတ်လက်ခံခဲ့ပြီး နောက်ပိုင်းရက်တွေကျမှ စေ့စပ်ပွဲအတွက် ရက်သတ်မှတ်ဖို့ အချိန်ဆွဲနေခဲ့တာကို သူ စိတ်ရှည်နားလည်ပေးခဲ့ပါတယ်။

ဖတ်ဖူးတဲ့စာအုပ်တွေအရ တချို့မိန်းကလေးတွေရဲ့ စိတ်ခံစားမှုဟာ ဝေ့ဝေ့ဝဲဝဲ ရှိတတ်ကြတယ်လို့ ဆိုတယ်။

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူမလို ရွေးကောက်တည်းက အလိုလိုက်ခံရပြီး လိုလေသေး ... ပံ့ပိုးကြည့်ရှုခံခဲ့ရတဲ့ မိန်းကလေးတွေဟာ ရွေးချယ်မှုဆိုတာကို သိပ်မကြုံကြိုက်ရ... ဆုံးဖြတ်ရတဲ့အခါမျိုးတွေမှာ အားနည်းချက် ရှိတတ်ကြတယ်လို့ စိတ်ပညာက ဆို...

တချို့ဆို ကိုယ့်အဝတ်အစားတောင် ကိုယ့်ဘာသာ ရွေးချယ်မ... တတ်လောက်အောင် အလိုလိုက်ခံကြရတာ မဟုတ်လား။ သူ့ရှေ့က ချစ်စွ... မိန်းကလေးဟာလည်း အဲဒီလို မိန်းကလေးမျိုးပါ။

"သာယာ အချိန်ယူနေတာက ကိုယ့်ကိုယ်ကို သတ္တိမွေးတဲ့သဘော... တိုကောင်း"

"ကိုယ်နားလည်ပါတယ်၊ အခု သိချင်တာက တခြားတစ်ခုပါ"

"ဘာလဲဟင်"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က အသိတစ်ယောက် ဖုန်းဆက်တ... ချိုလွင်သာယာ့ကို ကုန်တိုက်တစ်ခုမှာ လူတစ်ယောက်နောက် ပြေး လိုက်သွ... တာ တွေ့လိုက်တယ်ဆိုလို့"

"ရှင်"

သူမ မျက်နှာ ဖွေးကနဲ ဖြစ်သွားပြီး သူ့ကို အလန့်တကြား မော့ကြ... တယ်၊ ပြီးတော့ ခပ်လှမ်းလှမ်းက ကြီးကြီးမြကိုလည်း လှည့်ကြည့်ပါသေးတ... ရုတ်တရက် ပျက်ယွင်းသွားတဲ့ အမူအရာကြောင့် သူ ဇဝေဇဝါ ဖြစ်နေဆဲမှာ...

သူမမျက်လွှာချ အိန္ဒြေဆည်လိုက်ပြီး. . .

"ဟိုလေ. . . အဲဒါ လူတစ်ယောက်က သာယာ့အိတ်ကို လုပြေးသွား...

"အိတ် . . . ဟုတ်လား"

"ဟုတ် . . . ပိုက်ဆံအိတ်ကို လုပြေးသွားလို့ အဲဒါကိစ္စကို အိမ်... တောင် မသိသေးဘူး သိရင် ဆူကြမှာ"

ဒါကြောင့် အထိတ်တလန့် မူပျက်သွားတာကိုး။ သူမ ပြော... အတိုင်းသာ သေချာရင်တော့ သူမကို အာဂသတ္တိရှင်အဖြစ် သတ်မှတ်ရမှာ...

"လူကြီးတွေ သိသွားရင် ဆူမှာ သေချာတာပေါ့ ချိုလွင်၊ လူကြီးတွေ... မပြောနဲ့ ကိုယ်တောင် ဆူချင်တယ်။ ဒီကိစ္စမျိုးက ပြေးလိုက်စရာမှ မဟုတ်တာ...





...ကျူရိတီ) တွေ ရှိတာပဲ။ အော်လိုက်ရုံပေါ့။ ဘာအတွက် ပြေးလိုက်ရမှာလဲ..."

သူ ကရုဏာဒေါသောနဲ့ ရှင်းပြလိုက်တော့ သူမ မျက်နှာလေး သွေးရောင်... လွှမ်းလာတယ်။

"နောက်ကို သတိထားပါ ချိုလွင်။ ကြီးမြတို့ မအားလို့ အဖော် မလိုက်... ...ရင် ကိုယ့်ကို ခေါ်ပါ"

"သာယာ ဆင်ခြင်ပါ့မယ် ကိုကောင်း။ အဲဒီနေ့က စေ့စပ်ပွဲလုပ်ဖြစ်ရင် ...ဖို့ အကျီလေးဘာလေး သွားကြည့်တာမို့ ကိုကောင်းကို တမင် မခေါ်တော့ ...ပါ။ ဟိုလေ . . . မိန်းမ အသုံးအဆောင်ရောင်းတဲ့ နေရာတွေဆိုတော့"

**စေ့စပ်ပွဲလုပ်ဖြစ်ရင် . . . တဲ့။**

ဒီလိုဆိုတော့လည်း စေ့စပ်ပွဲကို သူမ တလေးတနက် ရှိခဲ့သားပဲဆိုတဲ့ ...တွေးနဲ့ သူ ကျေနပ်သွားရတယ်။

သူမကတော့ အပြစ်လုပ်မိတာ လူမိသွားလို့လား မဆိုနိုင်ဘူး။ သူ ...နှုတ်ခိုင်အထိ စကားတစ်လုံးမှ မဟတော့ဘဲ နှုတ်ဆိတ်ငြိမ်သက်သွားလေရဲ့။

❋



www.burmeseclassic.com

www.burmeseclassic.com



*နင်သတိထားတော့ သာယာ။ (J.D) နဲ့ခဏခဏ တွေ့ဖို့မစဉ်းစားနဲ့တော့။ နောက်တစ်ခါ ခုလိုပြန်သိအောင် ရင်နင်လိမ်ဖို့ခက်လိမ့်မယ်* (K)

ဒါသိတယ်၊ ဒါပေမယ့်... တွေ့ချင်တာကို ဘယ်လိုလုပ်မလဲ၊ နင်သာ ငါ့နေရာမှာဆို ဘာလုပ်မလဲ၊ (KST) ကို ငြင်းမလား (C)

No ........................................ (K)

လက်မြိုး ခုစပ်မှာလား ........................................ (C)

Yes :........................................ (K)

ဒါဖြင့် ... (J.D) ကိုရော ........................................ (C)

Sorry! ........................................ (K)

လဲခံသလိုက်၊ ငါ သူ့အတွက် ဝမ်းမနည်းနိုင်ပေဘူး (C)





*ဒါဆိုလည်း* Carry On ........ (K)

OK, Good night .......... (C)



www.burmeseclassic.com

www.burmeseclassic.com



(J.D)ဆီက ဖုန်း ရတယ်။ 8 :00 PM ပြန်ဆက်မယ်တဲ့။ ငါ ဘာပြော လေး ရမလဲ ............. **(K)**

သူမှာတာ မှတ်ထားပေး၊ သူ့ကို ဆက်လို့ရမယ့် Ph တောင်းထားပေး၊ ဘယ်တော့ တွေ့ရမလဲ မေးပေး ............. **(C)**

နင်ကိုယ်စား ငါ သွား တွေ့လိုက်ရမလား ............. **(K)**

သေလိုက် ... သေလိုက် ... သေလိုက် ............. **(C)**

8:00 PM နောက်ပိုင်း အကြောင်းပြန်မယ် ............. **(K)**

မပြန်နဲ့၊ နောက်ရက် ငါလာတွေ့မယ်၊ သူ့ကို အကြွင်းမှာ ပေးတယ်လို့ ပြောပေး ............. **(C)**

သေလိုက်...သေလိုက်...သေလိုက် ............. **(K)**



(၉)

အငွေ့တထောင်းထောင်းထနေတဲ့ ဟင်းရည် အိုးကြီး။

ကင်းတဲလေးဆီ သယ်လာတာ တွေ့လိုက်တော့ ကလေးတွေရဲ့ ဝမ်းသာအားရ အော်ဟစ်သံ **'ဟေး'** ကနဲ ဆူညံသွားတယ်။

"ဟော့ကောင်တွေ တအားမအော်ကြနဲ့၊ ငါ နားညည်းတယ်"

နားနည်းနည်းလေးတဲ့ ပုတ်သင်ညိုက အော်တော့ ကလေးတွေကလည်း တအား ပြန်အော်တယ်။

"ဘာဖြစ်လို့လဲဗျ၊ ဒါ အမိန့်ရဆိုင် မဟုတ်ဘူးလား"

"**နင့်ကြီးတော်** အမိန့်ရဆိုင် ဟုတ်ရမှာလား။ ဒါ အလှူတော် မင်္ဂလာမဏ္ဍပ်ကွ"

"ဒါဆိုလည်း မြန်မြန် လှူလေဗျာ၊ ကျုပ်တို့ ဗိုက်ဆာပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ပုံသဏ္ဌာန်မျိုးစုံနဲ့ ဒန်ပန်းကန် ဒန်ချိုင့်လေးတွေ ကိုင်ထားကြတဲ့ ကလေးတွေက ဟင်းရည်နံ့ကို ရှူရှိုက်ရင်း သံပြိုင် တောင်းဆိုလာကြတယ်။

ဒါကြောင့် ကိုမျိုး ပြေးဝယ်တဲ့ ခေါက်ဆွဲဖတ်တွေ ရောက်လာတော့ သူတို့ စ,ကျွေးဖို့ ပြင်ဆင်လိုက်ကြတယ်။

"ကဲ. . . ထုံးစံအတိုင်း တန်းစီကြဟေ့။ ကြားမဖြတ်ကြနဲ့"

အုန်းနို့ခေါက်ဆွဲအတွက် သူ့ရှေ့ရောက်လာတဲ့ ပန်းကန်လေးတွေထဲကို သူက ခေါက်ဆွဲဖတ်ထည့်ပေးပြီး ပုတ်သင်ညိုက ဟင်းရည် ထည့်ပေးတယ်။

သူတို့ရဲ့ စတုဒိသာပွဲမှာ အိုးခွက်၊ ကုလားထိုင်နဲ့ ပန်းကန်တွေ မငှားနိုင်လို့ ကလေးတွေကိုပဲ အိမ်က ပန်းကန်တွေ ယူလာခိုင်းရတယ်။

များသောအားဖြင့် ယူလာတတ်ကြတာက ပိန်ချိုင့်နေတဲ့ ဒန်ဇလုံ၊ ဒန်ချိုင့်လေးတွေနဲ့ ကွဲကောက်နေတဲ့ စတီးခွက် အတုလေးတွေပါ။

သူတို့ရဲ့ အကျွေးအမွေးဟာ ကလေးတချို့အတွက် အဆာပြေမျှသာ ဖြစ်ပေမယ့် ကံဆိုးတဲ့ ကလေးအများစုအတွက်ကတော့ မနက်စာရော ညနေစာပါ ဖြစ်နေတတ်ကြတယ်။

"ဦးနေရောင်ကြီး။ ဒီတစ်ခါ ဖဲသုံးချပ်သမားတွေ မလာသေးဘဲ ဘာဖြစ်လို့ ကျွေးတာလဲ"

"သူတို့ မလာလည်း ကျွေးနိုင်ပါပြီကွာ။ ဒီနေ့ ငါ့မွေးနေ့ကွ၊ နောက်ဆို မကြာမကြာ ကျွေးမယ်"

"ဒါဖြင့် နောက်တစ်ခါ ဒန်ပေါက်ထမင်း ကျွေးဗျာ။ ကျုပ် မစားဘူးလို့"

"အေး. . . ကျွေးမယ်။ ဟိုဖက်မှာ ဟင်းရည်သွားထည့်ဦး"

ပေါက်စီဆိုတဲ့ ချာတိတ် ပုတ်သင်ညိုဘက် ထွက်သွားပြီး သူ့ရှေ့ ထပ်ရောက်လာတဲ့ ပန်းကန်ကို ကြည့်လိုက်တော့ ဟင်းရည် အကပ်အသပ် ပေကျံနေတဲ့ နှစ်ခါသုံးခါမက တောင်းပြီးတဲ့ ပန်းကန် ဖြစ်နေတယ်။

"ဟေ့ ဒီပန်းကန်က သုံးခါကျော်နေပြီ မဟုတ်လား"

သူတို့ရဲ့ စည်းကမ်းက နှစ်ကြိမ်တိတိ ထပ်ထည့်ပေးပေမယ့် သုံးခါကျော်ရင်တော့ ထည့်ပေးလေ့မရှိတာမို့ သေချာအောင် အော်မေးလိုက်ရတာပါ။





"ပန်းကန်ကတော့ ဟုတ်မှာပါ၊ လူကတော့ ခုတစ်ခါ ပထမဦးဆုံးပဲ" ဘယ်နှယ့် အသံပါလိမ့်၊

ကလေးအုပ်စုထဲမှာ သူ ကြားနေကျမဟုတ်တဲ့ ချိုနွဲ့နွဲ့ မိန်းကလေးသံပါ။

ခေါက်ဆွဲဖတ်တွေကို ဖွရင်း အလုပ်ရှုပ်နေရာက သူ ဖျတ်ကနဲ ခေါင်းမော့ကြည့်လိုက်တော့ ပိပြားတဲ့ ဆံပင်တွေပေါ်မှာ လျှာထိုးဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားပြီး နေကာမျက်မှန်တပ်ထားတဲ့ မိန်းကလေးတစ်ယောက်။

ဘောင်းဘီတိုပွပွနဲ့။ ဝေါ့ကင်းရှူးဖိနပ်ဖြူဖြူနဲ့။

"ဟေ့. . . မင်းက. . ."

ရုတ်တရက် သူ့စကားတစ်ဝက်တစ်ပျက်နဲ့ ရပ်ဆိုင်းသွားပြီး ရင်တစ်ခုလုံး ဖြောင်းဆန်သလို တုန်ခါသွားပါတယ်။ ဘုရားရေ. . . ဒီမိန်းကလေးဟာ သူ့ရဲ့ ချစ်လှစွာသော အမျိုးသမီးလေးပါပဲလား။

"သာ. . . ယာ"

"အဟင်း. . . ကျွန်မကိုတောင် မမှတ်မိတော့ဘဲ အော်ထုတ်တော့မလို့လား ဂျိမ်းဒင်းရဲ့"

"မင်း. . . ဘယ်က ဘယ်လို ရောက်လာတာလဲ သာယာ။ ပြီးတော့ ဒီပန်းကန်ကရော"

"ကဲပါ. . . ခေါက်ဆွဲထည့်မှာဖြင့် ထည့်လေ. . . မွေးနေ့ရှင်ကြီးရဲ့။ ငှားလာတဲ့ပန်းကန် ပြန်ပေးရဦးမှာ"

သူ ဇဝေဇဝါနဲ့ ခေါက်ဆွဲဖတ်တွေ ထည့်ပေးလိုက်တော့ သူမက ပုတ်သင်ညိုရှေ့ သွားရပ်ပြီး ဟင်းရည် တောင်းတယ်။

ပြီးမှ လှည့်ထွက်သွားပြီး အုတ်ခုံနားမှာ ယောင်ပေပေ လုပ်နေတဲ့ ဇူဇကာဆိုတဲ့ ကောင်လေးရဲ့လက်ထဲ သွားထည့်လိုက်တယ်။

သူက အနားရောက်လာတဲ့ ကိုမျိုးကို ခေါက်ဆွဲဇလုံမှူး တာဝန်လွှဲပေးလိုက်ပြီး သူမရှိရာ ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။

"ကဲ. . . ပြောပါဦး။ နတ်သမီးလေးလို ကိုယ့်ရှေ့ ဘွားကနဲပေါ်လာရတဲ့ အကြောင်းရင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူမွေးနေ့ဆိုတော့ သူ့ကို တွေ့ချင်လို့ ရောက်လာတာပေါ့။ ကေသရီတို့ ညီအစ်မလည်း ပါတယ်။ ကားပေါ်မှာ"

ခပ်ဝေးဝေးမှာ ရပ်ထားတဲ့ ကားဆီ ကြည့်လိုက်တော့ လက်လှမ်းပြနေတဲ့ ကေသရီတို့ ညီအစ်မကို တွေ့လိုက်ရတယ်။

"ကိုယ့်လိပ်စာကို ဘယ်လို သိတာလဲ။ လိပ်စာသိအောင် နှုတ်လမ်းညွှန်ခဲ့သူ မရှိဘဲ ဒီနေရာကို ရောက်လာဖို့ မလွယ်ဘူး"

သူ တအံ့တသြ မေးလိုက်တော့ သူမက ဂုဏ်ယူဝံ့ကြွားဟန် အပြည့်နဲ့ ပြန်ဖြေတယ်။

"သာယာပဲကွယ်။ ဒီလောက်တော့ ဖြစ်ပါတယ်။ သူ ဖုန်းဆက်တော့ တို့ဖက်မှာ ဆက်တဲ့ဖုန်းနံပါတ် ပေါ်နေတယ်လေ။ အဲဒါနဲ့ ပြန်ဆက်ပြီး စုံစမ်းလိုက်တော့ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးငယ်ဆိုတဲ့လူကြီးက အားလုံး ပြောပြတော့တာပဲ။ အခု သူ့ဆိုင်ကို အရင်ဝင်ပြီးမှ သူ လမ်းညွှန်တဲ့အတိုင်း မောင်းလာတာလေ ဒါနဲ့ မွေးနေ့ပွဲက မပြီးသေးဘူး မဟုတ်လား"

"အင်း . . . ထင်တာပဲ"

"ဒါဖြင့် သူငယ်ချင်းတွေခေါ်ပြီး ကားပေါ်က အအေးဗူးတွေ လိုက်သယ်ပေးစမ်းပါ။ ကလေးတွေကို တိုက်ရအောင်"

**ဒီလိုဆိုတော့လည်း ချစ်ဖို့ကောင်းတဲ့ ကလေးပဲမို့။**

လူဆင်းရဲ ချာတိတ်လေးတွေအတွက် အအေးဗူးတွေ ဝယ်လာပုံက ဆိုင်တစ်ဆိုင် ဖွင့်ရလောက်အောင်ကို များပြား စုံလင်လှပါတယ်။

ကလေးတွေတင်မကဘဲ ကလေးမိဘတွေပါ တိုက်လို့ရလောက်အောင် များပြားလှတဲ့ အအေးဗူးတွေကို ကြည့်ပြီး သူ မေးလိုက်တယ်။

"ဒါတွေ . . . မင်း အကုန်ဝယ်လာတာလား"

"**ဟင့်အင်း၊ စတိုးဆိုင်ကနေ တစ်ထောက်ပြီး လှုလာတာ**"

ချစ်စဖွယ် မျက်စောင်းထိုးရင်း သူမက ခပ်ထေ့ထေ့ တုန့်ပြန်ပါတယ်။

အအေးဗူးတွေ ဝေလိုက်တော့ ကလေးတွေက ခုန်ပေါက် ပျော်ရွှင်သွားကြတယ်။ ဒါပေမယ့် ခဏနေတော့ ကလေးတချို့က ငိုမဲ့မဲ့မျက်နှာနဲ့ ပြန်ရောက်လာတယ်။





"ဦးနေရောင် ဒီဗူးဖွင့်ဖို့ ဖောက်တံ ဘယ်က ငှားရမှာလဲဗျ"

ကုတ်နဲ့ ဆဲဗင်းအပ်ဗူးတွေကို နို့ဆီဗူးလို ဖောက်တံနဲ့ ဖွင့်ရမယ်ထင်တဲ့ ကလေးတွေကို သူမက တစ်ဗူး နမူနာ ဖောက်ပြလိုက်ရတယ်။

"ကလေးတွေက သနားစရာနော် ဂျိမ်းဒင်း"

"သူတို့ထက် သနားဖို့ကောင်းတဲ့လူ ရှိသေးတယ်"

"ဘယ်သူလဲဟင်"

"ကိုယ်ပေါ့။ ကလေးတွေက လက်ထဲ ရောက်လာတဲ့ အချိုရည်ဗူး မဖွင့်တတ်တာ။ ကိုယ်က ဘဝထဲ ရောက်လာတဲ့ ချစ်သူကို ဘယ်လို ပိုင်ဆိုင်အောင် လုပ်ရမလဲ စဉ်းစားမရတာ"

သူ တွေတွေငေးငေး ပြောလိုက်တော့ သူမက ခပ်ထေ့ထေ့ ပြုံးပြီး ပြန်မေးတယ်။

"သာယာ . . . နမူနာ ပြရမလား"

"အင်း . . . စမ်းကြည့်တာပေါ့"

"ဒါဖြင့် . . . လာ"

သူ့လက်ကို ဖျတ်ကနဲ ဆုပ်ကိုင်ပြီး သူမ တအားဆွဲ ပြေးပါတော့တယ်။ ကေသရီနဲ့ ပုတ်သင်ညိုတို့ အုပ်စုက အံ့အားသင့်နေကြပြီး သူကရော တအံ့တသြ လိုက်ပါသွားရတယ်။

ပေါက်စီတို့ ကလေးတစ် သိုက်က 'ဟာ . . . အပြေးပြိုင်နေပြီဟေ့၊ ငါတို့လည်း ဝင်ပြိုင်မယ်' ဆိုပြီး နောက်က တစ်အုပ်ကြီး လိုက်ပါလာကြလေရဲ့။

"**ဟေ့ . . . ဘယ်ကို ပြေးတာလဲ ပြောဦးလေ**"

သူမ ရှေ့တည့်တည့်ကိုသာ ကြည့်ပြီး ပြုံးပြုံးလေး ပြန်ပြောတယ်။

"**ဒီလိုပေါ့ . . . ပြေးဦးတည့်ရာ**"

ကလေးတွေက လက်ထဲရောက်လာတဲ့ အချိုရည်ဗူး မဖွင့်တတ်တာ။ ကိုယ်က ဘဝထဲ ရောက်လာတဲ့ ချစ်သူကို ဘယ်လို ပိုင်ဆိုင်အောင် လုပ်ရမလဲ စဉ်းစား မရတာ။



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

"လမ်းက ဆိုးတယ် ကိုကောင်း ဖြစ်ရဲ့လား"

"ဖြစ်တယ် ဖိုးသား၊ ဒီကားက (ဖိုးဗိုးဒရိုက်)ပဲ ဒီလောက်တော့ မောင်းလို့ ရပါတယ်"

ကောင်းစေသော်က ခပ်အေးအေး ပြန်ပြောရင်း ဆိုးဝါးလှတဲ့ မြေနီလမ်းကျဉ်းလေးထဲ သူ့ကားကို ချိုးကွေ့ မောင်းဝင်လိုက်တယ်။

"နေရောင့်မွေးနေ့ လိုက်ချင်တယ်ဆိုလို့သာ ခေါ်လာရတာ။ လမ်းက ဆိုးတော့ အားနာတယ်ဗျာ။ 'ကက' တွေတောင် ဒီလမ်း ဝင်ချင်တာ မဟုတ်ဘူး"

ဖိုးသားက လမ်းဆိုးတဲ့အတွက် တာဝန်မကင်းသူ တစ်ယောက်လို အားနာပါးနာ ရှင်းပြနေပါတယ်။

တကယ်တော့ ကောင်းစေသော် ကိုယ်တိုင်လည်း အစီအစဉ်မရှိဘဲ လိုက်ဖြစ်သွားတာပါ။

• တောင်ဒဂုံပြန်ဖို့ မြို့ထဲမှာ ကားစောင့်နေတဲ့ ဖိုးသားကို တွေ့တော့ သုဝဏ္ဏသွားမှာမို့ လမ်းကြုံခေါ်လာရာကနေ ဒီနေ့ နေရောင်ဝါ့မွေးနေ့မှန်းသိပြီး လိုက်ဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မာကျောကျော ဆောင့်ကြွားကြွားနိုင်လှသူ နေရောင်ဝါ့အပေါ် ငယ်ပေါင်းကြီးဖော် တစ်ယောက်လို ခင်မင်မိသွားတဲ့ ကိုယ့်ကိုယ်ကိုတောင် ကောင်းစေသော် အံ့ဩရပါသေးတယ်။

ဖြစ်နိုင်တာကတော့ နေရောင်ဝါရဲ့ ရိုးသားမှုနဲ့ မဟုတ်မခံစိတ်ဓာတ်တို့ အထောင်ကြီး လေးစားရာကနေ ခင်မင်မိသွားတာ ဖြစ်မှာပါ။

တောင်ဒဂုံရဲ့ အစွန်အဖျား လယ်ကွက်ထဲ ဖောက်ထားတဲ့ မြေနီလမ်း အတိုင်း မောင်းလာရင်း လမ်းကွေ့တစ်ခုရောက်တော့ ဖုန်လုံးထဲပြေးလာတဲ့ ကလေး တစ်သိုက်ကို ဘွားကနဲ တွေ့လိုက်ရလို့ ကောင်းစေသော် ကားထိုးရပ်လိုက်တယ်။

ကလေးတွေက ပါဂျဲဒိုးကြီးကွ ဆိုပြီး ကားနားကို ဝိုင်းအုံလာစဉ်မှာပဲ နောက်က ပါလာသူ နှစ်ယောက်ကို တွေ့လိုက်ရ တယ်။

(ဝတ်နေကျ ဂျင်းဘောင်းဘီနဲ့ တီရှပ်အဖြူကြောင့်) တစ်ယောက်က နေရောင်ဝါဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ဦးထုပ်ဆောင်းထားတဲ့ ဖြူသွယ် ...ိ ဋ်းကလေးတစ်ယောက်ပါ။

"ရှေ့မှာ နေရောင်ဝါတို့ပဲ"

ဖိုးသားက ပြောပြောဆိုဆို ကားပေါ်က ဆင်းသွားလို့ ကောင်းစေသော် ပါ လိုက်ဆင်းလိုက်တော့ နေရောင်ဝါက သူ့ကို တွေ့သွားပြီး တအံ့တဩ ဖြစ် သွားတယ်။

"ဟာ. . . ဘယ်သူများလဲလို့ကွာ။ နေပါဦး ဖိုးသားနဲ့ ဘယ်က ဘယ်လို တွေ့ပြီး ပါလာတာလဲ"

"မြို့ထဲမှာ တွေ့တာပါ။ မင်းမွေးနေ့မှန်းသိလို့ တမင် လိုက်လာတာ"

"အတော်ပဲ မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်"

နေရောင်ဝါက နောက်ကွယ်မှာ ပုန်းကွယ်သလို ခပ်လျှိုလျှိုရပ်နေသူ မိန်းကလေးကို လက်ဆွဲပြီး ရှေ့ခေါ် ထုတ်လိုက်တယ်။ အဲဒီအချိန်အထိ ဦးထုပ် ဆောင်းပြီး နေကာမျက်မှန်တပ်ထားသူ မိန်းကလေးဟာ သူ့ရင်ကို နင့်ကနဲ ကြေကွဲသွားစေမယ့် မိန်းကလေးမှန်း ကောင်းစေသော် လုံးလုံး မရိပ်မိခဲ့ဘူး။

*"ကောင်းစေသော် ဒီဝါချစ်သူလေး သာယာတဲ့"*

*"ဟ ု"*

• ဉာဏ်ဝင်းစာပေ •



သာယာဆိုတဲ့ နာမည်ကြောင့် သူ အမောတကော ကြည့်လိုက်တော့ သူမက ဦးထုပ်ကို ဖြည်းဖြည်းလေး ချွတ်လိုက်ပြီး ခွေလိပ်တင်ထားတဲ့ ဆံဝင် ...ျောပျော့တွေကို ဝဲကနဲ ဖြန့်ချလိုက်တယ်။

ဘုရား ကယ်တော်မူပါ။ ဒါဟာ. . . သူမပါလား။

သူနဲ့ မျက်နှာချင်း မဆိုင်ဝံ့သလို မျက်နှာကို ခပ်လွှဲလွှဲ လုပ်ထားပေမယ့် နေရောင်ဝါရဲ့ ချစ်သူ မိန်းကလေးဟာ သူ့ရဲ့ ချိုလွင်သာယာပါပဲ။

ရုတ်တရက် မြေမြှုပ်ခံလိုက်ရသူတစ်ယောက်လို၊ အရှင်လတ်လတ် မီး သောင်တိုက် သွင်းခံလိုက်ရသူတစ်ယောက်လို၊ အသိတရားတွေ ကင်းလွတ် သွားပြီး မင်သက်ထုံကျင်သွားတယ်။

သူ ဘယ်လောက်ကြာကြာ ကြက်သေသေပြီး မှိန်းမောနေမိတယ် မသိ ဘူး။

နေရောင်ဝါက 'ကောင်းစေသော် နှုတ်ဆက်လိုက်ဦးလေကွာ' လို့ ... ...မှ သူ ပြန်အသိဝင်လာတယ်။

အိပ်မက်ထဲ လမ်းလျှောက်နေမိသူတစ်ယောက်လို ရှေ့ကို ခြေတစ်လှမ်း ... လိုက်တယ်။

နေရောင်ဝါက သူမရဲ့ လက်တစ်ဖက်ကို ကိုင်ထားတာမို့ ဦးထုပ်ကိုင် ထားတဲ့ ကျန်လက်တစ်ဖက်ကို သူ ဆွဲယူလိုက်တော့ သူမရဲ့ ကိုယ်ကလေး ဆတ်ကနဲ တုန်သွားတယ်။

ပြီးမှ ခေါမကျောက်ရုပ်တစ်ခုလို သတိအနေအထားနဲ့ တောင့်မတ်သွား တယ်။

"ကောင်းစေသော်. . . အဲဒါ ဘာလုပ်တာလဲ"

မျှော်လင့်မထားတဲ့ အပြုအမူကြောင့် နေရောင်ဝါက ခပ်ဆတ်ဆတ် သံ့မေးအော်လိုက်တော့ သူ အားယူပြီး ပြန်ပြုံးပြလိုက်တယ်။

"ငါလည်းမင်းလိုမျိုး ပြန်မိတ်ဆက်ပေးချင်လို့ပါ နေရောင်။ *ငါ ချစ်တဲ့ ချိုလွင်သာယာဆိုတာ သူပဲလေ"*

*"ဘာ . . . မင်း ဘာပြောတယ် ကောင်းစေသော်"*

*"မင်း ကြားလိုက်တဲ့အတိုင်းပဲ နေရောင်"*

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ဝါက သူ့ကိုတစ်လှည့်၊ သူမ မျက်နှာကိုတစ်လှည့် ကြည့်ရင်း ဇဝေဇဝါ ဖြစ်နေတယ်။

သွေးဆုတ်သလို ဖြူဆွတ်သွားတဲ့ မျက်နှာနုနုလေးကြောင့် သူ သနားသွားပြီး သူမလက်ကို လွှတ်ပေးလိုက်တော့ နေရောင်ဝါကလည်း လွှတ်လိုက်တယ်၊

"ကျွန်မ. . . ကျွန်မ. . . ပြန်မှနဲ့ တူတယ်"

အသက်မီရှူဘဲ ပြောလာသလိုမျိုး သူမရဲ့ အသံတွေက အမောတကော တုန်ခါနေကြလေရဲ့။

*နေပါဦး ချိုလွင်၊ ခုလို အခြေအနေမျိုးမှာ မင်း ဆိုပြန်ပြန်လှည့်ပြန်သွားလို့ မကောင်းဘူးလို့* သူ တားလိုက်ချင်ပေမယ့် ကောင်းစေသော် မတားမြစ်ခဲ့ဘူး။

နေရောင်ဝါကလည်း ချာကနဲ လှည့်ထွက်သွားတဲ့ သူမကို လှမ်းမတားလိုက်ပါဘူး။

မတားချင်တာလား၊ မတားလိုက်ချင်တာလား ဆိုတာကတော့ ကာယကံရှင်မှသာ သိမှာပဲ။

သူမ ထွက်ခွာသွားတော့ ကလေးတစ်အုပ်က ပြေးလိုက်သွားကြပြီး မယောင်မလည် လုပ်နေတဲ့ ဖိုးသားလည်း လစ်ကနဲ ကွယ်ပျောက်သွားတယ်။

အဲဒီနောက် လှိုင်းထကျန်ခဲ့တဲ့ ဖုန်လုံးတစ်လုံးနဲ့ တစ်ယောက်ကို တစ်ယောက် ခပ်စူးစူး စိုက်ကြည့်နေမိကြတဲ့ သူတို့နှစ်ယောက်သာ တိတ်ဆိတ်စွာ ကျန်ခဲ့ပါတော့တယ်။

စက္ကန့်ပေါင်းများစွာ. . .

မိနစ်ပေါင်းများစွာ. . .

ကြာအောင် တိတ်ဆိတ်နေခဲ့ကြတာပါ။

• • • • • • • • • •

**ရုတ်တရက် ခြေမြန်လိုက်ရသူတစ်ယောက်လို၊ အရှင်လတ်လတ် မီးလောင်တိုက်သွင်းခံလိုက်ရသူ တစ်ယောက်လို အသိတရားတွေ ထင်းလွင့်သွားပြီး မင်သက်ကိုတုန်သွားတယ်။**

• • • • • • • • • •





ခြောက်သယောင်းနေတဲ့ လယ်ကွက်တွေထဲကို လိမ္မော်ဝါဆည်းဆာရောင်တွေက ထိုးကျနေတယ်။

ခပ်ဝေးဝေး သစ်ခြောက်ပင်ပေါ်မှာတော့ ဆွဲဆွဲငင်ငင် တွန်တတ်တဲ့ အနက်ရောင် ငှက်တစ်ကောင် ခိုနားနေတယ်။ စိတ်ရှုတ်စရာတွေသာ မရှိခဲ့ရင်တော့ အတော့်ကို လွမ်းမောဖွယ်ကောင်းလှတဲ့ ရှုခင်းပါပဲ။

"ငါတို့ စကားပြောကြဖို့ လိုပြီ ထင်တယ် နေရောင်"

တိတ်ဆိတ်မှုကို စတင် ဖောက်ခွဲလိုက်သူကတော့ ကောင်းစေသော် ကိုယ်တိုင်ပါ။ နေရောင်ဝါက စီးကရက်တစ်လိပ်ကို အငွေ့တစ်ထောင်း ထောင်းထအောင် ဖွာရှိုက်ရင်း ငြိမ်သက်နေတယ်။

သူသာ ဆေးလိပ် သောက်တတ်ရင် နေရောင်ဝါ့ဆီက စီးကရက်တစ်လိပ်လောက် တောင်းပြီး ဖွာရှိုက်လိုက်မိမှာ အမှန်ပါ။

"ဆောရီးကွာ။ မင်း ရည်ရွယ်ထားတဲ့ မိန်းကလေးမှန်း ငါ ကြို မသိခဲ့ဘူး"

နေရောင်ဝါ့အသံက တောင်းပန်သံလား။

အခြေအနေအမှန်ကို သုံးသပ်ပြတဲ့ အသံလား။ သူ ဝေခွဲမရခဲ့ဘူး။

"ကြိုသိတော့ကော မင်းက နောက်ဆုတ်ပေးမှာမို့လို့လား နေရောင်"

"ငါ. . . မပြောတတ်ဘူး"

"တဲ. . . အခု သိပြီလေ။ ချိုလွင်သာ့ယာဟာ ငါ လက်ထပ်မယ့် မိန်းကလေးပဲ။ အဲဒီတော့ မင်း ဘာဆက်လုပ်မှာလဲ၊ နောက်ဆုတ်မှာလား၊ ဒါမှမဟုတ် ရှေ့ဆက်တိုးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ဝါ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ပြီး ခေါင်းယမ်းတယ်။

"ငါ မပြောတတ်သေးဘူးကောင်းစေသော်။ နေပါဦး မင်းက ဘယ်လို ဖြစ်စေချင်လို့လဲ။ ဘာလဲ ရုပ်ရှင်တွေထဲကလို ငါ့ကို အနှစ်နာခံပြီး နောက်ဆုတ်စေချင်လို့လား"

"ငါ့ရင်ထဲက ရှိတဲ့အတိုင်း ပြောရရင်တော့ ဟုတ်တယ် နေရောင်၊ *မင်း နောက်ဆုတ်ပေးစေချင်တယ်။ အဲဒီအတွက် ငါ ဘာတုန့်ပြန်ရမလဲ။ တိုက်ခန်းတစ်ခန်း ကားတစ်စီး ပြီးတော့ မင်းအတွက် လုပ်ငန်းတစ်ခုခု"*

သူ့စကားအဆုံးမသတ်နိုင်ခင်မှာပဲ ခပ်အုပ်အုပ် မြည်သံတစ်ခုနဲ့ အတူ သူ့မျက်နှာ လည်ထွက်သွားတယ်။

ပါးစပ်ထဲက ငန်ဖျဖျအရသာကြောင့် တံတွေးတစ်ချက်ထွေးပြီး နှုတ်ခမ်းကို လက်နဲ့ သုတ်လိုက်တယ်။ ပြီးမှ သူ နာနာကျင်ကျင် ပြုံးရင်း. . .

"မင်းစိတ်ဆိုးပေမယ့် အခြေအနေအမှန်ကိုတော့ မင်းသိစေချင်တယ် နေရောင်။ မင်းမှာ ရွေးချယ်ဖို့ အခွင့်အလမ်း သိပ်များများ မရှိဘူးလေ"

"တော်တော့ ကောင်းစေ. . . မင်း စကားက ငါ့မာနကို လာထိရင် ငါ ထပ်ထိုးမိလိမ့်မယ်"

"မင်း ထိုးရင်လည်း ခံရုံပေါ့ နေရောင်။ ငါကတော့ အရှိကို အရှိတိုင်း သုံးသပ်ပြရမှာပဲ။ ပြီးတော့ ချိုလွင်သာယာဟာ မင်းအတွက်ရော၊ ငါ့အတွက်ပါ ဘုံမျှော်လင့်ချက် ဖြစ်နေတယ်လေ"

နေရောင်ဝါက စောစောက စိးကရက်ပြုတ်ကျသွားတာမို့ နောက်ထပ် တစ်လိပ်ကိုထုတ်ပြီး မီးညှိတယ်။

ရွှေရောင်ဂက်စ်မီးခြစ်လေးကို မြင်လိုက်တော့ သူ နင့်ကနဲ ခံစားလိုက် ရတယ်။

"တကယ်လို့ ချိုလွင်သာယာနဲ့ လက်ထပ်မယ့်လူဟာ ငါမဟုတ်ဘူး၊ ဒါမှ မဟုတ် လက်ထပ်ရမယ့်လူ မရှိဘူးဆိုပါစို့ မင်း ဘာလုပ်မလဲ နေရောင်"

"ငါ သူ့ကို ခိုးပြေးမှာပေါ့"

"ဘယ်ကိုလဲ. . . ဒီ ဆင်းရဲသားရပ်ကွက်ကလေးထဲကိုလား"

သူ လှောင်ပြုံးပြုံးလိုက်တော့ နေရောင်ဝါ့မျက်နှာ ရဲကနဲ ဖြစ်သွားတယ်။





"မင်း ချိုလွင်သာယာ့အကြောင်း ဘယ်လောက်သိသလဲ နေရောင်"

"ငါ သူ့အကြောင်းသိပ်မသိပေမယ့် သူ့အချစ်ကိုတော့ သိတယ် ကောင်းစေသော်"

"အဲဒီစကားကို ပြဇာတ်မင်းသားတွေ ပြောဖို့ ထားလိုက်စမ်းပါ။ ဒီမယ် နေရောင်. . . ချိုလွင်သာယာတို့ အဆင့်က မင်းမပြောနဲ့ ငါတို့ အဆင့်နဲ့တောင် ယှဉ်လို့ မရလောက်အောင်ကို ချမ်းသာတယ်။ *အိမ်မှာ ကားတွေများလွန်းလို့ ကားသော့တွေကို ငွေဖလားကြီးနဲ့ ထည့်ထားရတယ်* ဆိုတဲ့စကား မင်း ကြားဖူးလား။ ချိုလွင်သာယာတို့က အဲဒီလို အဆင့်မျိုး။ မိဘအစဉ်အဆက်ကတည်းက ချမ်းသာလာတာ။ သူတို့အိမ်မှာ အချိန်ပြည့် စားဖိုမှူး သုံးယောက်ရှိတယ်။ စားချင်တဲ့ အစားအစာကို စားချင်တဲ့အချိန်မှာ မီးဖိုခန်းထဲ ဖုန်းလှမ်းဆက် လိုက်ရုံပဲ။ အပြင်သွားရင် ဖိနပ်ထုတ်ပေးတဲ့လူနဲ့၊ ကားတံခါးဖွင့်ပေးတဲ့လူနဲ့ အားလုံး အရံသင့်ပဲ၊ ကုန်ကုန်ပြောမယ်ကွာ။ *ခြေသည်းလက်သည်းညှပ်ရင်တောင် ညှိုးတာသာ ညှပ်တာ။ ညှပ်လည်း မညှပ်တတ်ဘူး။ ခြေပြီဆေးလွန်းမှာ ဘုတ်ခါကင် လုပ်ထားပြီး ချွာညှပ်တာ။ ကဲ. . . အဲဒီလိုမိန်းကလေးကို မင်းက ဟောဒီရပ်ကွက်လေးထဲ ခိုးပြေးလာမှာ တဲ့*။ ပြောပါဦး နေရောင်"

နေရောင်ဝါ ဘာမှအဖြေမပေးဘဲ စီးကရက်ကိုသာ တွင်တွင်ဖွာနေ တယ်။

မျက်နှာအနေအထားအရ အံတော့်ကို ခံပြင်းနာကျင်နေပုံပါ။

"မင်းက သူ့ကိုပိုင်ဆိုင်ချင်တဲ့လောဘစိတ် တစ်ခုထဲနဲ့ ဆင်းရဲတွင်းထဲ ဆွဲခေါ်မလို့လား နေရောင်။ မွန်းကြပ်မှုဒဏ်ကို သူ့ကိုပါ ခံစားခိုင်းမလို့လား"

"အဲ့ဒါကြောင့် သူ့ကို မင်းလက်ထဲ ထိုးအပ်လိုက်ရမယ်ပေါ့ ဟုတ်လား ကောင်းစေသော်။ *လုပ်စသတ်တော့ မင်းက သူ့အတွက် ပြောနေသလိုလိုနဲ့ မင်းဘက်မင်း ယက်နေတာပဲကိုး"*

"ဘာကွ"

"ငါက သူ့စည်းစိမ်ဥစ္စာတွေကို စိတ်မဝင်စားဘူး ကောင်းစေ။ သူ အဲ့ဒီ လောက် ချမ်းသာမှန်းလည်း မသိခဲ့ဘူး။ ဒါပေမယ့်. . . မင်းကတော့ အားလုံးကို အသေးစိတ်သိနေတာပါလား။ ဘာလဲ. . . မင်း ဒီလောက်ချမ်းသာရုံနဲ့ မှောင်း



www.burmeseclassic.com

www.burmeseclassic.com



တိမ်နိုင်သေးဘူးလား။ **ပါကွန်ကနေ သာယာအေးစီးတဲ့ လင်္ကာဒီပ ပျော်စံချင်လို့လား"**

ဒီဘစ်ခါ မျက်နှာလည်ထွက်သွားရသူကတော့ နေရောင်ဝါပါ။ နေရောင်ဝါက မထင်မှတ်ဘဲ အငိုက်မိသွားလို့လား။

ဒါမှမဟုတ်. . . ကောင်းစေသော်ရဲ့ လက်သီးကပဲ အားပြင်းသွားလို့လား ဆိုနိုင်ဘူး။

မျက်နှာလည်ထွက်ရုံမကဘဲ မြေကြီးပေါ်ပါ လဲကျသွားလေရဲ့။

လဲလျက်အနေအထားနဲ့ပဲ ဘေးနားကျသွားတဲ့ စီးကရက်ကို ကောက်ယူဖွာရှိုက်ပြီး ဆက်လှဲနေတယ်။

သူလည်း ရပ်နေရတာကြာလို့ နေရောင့်ဘေး နေရာလွတ်မှာ ဝင်ထိုင်ချ လိုက်တယ်။

"မင်းမဆိုးပါဘူး ကောင်းစေ။ လက်သီးတော့ ထိုးတတ်သားပဲ"

"ဆောရီးကွာ"

"ဒါပေမယ့်. . . ကောင်းကောင်းတော့ မချစ်တတ်သေးဘူး။ အချစ် အကြောင်း မင်းသဘောမပေါက်သေးဘူး။ ဒီမှာ. . . ကောင်းစေသော် **အချစ်ဟာ ရည်းစားပိုင်ဆိုင်မှုတွေထက် သာလွန်တယ်။** ချစ်တဲ့လူနဲ့ ထမင်းရည် အတူသောက်ရတာ ဟာ မချစ်တဲ့လူနဲ့ ဟိုတယ်မှာ ညစာ အတူစားရတာထက် ပိုပြီး ချိုမြိန်တယ်ကွ"

"ဟုတ်လား. . . ဘယ်ဝတ္ထုထဲက စာသားလဲ"

သူ ခပ်တည်တည် ပြန်မေးလိုက်တော့ နေရောင်ဝါက ပြုံးတယ်။ ပြီးမှ နေဝင်တာကို ငေးကြည့်နေရင်း တစ်လုံးချင်း ပြောတယ်။

"သာယာဟာ ငါတို့နှစ်ယောက်ရဲ့ ***ဘုံမျှော်လင့်ချက်တင် မဟုတ်ဘူး ဘုံအနာဂါတ်လည်း ဖြစ်တယ်။*** ဒါပေမယ့် နှစ်ယောက်စလုံးအတွက် သာယာတဲ့ အနာဂါတ် ချည်းပဲတော့ မဖြစ်နိုင်ဘူး။ တစ်ယောက်အတွက် ကောင်းရင်၊ တစ်ယောက် အတွက် ဆိုးရလိမ့်မယ်"

***"ဟုတ်ပြီ… ငါသိချင်တာက အဲဒီအဆိုးကို ဘယ်သူယူမှာလဲ မင်းလား။ ဒါမှမဟုတ် ငါလား"***

သူ့မေးခွန်းအဆုံးမှာတော့ နှစ်ယောက်စလုံး အကြာကြီး နှုတ်ဆိတ် သွားပြန်ပါတယ်။





ခပ်ဝေးဝေးက အနက်ရောင်ငှက်ကလေးဟာ သုတ်ကနဲ ထပျံသွားတယ်။ ခိုနားခဲ့တဲ့ သစ်ကိုင်းခြောက်လေးသာ တဆတ်ဆတ်တုန်ခါ ကျန်ရစ်ခဲ့လေရဲ့။

**"ချစ်တဲ့လူနဲ့ ထမင်းရည်အတူသောက်ရတာဟာ**
**မချစ်တဲ့လူနဲ့ ဟိုတယ်မှာ ညစာ အတူစားရတာထက်**
**ပိုပြီး ချိုမြိန်တယ်ကွ"**



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

"သား. . . တစ်ခုခု ဖြစ်လာတယ် မဟုတ်လား ရောင်ဝါ"

ညစာစားပြီးချိန် နောက်တစ်နေ့ ရောင်းမယ့် ငါးခြောက်တွေကို ချိန်ခွင်နဲ့ ချိန်ပြီး အစည်းလေးတွေ စည်းနေရာကနေ အမေ လှမ်းမေးတယ်။

အမေက သူများတွေလို နေရောင်လို့ မခေါ်ဘဲ ရောင်ဝါလို့သာ ခေါ်လေ့ရှိတယ်။

ရောင်ခြည်ရောင်ဝါဆိုတာ ဘုန်းကျက်သရေကို ကိုယ်စားပြုတာ သားရဲ့။

မင်းဟာ ဘုန်းရှင်ကံရှင်ဖြစ်မယ့်သားလို့လည်း ဆိုတတ်ပါသေးတယ်။ *(အခုတော့. . .အမေ့ရဲ့ ဘုန်းရှင်ကံရှင် သားလေးဟာ ရည်းစားတစ်ယောက်ကို ဆင်ခဲ့တဲ့ အပြစ်တစ်ခုတည်းနဲ့ လက်လွှတ်ဆုံးရှုံးရတော့မယ် အမေ. . .)*

"သား. . . မေမေ မေးနေတယ်လေ။ မင်း ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို မညာနဲ့ရောင်ဝါ။ အမေတစ်ခု သားတစ်ခုဘဝနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် မှန်လိုကြည့်ပြီး နေလာကြတာ။ သားရင်ထဲမှာ တစ်ခုခု ဖြစ်နေမှန်း မေမေသိတယ်"

ဒါဟာ သူ့မေမေ အစစ်ပါပဲ။

မေမေဟာ သူ့ရင်ထဲမှာ ကွယ်ဝှက်ထားတာ မှန်သမျှ အမြဲတမ်း လွယ်လင့်တကူ သိမြင်သွားတာချည်းပါပဲ။

သူသက်ပြင်းချရင်း မေမေ စည်းပြီးသား ငါးခြောက်စည်းတွေကို ခြင်းထဲ ပြောင်းထည့်လိုက်တယ်။

"သား. . . ချမ်းသာချင်တယ် မေမေ၊ မချမ်းသာတောင် လူတန်းစေ့ နေနိုင်တဲ့ အလယ်အလတ်တန်းစားဘဝမျိုးလောက် ဖြစ်ချင်တယ်"

သူ့စကားဆုံးတော့ မေမေက တစ်ခါမှ မမြင်ခဲ့ဘူးသူတစ်ယောက်ကို ကြည့်သလိုမျိုး သူ့ကို လှမ်းကြည့်တယ်။

"နေပါဦး. . . ခုလိုဘဝနဲ့ ဒီလောက်အကြာကြီး နေလာပြီး၊ ခုမှ ချက်ချင်း လက်ငင်း ချမ်းသာချင်လာတာ ဘာကြောင့်လဲသား"

သူဘာမှ မဖြေတော့ မေမေက ပြုံးလိုက်တယ်။

"ဘာလဲ. . . ရည်းစားကြောင့် မဟုတ်လား။ ဘယ်သူလဲ ရောင်ဝါ။ မြလေးညိုတော့ မဟုတ်တာ သေချာတယ်။ မြလေးညိုနဲ့သာဆိုရင် မင်း ဒီလောက် မြန်မြန်ချမ်းသာချင်လာမှာ မဟုတ်ဘူး"

"မေမေ မသိတဲ့ ကောင်မလေးတစ်ယောက်ပါ"

"သူက ချမ်းသာလား"

"အရမ်းချမ်းသာလို့ခက်နေတာပေါ့ မေမေ။ သူက သားနောက် လိုက်မယ်ဆိုရင်တောင် ခုလိုဘဝထဲကို ဘယ်လိုမှ ခေါ်လာလို့ မဖြစ်ဘူးလေ။ *သူက ငါးခြောက်နံ့တွေ ရှူရှိုက်ရင်း အိပ်နိုင်မှာ မဟုတ်ဘူး။ နောက်ကျိနေတဲ့ ကန်ရေကို သောက်ဖို့ မပြောနဲ့ ချိုးတောင် ချိုးနိုင်မှာ မဟုတ်ဘူး။* ဒါကြောင့် သား ချမ်းသာချင်တာ။ သူတို့လို အဆင့်အတန်း မျိုး မဟုတ်တောင် သူ့ကို လူတန်းစေ့ထားနိုင်မယ့် ဘဝမျိုးလောက် ပိုင်ဆိုင်ချင်နေတာပါ"





ခံစားချက်တွေကို ဖောက်ထုတ်လိုက်ရလို့ ရင်ထဲမှာ နည်းနည်း ပေါ့သွားပေမယ့် သူ့မေမေကတော့ မျက်နှာညှိုသွားပါတယ်။

လက်ထဲက ချိန်ခွင်နဲ့ အလေးကိုချပြီး မေမေ သက်ပြင်းတစ်ချက် မှုတ်ထုတ်တယ်။ မေမေ့ကို စိတ်ညစ်အောင်လုပ်မိပြီထင်ပါရဲ့၊ အပြစ်ရှိသူတစ်ယောက်လို စိတ်မသက်မသာ ဖြစ်သွားပြီး လိပ်ပြာမလုံသလို ခံစားရတယ်။

"ကဲပါ မေမေရယ်. . . စိတ်ရှုပ်စရာတွေ မေ့ထားလိုက်ပါ။ ဒီ ငါးခြောက်တွေ သားပဲ ဆက်လုပ်လိုက်မယ်။ မေမေ နားချင် သွားနားတော့"

မေမေ့လက်ထဲက ချိန်ခွင်ကို လှမ်းယူပြီး သူ ခပ်သွက်သွက်ပြောလိုက်ပေမယ့်၊ မေမေကတော့ ငူငူကြီး ဆက်ထိုင်နေတယ်။

ပြီးမှ တစ်ခုခုကို ဆုံးဖြတ်ချက်ချလိုက်သလို မျက်နှာမျိုးနဲ့ သူ့ကို ပြောတယ်။

"မင်းကိစ္စအတွက် မေမေ စဉ်းစားပေးမယ်သား။ မေမေ့ကို သုံးရက်တော့ အချိန်ပေး"

"ဗျာ"

"မင်း. . . ဒီဘဝက လွတ်ပြီး ပြည့်စုံချမ်းသာတဲ့ ဘဝနဲ့ နေချင်တယ် မဟုတ်လား။ *အဲ့ဒီအတွက် ထွက်ပေါက်တစ်ခုခုရှိတယ်ဆိုရင် ပင်းစိတ်မဝင်စားဘူးလား ရောင်ဝါ*"

"ဟင်. . . တကယ်လား မေမေ"

သူ တအံ့တသြမေးလိုက်တော့ မေမေက တလေးတနက် ခေါင်းညိတ်တယ်။

"တကယ်ပေါ့ သား။ ဒါပေမယ့်. . . အဲ့ဒီထွက်ပေါက်ကို ပြောသင့်မပြောသင့်တော့ မေမေစဉ်းစားချင်သေးတယ်။ သား မေမေ့ကို ကတိတစ်ခုတော့ပေး။ အဲ့ဒါက ချမ်းသာချင်ဇောနဲ့ မဟုတ်တာတွေ မလုပ်ပါဘူးဆိုတဲ့ ကတိပဲ"

မေမေ့ပုံက နောက်ပြောင်နေပုံမျိုးမဟုတ်ဘဲ တလေးတနက်နဲ့ တည်တည်ငြိမ်ငြိမ် ပြောနေတာမို့ သူ မယုံမရဲနဲ့ဘဲ ခေါင်းညိတ် ကတိပေးလိုက်တယ်။

"စိတ်ချပါ မေမေ။ *နေရောင်ဝါက မဟုတ်မခံဆိုပေမယ့် မဟုတ်တာကိုတော့ ဘယ်တော့မှ လုပ်မယ့်ကောင် မဟုတ်ပါဘူး။* သား ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ . . . ဒါဖြင့် ငါးခြောက်တွေ သိမ်းပြီး လမ်းထိပ် ထွက်ချင်ထွက်တော့။ နောက်နေ့မှ ဆက်လုပ်ကြတာပေါ့။ မေမေလည်း ခဏ လှဲချင်သေးတယ်"

မေမေ့စကားကြောင့် သူ ငါးခြောက်တွေကို သံပုံးထဲ ပြန်ထည့်ပြီး သိမ်းလိုက်တော့ မေမေက ဘုရားစင်ရှေ့မှာ ကျောဆန့်ရင်း . . . 'အပြန် သိပ် ညဉ့်နက်စေနဲ့နော်' . . . လို့ လှမ်းသတိပေးတယ်။

တဲအိမ်လေးပေါ်က သူ ဆင်းလာတော့ ညဥ့်လေအေးအေးက ဆီး ကြိုနှုတ်ဆက်ပါတယ်။

လမိုက်ရက်မို့ အိမ်ရှေ့လမ်းကျဉ်းလေးတစ်ခုလုံး မှောင်နေပေမယ့် မီးစက်သံသဲ့သဲ့ကြားနေရတဲ့ လမ်းထိပ်မှာတော့ လင်းထိန်နေမှာပါ။

ကံကောင်းရင် ကိုငယ့်ဆိုင်က ဘောလုံးပွဲကို မီနိုင်ပါသေးတယ်။

ခနော်နီခနော်နဲ့ ခြံဝန်းတံခါးကို အသာလေးပြန်စေ့ပြီး သူ လှည့်ထွက်လိုက်ချိန်မှာပဲ . . .

*"နင့်ကောင်မလေးက ထော်တော်လှသလား နေရောင်"*

*"ဟင်"*

အသံကြားရာဆီကို ရုတ်တရက်ကြည့်လိုက်တော့ ဘုရားပွဲတွေမှာ ရောင်းတဲ့ သိုးမွေးခေါင်းစွပ်အနီရဲရဲ တရုတ်ဖြစ်ဂျာကင်ပွပွကြီးနဲ့။ လက်နှစ်ဖက် တင်းတင်းပိုက်ပြီး ရပ်နေတဲ့ မြလေးညို . . .။

"ငါ တမင်ချောင်းနားထောင်တာ မဟုတ်ဘူး နေရောင်။ လမ်းထိပ် အခွေဆိုင်သွားဖို့ နင့်ဝင်ခေါ်ရင်း နင်တို့သားအမိပြောတာကို အမှတ်တမဲ့ ကြားလိုက်တာပါ"

"သူ လှမလှ နင်သိပြီးပြီပဲ မြလေးညိုရယ်။ နင့်တူ ပေါက်စီ ပြန်မပြောဘူးလား။ အအေးသောက်ရတဲ့အကြောင်း။ အပြေးပြိုင်ကြတဲ့အကြောင်း။ နင် သိမယ်ဆိုတာ . . . ငါသိပြီးသားပါ"

သူမ ဘာမှ မပြောတော့ဘဲ သူ့ဘေးကနေ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာတယ်။

မြလေးညို တစ်ခုခု ခံစားနေရမယ်ဆိုတာ သိပေမယ့် သက်သာရာရမယ့် စကားတစ်ခုခုကိုတော့ သူ မရှာဖွေနိုင်ခဲ့ဘူး။





သူကိုယ်တိုင်လည်း စိတ်မသက်မသာဖြစ်နေရတာကြောင့်ပါ။

"ငါထင်တယ်၊ နင့်အမေမှာ နင့်အတွက် ထွက်ပေါက်တစ်ခု တကယ် ရှိလိမ့်မယ်"

မှုန်ပျပျ ကြယ်ရောင်အကူအညီနဲ့ ရွံ့ဗွက်တွေကို ရှောင်ရင်း သူမ လှမ်း ပြောတယ်။

"ဘာလဲ . . . ပုံပြင်တွေထဲကလို အိမ်အောက်မှာ မြှုပ်ထားတဲ့ ရွှေအိုးကြီး တွေ ဖော်ပေးတာမျိုးလား"

ပေါ့ပေါ့ပါးပါးဖြစ်အောင် သူ့နောက်ပြောင်လိုက်တော့ သူမက စုတ် တစ်ချက် သပ်တယ်။

"ငတုံး . . . *နင်ပစ္စည်းစားပါဘူးလား အဲ့ဒါဟာ နင့်အမေနဲ့ ပတ်သက်နိုင်တယ်ဟဲ့* နင့်အဖေထားခဲ့တဲ့ ကျောက်မျက်ရတနာတွေ ရှိချင် ရှိနေနိုင်တာပေါ့"

"တော်စမ်းပါ မြလေးညိုရာ။ *နင်လည်း ဇာတ်ကားတွေ အကြည့်များပြီး ယုတ္တိရှိတာတွေ စဉ်းစားထက်လာပြီ"*

"ဟဲ့ . . . ငါပြောသလို မဖြစ်ဘူးလို့ နင်ပြောနိုင်သလား။ ထားပါဟာ၊ ငါပြောသလို တကယ်ဖြစ်ပြီး နင်ချမ်းသာသွားပြီလို့၊ နင် . . နင့် ကောင်မလေးနဲ့ လက်ထပ်ပြီး ဒီရပ်ကွက်က ပြောင်းသွားမှာ မဟုတ်လား။ အဲဒီအခါကျရင် နင်ငါတို့ကို မေ့သွားမှာလား ဟင်"

သူ လမ်းလျှောက်တာကို ရပ်ပြီး၊ သူမဖက် လှည့်လိုက်တော့ သူမ မျက်ဝန်းတွေက ရီဝေမှိုင်းညို့လို့ . . .

"နင်ပြောသလို မဖြစ်နိုင်ပါဘူး မြလေးညို၊ တကယ်ဖြစ်ခဲ့ရင်လည်း ငါ နင့်ကို မမေ့ပါဘူး၊ နင်ဟာ . . . ငါ့အတွက် သူငယ်ချင်းကောင်း တစ်ယောက်ပါ ဟာ"

သူရင်ထဲရှိတဲ့အတိုင်း လေးလေးနက်နက် ပြောလိုက်တော့ သူမ မျက်နှာလေး ကျေနပ်မှုနဲ့ ဝင်းပသွားတယ်။

"နင်သိရင် ငါကျေနပ်ပါတယ် နေရောင်။ ဒါနဲ့ နင့်ကောင်မလေးက နင့်ကို စီးကရက်ဗူးတွေ ဘာတွေ မကြာခဏ ဝယ်ပေးရဲ့လား"

သူ မပွင့်တပွင့်ပြုံးပြီး ခေါင်းယမ်းပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ချမ်းသာပေမယ့် နင့်လောက်တော့ အလိုက်မသိဘူးဟာ အဲဒါကိုတော့ ဝန်ခံရမှာပဲ"

"လေည်. . . နင်အဲ့ဒီအပြောတွေနဲ့ပဲ. . .။ ကဲ. . . တော်ပါတော့ဟာ ငါ နင့်အတွက် တစ်ဗူးဝယ်လာတယ်။ ရော့. . . ငါပြန်တော့မယ်"

"နင်. . . အခွေဆိုင်သွားမလို့ဆို. . ."

"တော်ပြီဟာ. . . မသွားချင်တော့ဘူး"

စီးကရက်ဗူးပေးပြီး သူမ လှစ်ကနဲ လှည့်ထွက်သွားတယ်။ မှောင်ရိုပ်ထဲ ပျောက်ကွယ်သွားတဲ့ မြလေးညိုကို ကြည့်ရင်း သူ သက်ပြင်းချလိုက်မိတယ်။

[အခုတော့ အမေ့ရဲ့ ဘုန်းရှိတော်ရှင် သားလေးဟာ ရည်းစားတစ်ယောက်ကို ဆင်ခဲ့ရဲ့ အပြစ်တစ်ခုတည်းနဲ့ လက်ထွတ်ခံရတော့မယ် အမေ ]



(၁၂)

စိတ်ညစ်စရာတွေဟာ အဖော်အပေါင်းနဲ့ လာလေ့ရှိတယ်ဆိုတဲ့ စကားသာ ဟုတ်ရိုးမှန်ရင် ကောင်းစေသော်အတွက် ပထမဦးဆုံး စိတ်ညစ်စရာဟာ ချိုလွင်သာယာနဲ့ နေရောင်ဝါတို့ကြောင့် ဖြစ်ပြီး ဒုတိယကတော့ ဦးသောင်းတို့ သားအဖနဲ့ ပတ်သက်ပါတယ်။

အဖြေမထွက်တဲ့ ပုစ္ဆာကို နေရောင်ဝါနဲ့အတူ တွက်ချက်ခဲ့ကြတဲ့ ညနေမှာပဲ. . .

"မင်းတစ်ခုခု စဉ်းစားထားနေရောင်၊ ဒီအတောအတွင်း ချိုလွင်သာယာနဲ့ သွားမတွေ့နဲ့။ ငါလည်း မတွေ့ဘူး"

လို့ စည်းကမ်းသတ်မှတ်ပြီး လမ်းခွဲခဲ့ကြတယ်။

ပုံမှန်အားဖြင့်ဆိုရင်တော့ နေရောင်ဝါလို ကျစ်ကန်ကန် မိုက်ကန်းကန်း လူတစ်ယောက်ကို သူ့ဘဝလမ်းကြောင်းပေါ်က ဖယ်ထုတ်လိုက်ဖို့ကိစ္စဟာ သိပ်မခက်ခဲလှသလို၊ ငွေကုန်ကြေးကျလည်း မများနိုင်တာ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရာသက်ပန်မဟုတ်တောင် မျက်စေ့ရှေ့က ခဏတဖြုတ် ပျောက်သွားဖို့ ပထမဦးဆုံး လုပ်နိုင်တာကတော့ အလုပ်ဖြုတ်ပစ်လိုက် တာမျိုးပါ။

ဒါပေမယ့်. . . နေရောင်ဝါ့အပေါ် ရှိနေတဲ့ ခင်မင်စိတ်က အဲ့ဒီလိုလုပ်ဖို့ ခွင့်မပြုခဲ့တာ အံ့ဩစရာကောင်းလှပါတယ်။ နေရောင်ဝါ့အပေါ် ညစ်ပတ်တဲ့ နည်းနဲ့ အနိုင်ယူဖို့ လိပ်ပြာမလုံသလို၊ စိတ်လည်း မကူးချင်ဘူး။

ပြိုင်ပွဲကို အသန့်ရှင်းဆုံး ယှဉ်ပြိုင်ဖို့ ရည်ရွယ်ပေမယ့် တစ်ဖက်ကလည်း ချို့လွှင်သာယာ့ကိုသာ လက်လွှတ်လိုက်ရရင်ဆိုတဲ့ အတွေးနဲ့ နာကျင်ကြေကွဲရ ဖြန်တယ်။

အတွင်းရေးမှူးဖြစ်သူ တပည့်ကျော်မောင်လုံးက. . .

"ဆရာကလည်း လွယ်လွယ်လေးကို ခက်အောင် စဉ်းစားနေတာကိုး၊ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး ဆရာရဲ့"

လို့ မြှောက်ပင့်လာပါသေးတယ်။

*"အဲ့ဒီစကားနဲ့ အနိုင်ယူသွားကြတဲ့ စစ်သူရဲတွေ တစ်ယောက်မှ အသက်ရှည်ရှည် စိတ်ချမ်းချမ်းသာသာနေသွားတာ မတွေ့ဘူး မောင်လုံး။ ငါက ဘဝမှာ လိပ်ပြာလုံချင်တယ်*

ပြီးတော့ အိမ်ထောင်ရေးဆိုတာ စီးပွားရေး၊ လူမှုရေးတွေထက် ပိုအဓိကကျတယ်၊ ကိုယ့်အိမ်ထောင်ဖက်က တစ်သက်လုံး ကိုယ်နဲ့ အနီးဆုံးမှာ ရှိနေမှာ၊ ငါ လက်ထပ်မယ့် ဇနီးလောင်းက ငါ့ကို ရန်သူလို မြင်သွားရင် ဘယ်လိုမှ အိမ်ထောင်ရေး သာယာမှာ မဟုတ်တော့ဘူး"

"ဒါဖြင့် ဆရာ ဘာဆက်လုပ်မလဲ"

"အဲ့ဒါတော့ ငါကိုယ်တိုင်လည်း စဉ်းစားလို့ မရသေးဘူး"

စိတ်ညစ်စရာတစ်ခု အဖြေမရခင်မှာ နောက်ထပ်စိတ်ညစ်စရာ တစ်ခုကို ယူဆောင်ပြီး သူ့ရုံးခန်းထဲ ရောက်လာသူက. . . ဦးသောင်းနဲ့ သူ့သားနှစ်ယောက်ပါ။

ဦးသောင်းဟာ သူ့အဖေနဲ့ ဟိုးအရင်ကတည်းက စီးပွားရေး လက်တွဲလုပ်လာသူဖြစ်ပြီး၊ ယုံကြည်ရတဲ့ အဝယ်တော် တစ်ယောက်လည်း ဖြစ်ခဲ့တယ်။

ဒါပေမယ့် ဦးသောင်းရဲ့ ယုံကြည်စိတ်ချရမှုဟာ သိပ်မကြာခင်ကပဲ ကုန်ဆုံးသွားခဲ့ပြီလို့ သူ ရရှိထားတဲ့ အထောက်အထားတွေက ဆိုပါတယ်။





ဒါကြောင့် သူ့အဖေနဲ့ တိုင်ပင်ပြီး ဦးသောင်းကို အဝယ်တော်အဖြစ်က ရပ်နားခဲ့ပေမယ့် ဦးသောင်းကတော့ ဒါကို မကျေနပ်နိုင်ခဲ့ဘူး။

"ကောင်းစေသော်. . မင်းက တို့သားအဖကို ရပ်ပြီး တခြား အဝယ်တော် တစ်ယောက် သုံးမလို့ဆို"

ဦးသောင်းရဲ့ အသံက ခံပြင်းပေါက်ကွဲမှုနဲ့ မကျေနပ်မှုတွေ ရောယှက် ဗျာယ်လောင်နေတယ်။

"ဦးလေးတင်တဲ့ ဈေးနှုန်းတွေများတဲ့အကြောင်း ကျွန်တော် သတိပေးခဲ့ ပါသေးတယ်။ ဒါပေမယ့် ဦးလေးက သုံးကြိမ်တိတိ အပြင်ပေါက်ဈေးထက် စာရင်းပိုပိုပြခဲ့လို့ ကျွန်တော်တို့ တခြားတစ်ယောက် ပြောင်းလိုက်ရတာပါ"

"ဟေ့. . . ကောင်းစေသော်၊ မင်း နို့နံ့မစင်ခင်ကတည်းက ဒီအလုပ်တွေ ငါလုပ်လာတာကွ။ တစ်ခါတလေ အလွဲအမှားတော့ ရှိမှာပေါ့"

"ခုဟာက သုံးကြိမ်ဆက်တိုက်လွဲတာ ဦးလေး။ စာရင်းပိုပြထားတဲ့ ငွေကကလည်း များလွန်းနေတယ်"

ဦးသောင်းက မကျေမနပ်နဲ့ စားပွဲကို တောက်တစ်ချက် ခေါက်ပြီး ထိုင်ရာက ထိုင်ခုံကနေ ထရပ်လိုက်တော့၊ လူမိုက်ပုံနဲ့ သားနှစ်ယောက်ကပါ ထရပ်ရင်း သူ့ကို စူးစူးစိုက်စိုက်ကြည့်ပြီး ပြောလာတယ်။

"မင်း. . . ထမင်းဝဝစားထား ချာတိတ်။ ခုကိစ္စအတွက် မင်း နောင်တရ လာစေရမယ်"

သူ နောင်တမရချင်ပေမယ့် အခြေအနေက ဘယ်လိုမှ ခုစုစပ် ညှိနှိုင်းလို့ ရတော့တာမို့ အသာပဲ ငြိမ်နေလိုက်တယ်။

ဦးသောင်းတို့ ပြန်သွားပြီး (တစ်ပတ်မှာ နှစ်ရက်သုံးရက်သာ ရုံးလာထိုင်လေ့ရှိတဲ့) အဖေ့ရဲ့ ရုံးခန်းဖက်ထွက်လာခဲ့ပြီး သူ အကျိုးအကြောင်း ပြောပြလိုက်တယ်။

"ဘယ်တတ်နိုင်မလဲကွာ။ သူတို့ဘက်က စဖောက်လို့ ဖြစ်ရတဲ့ကိစ္စပဲ။ မင်းဆိုးလည်း ဆိုးပေစေပေါ့။ ဒါပေမယ့်. . . ငါ့သား အသွားအလာတော့ ဆင်ခြင်ပေါ့။ ဦးသောင်းတို့ သားအဖက စိတ်ချရတာ မဟုတ်ဘူး၊ ဒုက္ခပေးချင် ပေးနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဒိုးရိုမ်တကြီး သတိပေးပေမယ့် သူကတော့ သိပ်ဂရုစိုက် မနေပါဘူး။ ငါးပွားရေလောကမှာ ခြိမ်းခြောက်တိုင်းသာ ကြောက်နေရရင် လမ်းထွက်လို့တောင်ရမှာ မဟုတ်ဘူး။

ပြီးတော့. . . အခြိမ်းခြောက်ခံရတာ ဒါပထမဆုံးအကြိမ်မဟုတ်တာမို့ မှုလောက်စရာလို့ မယူဆတော့ပါဘူး။

"အခု နောက်ဆုံးဝင်လာတဲ့ ပဲနဲ့ ငရုတ်၊ ကြက်သွန်ဈေး ကြားပြီးပြီလား ကောင်းစေ။ မတရားထိုးကျနေတယ်။ ဒီပုံတိုင်းသာဆို တို့ လှောင်ထားမိတာတွေ အားလုံး ရေစက်ချရတော့မယ့် သဘောပဲ"

ဖေဖေ့ရုံးခန်းထဲ ဝင်မလာခင်တည်းက နောက်ဆုံးဈေးနှုန်းကို သူ သိထားပြီးပါပြီ။

အဲဒါထက် ပိုဆိုးတဲ့ သတင်းကတော့ သူတို့ဆောက်လက်စ ဈေးနဲ့ ဆေးရုံကို တစ်လအတွင်း အပြီးအပ်ရတော့မယ်လို့ စာထွက်လာတဲ့ ကိစ္စပါ။

မအပ်နိုင်ရင် ရက်တွက်နဲ့ နစ်နာကြေး ပေးလျော်ရမှာမို့ ဆုံးရှုံးနိုင်တဲ့ ပမာဏကို မခန့်မှန်းရဲလောက်အောင် ဖြစ်နေရပါတယ်။

ဖေဖေ့ကို အသိမပေးချင်ပေမယ့် ထိန်ချန်ထားလို့ မဖြစ်တာမို့ သူ ရှင်း ပြောလိုက်ရတယ်။

ဖေဖေက နားထောင်နေရင်းက မျက်နှာ အိုစာသွားပြီး သက်ပြင်းချပါ တယ်။

"ဒါဆိုရင်တော့ တို့ တောင့်ခံနိုင်ဖို့ ငွေလိုလာပြီပေါ့။ ငွေရှိမှ များများ မဆုံးရှုံးရအောင် အားသွန်ပြီး လုပ်လို့ရမှာပေါ့"

"ငွေရမယ့် အဆက်အသွယ်တွေ ကျွန်တော် ရှာနေပါတယ် ဖေဖေ တစ်ပတ် ဆယ်ရက်အတွင်း သိရမှာပါ"

အသက် ခြောက်ဆယ်ကျော် အမျိုးသားကြီးတစ်ယောက်ရဲ့ စိတ်ဓာတ် ကျသွားတဲ့ မျက်နှာကို သူမကြည့်ရက်တာမို့ မျက်နှာလွှဲထားလိုက်ရတယ်။

အဲဒီအချိန်မှာပဲ သူ့အဖေက ကောက်ရိုးတစ်မျှင်ကို သတိရသွားတဲ့ လေသံမျိုးနဲ့ လှမ်းမေးတယ်။

"ဒါနဲ့ သား ချိုလွင်သာယာနဲ့ စေ့စပ်ဖို့ ကိစ္စကော ဘာထူးသေးလဲ သား"





သူ့မျက်နှာ နွေးကနဲဖြစ်သွားပြီး ခေါင်းငြိမ်သက်နေလိုက်တော့ ဖေဖေ တ. . .

"အေးကွာ့, . သားတို့ မြန်မြန်စေ့စပ်ဖြစ်လည်း ကောင်းသား၊ ဦးတင်ချို ဆီက ငွေကြေးအကူအညီ တောင်းလို့ရတာပေါ့။ ဒါပေမယ့်. . . နေပါစေလေ။ တခြားကပဲ ရှာကြတာပေါ့။ ဖေဖေလည်း မိတ်ဆွေတွေဆီ ဖုန်းဆက်ကြည့်လိုက် ဦးမယ်"

သူဖေဖေ့ရုံးခန်းထဲက ထွက်လာတော့၊ လက်ကိုင်ဖုန်းကို ထုတ်ယူပြီး ချိုလွင်သာယာ့ဆီ ဖုန်းဆက်ဖို့ စဉ်းစားလိုက်မိတယ်။

စေ့စပ်ဖို့အခြေအနေ ဘယ်လိုလဲလို့ မေးခွင့်မသာတောင်၊ သတိရ ကြောင်းလေး ပြောဖို့ သက်သက်ပါ။ ဒါပေမယ့်. . .

"အဖြေတစ်ခုခု မထွက်ခင် မင်းရော ငါပါ ချိုလွင်သာယာ့ကို မဆက် သွယ်ကြေးကွာ" ဆိုတဲ့ ကိုယ်ပြောခဲ့တဲ့ စကားကို ကိုယ့်ဘာသာ ပြန်သတိရပြီး သူ ဖုန်းပြန်ပိတ်လိုက်တယ်။

နေဦး. . . လောလောဆယ်တော့ အဆက်အသွယ်မလုပ်နဲ့ဦး။ အနည်း ဆုံး နေရောင်ဝါနဲ့ နောက်တစ်ခါ ထပ်မတွေ့သေးဘဲ ဖုန်းမဆက်ချင်နဲ့ဦး။



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

မထင်မှတ်တဲ့စကားကြောင့် နေရောင်ဝါ ကိုယ့်အကြားအာရုံအပေါ် ကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရတယ်။

ဒါပေမယ့်... တည်ငြိမ်နေတဲ့ မေမေ့မျက်နှာနဲ့ ပတ်ဝန်းကျင်က ကြားသိနေရတဲ့ အာရုံ အစစ်အမှန်တွေကြောင့် ခုကိစ္စဟာ အိပ်မက်တစ်ခုမဟုတ်သလို၊ နောက်ပြောင်မှုတစ်ခုလည်း မဟုတ်ဘူးလို့ သေချာနေပါတယ်။

"မေမေ တကယ်ပြောတာပါသား။ ဒီအကြောင်းတွေ အခုမှ ပြောရသလားဆိုပြီး မေမေ့အပေါ် စိတ်မဆိုးနဲ့။ အမှန်က ဒီတစ်သက် မပြောတော့ဘူးလို့တောင် မေမေ စိတ်ပိုင်းဖြတ်ထားတာ။ သားက ဆင်းရဲတဲ့ဘဝ လွတ်ချင်တယ်လို့ ညည်းညူလာလို့ မေမေ ထုတ်ပြောရတာ"

သူ့ရင်တစ်ခုလုံး တလှပ်လှပ်လှိုက်ဖို မောပန်းနေပုံက ခရီးဝေးက ပြေးလာရတဲ့အတိုင်းပါပဲ။

♦ ညယ်ဝင်းစာပေ ♦

www.burmeseclassic.com

www.burmeseclassic.com

**ဖျက်နှာကောင်း ကောင်းကောင်းမဟုတ်ပါတော့တဲ့ သူ့အမေဟာ အသက်မသေသေး[illegible] ဘဏ်ရှိတင်များ နိုင်နေပါတော့တဲ့** အနည်းဆုံးတော့ မေမေ့စကားတွေအရ သူ့အ[illegible] မသေသေးဘူးလို့ ယုံကြည်ရပါတယ်။

ဖေဖေဟာ ရတနာမြေမှာ နောက်မိန်းမတစ်ယောက် ထပ်ယူခဲ့တာ[illegible] မေမေက စိတ်နာပြီး၊ ကွာရှင်းခွင့်တောင်းပေမယ့် ဖေဖေက ကွာရှင်း မပေးခဲ့[illegible] လို့ ဆိုတယ်။

အဲ့ဒါကြောင့် မာနကြီးသူ မေမေက ဖေဖေ့ဘဝထဲက ထွက်ခွာဖို့ ဆုံးဖြ[illegible] လိုက်တယ်။

လင်မယားနှစ်ယောက်ရဲ့ဘဝကို တိုးတက်အောင် ကြိုးစားမယ်ဆို[illegible] လူက နောက်မိန်းမတစ်ယောက် ထပ်ယူလိုက်တာဟာ ခွင့်လွှတ်စရာမကော[illegible] တဲ့ အမှားလို့ မေမေက သတ်မှတ်ပါတယ်။

"သားနှစ်နှစ်သားအရွယ် သူ ဒုတိယတစ်ခေါက် လာတွေ့ပြီး ပြန်သွ[illegible] တော့ မေမေ မြို့သစ်တွေဖက်ကို အိမ်ပြောင်းပြီး ခြေရာဖျောက်ခဲ့တယ်[illegible] သားကိုလည်း သူပေးတဲ့ နာမည်မဟုတ်တဲ့ နေရောင်ဝါလို့ နာမည်သစ်ပေး[illegible] ဇာတ်မြှုတ်နေခဲ့တယ်။ သူရန်ကုန်ရောက်တော့ လိုက်ရှာသေးပေမယ့် ရှာမတွေ့[illegible] ခဲ့ဘူး၊ သတင်းစာထဲက ကြော်ငြာတွေ ထည့်ပေမယ့်လည်း မေမေ မဆက်[illegible] သွယ်ခဲ့ဘူး။ သူ ကျောက်အောင်ပြီး သူဌေး ဖြစ်နေတယ်။ ချမ်းသာနေတယ်[illegible] ကြားတော့ တစ်ခါတစ်ခါ သားကို သွားတွေ့ခိုင်းရင် ကောင်းမလား စဉ်းစား[illegible] မိပါသေးတယ်။ ဒါပေမယ့် မေမေက အမှတ်ကြီးသလို အတ္တလည်းကြီးတော့ သားကို ဖွင့်မပြောဘဲ မြိုသိပ်ထားခဲ့မိတယ်။ သားကြောင့် သူတို့ အိမ်ထောင်ရေး အနှောင့်အယှက် ဖြစ်မှာစိုးတာလည်း ပါတာပေါ့"

မေမေက ကိုကျော်လွင်လို့ သုံးနှုန်းတဲ့ သူ့ဖေဖေဟာ အခု ရန်ကုန်မြို့ရဲ့ လူ့ဂုဏ်တန်ရပ်ကွက်တစ်ခုမှာ နေထိုင်နေတယ်လို့ မေမေက အခိုင်အမာ ဆို[illegible] တယ်။

လိပ်စာကို မှတ်မထားပေမယ့် သတင်းစာထဲ ဆက်သွယ်ရန် ကြော်ငြာ ပါတုန်းက တယ်လီဖုန်းနံပါတ်ကိုတော့ မှတ်ထားပါ သတဲ့။

"ဖုန်းဆက်ပြီး အပြင်တစ်နေရာမှာ ချိန်းပေါ့ ရောင်ဝါ။ ကိုယ့်ကြောင့်





[illegible]ချားမိသားစု အနှောင့်အယှက် မဖြစ်စေနဲ့ပေါ့။ သူက သားကို ချမ်းသာ[illegible]အောင် လုပ်မပေးနိုင်တောင် ခုလို ရုန်းကန်နေရတဲ့ဘဝက လွတ်အောင်တော့ [illegible]ည်နိုင်မှာပါ။ တစ်ခုတော့ မှာလိုက်မယ် ရောင်ဝါ။ အခုကိစ္စမှာ မေမေ့နာမည် [illegible]လုံး မပါစေနဲ့၊ သူ့ကို တွေ့ချင်တာဟာ၊ သားက တွေ့ချင်တာပဲ ဖြစ်ပါစေ။ [illegible]မေပြောတာ နားလည်လား"

မာနကြီးလွန်းတဲ့ မေမေ့ကို အခုကိစ္စတွေ ဖုံးကွယ်လျှို့ဝှက်ထားခဲ့တဲ့ [illegible]တွက် စိတ်ဆိုးရမှာလား။

ဒါမှမဟုတ်. . . သေတဲ့အထိ မြိုသိပ်မသွားဘဲ အချိန်မီ ဖွင့်ပြောတဲ့ [illegible]တွက် ကျေးဇူးတင်ရမှာလား။

သူ စဉ်းစားမရအောင် ဖြစ်နေမိတယ်။

ဖုန်းနံပါတ်မှတ်ထားတဲ့ ဝါကျင်ကျင်စာရွက်ခေါက်လေးကို ထုတ်ပေး[illegible]တော့ မေမေ့လက်တွေက တုန်ယင်နေလေရဲ့၊ စာရွက်ကို လှမ်းယူလိုက်တဲ့ [illegible]လက်တွေလည်း တုန်ခါနေတာပါပဲ။

*ဒီစာရွက်လေးဟာ ဖေဖေနဲ့သူ ဆက်သွယ်ဖို့ တစ်ခုတည်းသော ပေါင်းကူးပေးမယ့် [illegible]လေးပါ။*

ဖုန်းနံပါတ်စာရွက်လေးကို လွတ်ထွက်သွားမှာ စိုးရိမ်သလိုမျိုး ကျစ်ကျစ် [illegible]အောင် သူ ဆုပ်ထားမိတယ်။

"သားကို အခုမှ ဖွင့်ပြောတဲ့အတွက် မေမေ့ကို ခွင့်လွှတ်ပါ ရောင်ဝါ။ [illegible]သားလေး အဖေရှိလျက်နဲ့ အဖေမရှိသလိုမျိုး နှစ်ပေါင်းများစွာ နေခဲ့ရတယ်။ မေမေ စိတ်မကောင်းပါဘူး သား"

မေမေ မျက်ရည်ကျတာမြင်တော့ သူ နင့်ကနဲ လှိုက်လှိုက်လှဲလှဲ ခံစား လိုက်ရပါတယ်။

"မငိုပါနဲ့မေမေ။ ဒါဟာ မျက်ရည်ကျရလောက်အောင် ဝမ်းနည်းရမယ့် ကိစ္စ မဟုတ်ပါဘူး။ သားမှာ မေမေ ရှိခဲ့တာဟာ မိစုံဖစုံ ရှိခဲ့သလိုပါပဲ၊ သား အတွက် အဖေ မလိုပါဘူး။ ဒါပေမယ့်. . . ဖေဖေ့ကိုတော့ သား သွားတွေ့မယ်။

*အဲ့လို တွေ့တာဟာ ဖေဖေ့ဆီက အကူအညီတွေ လိုချင်လို့ မဟုတ်ဘူး ဖေဖေ့ကို 'ဖေဖေ'လို့*



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြည့်ချင်တာကြောင့်ပါ။ သား မကြုံဘူးသေးတဲ့ ဖေဖေ့မေတ္တာကို ခံစားကြည့်ချင်တာကြောင့်ပါ မေမေ။

ပြီးတော့ . . . သား ချမ်းသာချင်ပေမယ့် . . . သူဌေးသား မဖြစ်ချင်ဘူး မေမေ့ရဲ့သား . . . ဟော့ဒီ ဒေါ်ညိုဝါရဲ့သားပဲ ဖြစ်ချင်တယ်"

မေမေက မျက်ရည်တွေနဲ့ပြုံးပြီး သူ့နဖူးကို နမ်းတော့ သူ့ရင်ထဲမှာ နွေးထွေးမှုကော၊ အေးမြမှုပါ တစ်ပြိုင်နက်တည်း ခံစားလိုက်ရတယ်။

❄





ချိန်းဆိုထားတဲ့ ဟိုတယ်ရှေ့ရောက်တော့ နေရောင်ခြည်က မာန်စွယ်ကျိုးကျသွားခဲ့ပြီ။

ခမ်းနားထည်ဝါလှတဲ့ ဟိုတယ်ကို လှမ်းကြည့်ပြီး အထဲဝင်ဖို့ မဝံ့မရဲဖြစ်နေမိတယ်။

ကိုယ့်ကိုယ်ကို သေသေသပ်သပ်ဖြစ်အောင် ကိုမျိုးဆီက ကော်လံကတုံးအင်္ကျီနဲ့ ရခိုင်လုံချည် ငှားဝတ်လာခဲ့ပေမယ့်၊ နေရောင်ဝါ ရွံ့တွန့်တွန့် ဖြစ်နေခဲ့ပါ။

ဘာကြောင့် ခုလိုဖြစ်ရတာလဲ။

ဖြစ်နိုင်တာကတော့ ဖေဖေနဲ့ တွေ့ရမှာမို့ စိုးရွံ့အားငယ်နေတာပဲ ဖြစ်မှာပါ။ ***ဘယ်သူမှန်းမသိတဲ့ အမျိုးသားကြီး တစ်ယောက်ကို 'ဖေဖေ'လို့ ခေါ်ဝေါ်ဖို့ သူ ထားဝံ့မရဲ ဖြစ်နေမိတယ်။***

ပြောမယ်ဆိုရင် မိုးလင်းကတည်းက ဖုန်းဆက်သင့် မဆက်သင့် သူ ဝေခွဲ ဖြစ်နေခဲ့ရတာပါ။

ကိုယ်ဆိုင်ကဆက်ဖို့ စိတ်မရဲတာမို့ ကားလမ်းတစ်ဖက်က ဆက်သွယ်ရေးဖုန်းကိုသွား၊ ဖုန်းခွက်ကို မယူပြီးမှ ပြန်ချခဲ့ရတာ အကြိမ်ကြိမ်ပါ။

နောက်ဆုံး သူ့စိတ်ကို အားတင်းပြီး နံပါတ်တွေကို လှည့်လိုက်တော့ တယ်လီဖုန်းက လိုင်းဝင်သွားခဲ့တယ်။ တစ်ဖက်က အမျိုးသားကြီးတစ်ယောက်ရဲ့ အသံထွက်ပေါ်လာတော့ သူက အလွတ်ကျက်ထားတဲ့ စကားတွေရွတ်သလို . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်လွင်နဲ့ ပြောချင်လို့ပါ"

တယ်လီဖုန်းလိုင်းများ မှားယွင်းသွားသလားလို့ ထင်ရလောက်အောင် အကြာကြီး ငြိမ်သက်နေခဲ့ပြီးမှ. . .

"ခုပြောနေတာ ဘယ်သူလဲ" လို့ ပြန်မေးတယ်၊ ဒေါ်ညိုဝါရဲ့သားဝါ သူပြောတော့ တစ်ဖက်က အကြာကြီး တိတ်ဆိတ်သွားပြန်တယ်။

စိတ်မရှည်နိုင်လောက်အောင် ကြန့်ကြာနေခဲ့ပြီးမှ ဟိုတယ်တစ်ခုရဲ့ နာမည်နဲ့ လိပ်စာပြောပြီး ညနေခြောက်နာရီ ဆုံမယ်လို့ ပြောပါတယ်။ သူက စိတ်စောနေတာမို့ တစ်ဖက်က ဘယ်လိုပုံသဏ္ဌာန်လဲ။ အကျီ ဘာအရောင် ဝတ်လာမလဲဆိုတာတောင် မမေးလိုက်မိဘဲ၊ ဖုန်းပြန်ချလိုက်မိတယ်။

ခုတော့. . . ခမ်းနားထယ်ဝါသလောက် အတော် ကျယ်ဝန်းပုံရတဲ့ ဟိုတယ်ထဲမှာ ဘယ်သူမှန်း မသိတဲ့ ဖေဖေ့ကို လိုက်ရှာရပါတော့မယ်။

သူ ဟိုတယ်ထဲ ဝင်လာပြီး ကြိုဆိုရေးကောင်တာရှေ့ရောက်တော့ ဝန်ထမ်းတစ်ယောက်က 'တစ်ယောက်ယောက်နဲ့ ချိန်းထားပါသလား' လို့ လှမ်း မေးတယ်။

သူက ခေါင်းညိတ်ပြီး ဦးကျော်လွင်နဲ့. . . လို့ ပြောလိုက်တော့ ဟိုတယ် ဝန်ထမ်းက သီးသန့်ခန်းတစ်ခုဆီကို ခေါ်ဆောင်သွားတယ်။

ပါလစ်ရောင် ဖိတ်ဖိတ်လက်ပြီး 'သီးသန့်'လို့ ရေးထိုးထားတဲ့ တံခါးချပ် ရှေ့မှာ သူ တွေဝေနေတော့ စားပွဲထိုးက ဝင်သွားပါလို့ ခေါင်းဆတ်ပြတယ်။

စိတ်အင်အားတွေ စုစည်းပြီး တံခါးဖွင့်ကာ အခန်းထဲ လှမ်းဝင်လိုက် တော့. . .

သူ့ကို ကျောခိုင်းအနေအထားနဲ့၊ မှန်အပြည့် ကာရံထားတဲ့ ပြတင်းတ တဆင့် အပြင်ဖက်ကို ငေးနေသူ အမျိုးသားကြီးတစ်ဦးကို တွေ့မြင်လိုက်ရ တယ်။

အရပ်မြင့်မြင့်၊ အသားညိုညိုနဲ့ ဒီလူကြီးဟာ သူ့ရဲ့ ဖေဖေပဲပေါ့. . .

"အဟမ်း. . ."

သူချောင်းဟန့်လိုက်တော့ အပြင်ဖက်ကို ငေးနေသူ ဖေဖေဟာ သူ့ဖက် ကို ဖြည်းဖြည်းချင်း လှည့်လာတယ်။





ငွေရောင်ရောယှက်နေတဲ့ ဆံပင်၊ ရွှေကိုင်းမျက်မှန်နောက်က မျက်လုံး၊ နှာတံပေါ်ပြီး မေးရိုးကားတဲ့ မျက်နှာတစ်ခုဟာ သူ့ကို တအံ့တဩ ကြည့်ငေးလာသလို၊ သူကလည်း မင်သက်စွာ ပြန်ကြည့်နေမိတယ်။

*ဖြတ်စွာဘုရား. . . သူ့ရဲ့ဖေဖေ ဦးကျော်လွင်ဆိုသူဟာ သူက ဦးကောင်းလွန်းလို့ ခေါ်သူ ကောင်းစေသော်ရဲ့အဖေပဲ ဖြစ်နေပါပေါ့လား။*

သူ မယုံကြည်နိုင်လောက်အောင် အံ့ဩတကြီး ငြိမ်သက်သွားချိန်မှာပဲ တစ်ဖက်က လေသံအေးအေးနဲ့ စကားစတင်လာတယ်။

"လက်စသတ်တော့. . . မင်းက ညိုဝါရဲ့သားကိုး။ ဒါကြောင့်. . . ကောင်းစေက ဒီလောက် ခင်မင်နေတာဖြစ်မယ်"

"ဗျာ. . . ဒါဖြင့် ကောင်းစေသော်က. . ."

"ထိုင်ပါဦး နေရောင်ဝါ။ တို့ အချိန်တွေအများကြီး ရပါတယ်၊ အေးအေး ဆေးဆေး ပြောကြတာပေါ့"

သူ့နာမည်ကို သိနေတာဟာ ကောင်းစေသော် ပြောပြထားလို့ ဖြစ်မှာပဲ။

ဦးကောင်းလွန်းဟာ နှစ်ခါသုံးခါ အဝေးက တွေ့မြင်ခဲ့ဖူးပေမယ့် တစ်ခါမှ စကားမပြောဘူးသလို၊ နေရောင်ဝါအဖြစ် မိတ်ဆက်ပေးသူလည်း မရှိခဲ့ပါဘူး။

"ဦးက. . . အဟမ်း ဖေဖေက ရတနာမြေမှာ နောက်ဇနီး ထပ်ယူခဲ့တာနဲ့ ပတ်သက်ပြီး. . မင်းမေမေ မညိုဝါက အရမ်းစိတ်ဆိုးခဲ့တယ်။ ဒါကြောင့်လည်း လိုက်ရှာလို့မရလောက်အောင် ခြေရာဖျောက်သွားခဲ့တာပေါ့။ အမြန်ဆက်သွယ် ပါဆိုပြီး ကြော်ငြာတွေ အကြိမ်ကြိမ် ထည့်ခဲ့ပေမယ့်လည်း သူ မဆက်သွယ် ခဲ့ဘူး"

ရီဝေသွားတဲ့ မျက်လုံးတွေနဲ့အတူ ဦးကောင်းလွန်း အကြာကြီး ငြိမ် သက်သွားတယ်။

သူ တစ်ခုခု ပြောချင်ပေမယ့် ဘာပြောရမှန်း မသိတာမို့ နှုတ်ဆိတ်နေ လိုက်ရတယ်။

"နောက်ဇနီးယူဖြစ်ခဲ့တာဟာ ကိုယ့်ရဲ့ဖောက်ပြန်မှုကြောင့် မဟုတ်ဘူး ဆို့ မငြင်းချင်သလို၊ တစ်ဘက်က မြူဆွယ်တာကြောင့်လို့လည်း မပြောချင်ဘူး ကံတွေပေါ့။ *ကံတွေကြောင့် အခြေအနေတစ်ရပ်ဆီ တွန်းပို့ ခံလိုက်ရတယ်ပဲ ပြောပါရစေ*



www.burmeseclassic.com

www.burmeseclassic.com



နောက်ဇနီးနဲ့ ကောင်းစေသော်ကို မွေးတော့ သားက မွေးပြီးနေပြီ။ ကောင်းစေသော်က သားထက် ရက်ပိုင်းလောက်ငယ်တဲ့ အဖေတူအမေကွဲ ညီလေးပဲ"

ဒါကြောင့် ကောင်းစေသော်ဟာ သူ့အပေါ် လိုတာထက် ပိုခင်နေတာပဲလို့ သူတွေးလိုက်မိတယ်။

ဖေဖေ ဦးကောင်းလွန်းက အဖြစ်အပျက်တွေကို ဆက်ရှင်းပြတယ်။

ကောင်းစေသော်ကို မွေးပြီး၊ နောက်ဇနီးရဲ့တွင်းက ကျောက်အောင်လို့ မန္တလေးပြောင်းခဲ့ပုံ။

ဦးကျော်လွင်ကနေ ဦးကောင်းလွန်း နာမည်ပြောင်း၊ ထုတ်ကုန်လိုင်စင်လျှောက်ပြီး စီးပွားရေးလောကထဲ ဝင်ဖြစ်ခဲ့ပုံ။

ယောက္ခမကော နောက်ဇနီးပါဆုံးတော့ ရန်ကုန်ပြောင်းရွှေ့ပြီး မေမေ ဒေါ်ညိုဝါနဲ့ သူ့ကို နေရာအနှံ့ လိုက်ရှာခဲ့ပုံ။

အမြန်ဆက်သွယ်ပါဆိုတဲ့ ကြော်ငြာတွေ ထည့်ခဲ့ပုံ။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်အထိ ဖေဖေ ကြော်ငြာတွေ ထည့်ခဲ့ပါသေးတယ်။ နောက်ဆုံး. . . မထူးခြားတာမို့ လက်လျှော့လိုက်တယ်။ ဒါပေမယ့်. . . တစ်နေ့တွေ့နိုးဆိုတဲ့ မျှော်လင့်ချက်ကတော့ လုံးလုံး ပျောက်ကွယ်မသွားခဲ့ဘူး ***တစ်ချိန်မဟုတ် တစ်ချိန် ပြန်တွေ့လိမ့်မယ်လို့ ယုံကြည်ပေမယ့် ခုလောက် တိုက်ဆိုင်လိမ့်မယ်တော့ မထင်ခဲ့ဘူးသား။*** ဗုဒ္ဓဘာသာအမြင်နဲ့ကြည့်ရင် ကံတွေရဲ့ ဆန်းကြယ်ပုံလို့ ပြောရမှာပဲ"

ဖေဖေ ဦးကောင်းလွန်းက စကားရပ်ပြီး အအေးကို တစ်ငုံ ငုံလိုက်တယ်။

ဒီတော့မှ သူ့အာခေါင်တွေ ခြောက်ကပ်ပြီး ရင်ပူနေတာ သတိရမိလို့ အသင့်ထည့်ထားတဲ့ အအေးခွက်ကို လှမ်းယူပြီး မော့ချလိုက်ရတယ်။

"ဒါနဲ့. . . သားမေမေတော နေကောင်းရဲ့လား"

"ကောင်းပါတယ်။ တစ်ခါတစ်ခါ ရင်ကြပ်တာတို့၊ အဆစ်အမြစ်တွေ ကိုက်ခဲတာတို့တော့ ဖြစ်တတ်တယ်"

အဲ့ဒီနောက် နှစ်ယောက်စလုံး ပြောစရာစကား ကုန်ခမ်းသွားသလို အကြာကြီး နှုတ်ဆိတ်သွားကြတယ်။





အတော်ကြီးကြာမှ ဖေဖေလို့ မခေါ်ဖြစ်သေးတာ သတိရလိုက်မိပြီး သူ အုံးတိုးလေး ခေါ်လိုက်တယ်။

***"ဖေ. . . ဖေ "***

***"ဘာလဲသား"***

***"ဟင့်အင်း. . . ဘာမှမဟုတ်ပါဘူး။ သား. . . ဖေဖေလို့ ခေါ်ကြည့်တာပါ"***

ဖေဖေက သူ့ကို ကြေကြေကွဲကွဲ မျက်လုံးတွေနဲ့ စိုက်ကြည့်လာလို့၊ သူ အမြန် ခေါင်းငုံ့ပြီး သက်ပြင်းချလိုက်တယ်။ ခဏနေတော့ ဖေဖေ ထိုင်ရာက ထရပ်ပြီး သူ့ဆီကို လျှောက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ၃

# သင်ကိုယ်တိုင်ဖြစ်စေ
# သင်၏ကိုယ်စား ချစ်ခွင့်ရှိသူ နှလုံးသားမှ ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ချိုလွင်သာယာအတွက် ထမင်းလုံးတစ္ဆေခြောက်သလို ကာလတွေဟာ ရက်ပေါင်းများစွာ ရှိခဲ့ပါပြီ။

နေရောင်ဝါရဲ့ မွေးနေ့မှာ သုံးယောက်ဆုံခဲ့ကြပြီးကတည်းက နေရောင်ဝါ သူမဆီ ဆက်သွယ်မလာခဲ့သလို၊ ကောင်းစေသော်လည်း ရောက်ရှိမလာခဲ့ဘူး။

တကယ်ဆို ပြစ်တင်ဝေဖန်ဖို့ မဟုတ်တောင် မေးမြန်းစူးစမ်းဖို့ ဖြစ်ဖြစ်၊ ကောင်းစေသော် ရောက်ရှိလာသင့်သလို၊ နေရောင်ဝါလည်း ဖုန်းဆက်သင့်လှပါတယ်။

သူမဆီ မဆက်တောင် ကေသရီဆီကိုတော့ ဆက်သင့်တာပေါ့။

သာယာ့ကို သိပ်သတိရတယ်ဆိုတာမျိုး ဖြစ်ဖြစ်။

ဒါမှမဟုတ် ဘယ်နေ့ဆုံမယ်ဆိုတဲ့ ချိန်းဆိုချက်ဖြစ်ဖြစ် ရောက်ရှိလာသင့်တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အံ့ဩဖွယ်ကောင်းလောက်အောင် အမျိုးသားနှစ်ယောက် လုံးရဲ့ ငြိမ်သက်နေမှုက သူမကို ဇဝေဇဝါစိတ်တွေနဲ့ ပူလောင်လာစေပါတယ်။

"သူတို့ မဆက်လည်း ကိုယ့်ဖက်ကစပြီး ဆက်သွယ်ကြည့်ရင် မကောင်းဘူးလား သာယာ။ နင် မဆက်နဲ့လေ။ ငါ ဆက်ကြည့်မယ်။ ကောင်းစေသော်ဆီ မဟုတ်တောင် ဂျိမ်းဒင်းဆီကို ဖြစ်ဖြစ်ပေါ့"

သူမနည်းတူ သိချင်စိတ်တွေနဲ့ စိတ်စောလှုပ်ရှားလာတဲ့ ကေသရီက ပြောတော့ သူမ ခေါင်းယမ်းလိုက်မိတယ်။

"ဟင့်အင်း... မဆက်နဲ့ ကေသရီ။ ခုအနေအထားက ငါကစပြီး ဆက်ရမယ့် အနေအထား မဟုတ်ဘူး။ ပြီးတော့ မိန်းကလေးဖက်က စ ဆက်သွယ်ရမသင့်ဘူးထင်တယ်။ သူ ဆက်သွယ်လာပါလိမ့်မယ်။ ဂျိမ်းဒင်းက ငါ့ကို မခွဲဘူးလို့ ကတိပေးထားတာပဲ"

ဒါပေမယ့် နေရောင်ဝါဆီက ဖုန်းခေါ်သံဟာ သူမ အရိပ်တကြည့်ကြည့် ကြည့်နေမိတဲ့ လက်ကိုင်ဖုန်းလေးဆီ ရောက်ရှိမလာခဲ့ဘူး။

*ဘာဖြစ်နေတာလဲ၊ ဂျိမ်းဒင်း . . . ရှင် ဘာဖြစ်လို့ ကျွန်မကို မေ့ထားရတာလဲ*

နားမလည်နိုင်မှုတွေနဲ့ သူမ အော်ဟစ် ပေါက်ကွဲလုလု အနေအထားမှာ ဖေဖနဲ့ မေမေက သူမကို မေးမြန်းလာခဲ့တယ်။

"မောင်ကောင်းစေသော်နဲ့ စေ့စပ်ဖို့ကိစ္စက ဘယ်လိုလဲ သမီး"

မေမေရဲ့ စူးစမ်းလာတဲ့ မေးခွန်းနဲ့ စိတ်ဝင်တစား စောင့်ကြည့်နေတဲ့ ဖေဖေရဲ့ အကြည့်တွေအောက်မှာ သူမ မလုံမလဲနဲ့ ထူပူသွားရပါသေးတယ်။

"ယာလေး ... သူ့ကို လေ့လာနေပါတယ် မေမေ"

"ဒီလောက်အကြာကြီး အချိန်ဆွဲခဲ့တာတောင် လေ့လာလို့ မလုံလောက်သေးဘူးလား သမီး။ မေမေတို့ကတော့ မြန်မြန် စေ့စပ်စေချင်ပြီ"

"ဟုတ်တယ် ယာလေး။ ဖေဖေလည်း သမီးအမေလိုပဲ။ မောင်ကောင်းစေသော်နဲ့ မြန်မြန် စေ့စပ်တော့။ ဖေဖေက အသက်ကြီးလာပြီ။ စီးပွားရေးကို သားသမက်တစ်ယောက်ယောက် လက်ထဲ လွှဲချင်နေပြီ။ မလွှဲနိုင်ရင်တောင် အကူအညီသဘောမျိုး. . . အားကိုးအားထားတစ်ယောက်တော့ လိုလာပြီ ယာလေး"





ဖေဖေနဲ့ မေမေရဲ့ စကားတွေအောက်မှာ သူမ မလှုပ်နိုင်အောင် နှန်းကြပ်သွားခဲ့ရပါတယ်။

ဟန်မပျက်သဘောနဲ့ ဟုတ်ကဲ့ပါလို့ ခေါင်းညိတ်ခဲ့ရပေမယ့် ဘာဆက်လုပ်ရမလဲ သူမ စဉ်းစားမရခဲ့ဘူး။

ဒါကြောင့် ကေသရီနဲ့ သီရိကိုပဲ အားကိုးတကြီးနဲ့ အရေးပေါ် ထိုင်ပင်ခဲ့ရတယ်။

"ငါတော့ ဂျိမ်းဒင်းအကြောင်း စုံစမ်းကြည့်ချင်တယ်ဟာ။ သူ ဘာဖြစ်လို့ ဒီလောက်တောင် ပျောက်ချက်သား ကောင်းနေရတာလဲ"

သီရိက တွေးတွေးဆဆ ရေရွတ်ချိန်မှာ ကေသရီက အားတက်သရော ဝင်ပြောလာတယ်။

"ဟဲ့ ... မဟုတ်မှလွဲရော အဲဒီနေ့က သူတို့နှစ်ယောက် ထိုးကြိတ် ဆော်ပုတ်ပြီး ဆေးရုံတွေ ဘာတွေများ..."

"အို ... မဖြစ်နိုင်ပါဘူး။ သူတို့က အရင်ကတည်းက သိနေကြတဲ့ သူငယ်ချင်းတွေပဲ"

"သိရုံမကလို့ ဘယ်လောက်ပဲ ခင်ခင်ပါဟာ ညီအစ်ကိုအရင်းတွေ ဖြစ်ပါစေ၊ မိန်းမကိစ္စနဲ့ ပတ်သက်လာရင် မစည်းလုံးနိုင်ပါဘူး၊ စိတ်ဝမ်းကွဲကြတာချည်းပါ"

"ဒီလိုလုပ်ဟာ. . . တစ်ရက်နှစ်ရက် စောင့်ကြည့်လို့ မထူးခြားရင် သာယာ့ကိုယ်စား ငါတို့ စုံစမ်းပေးမယ်"

အသက်ကြီးသူ သီရိက ချင့်ချင့်ချိန်ချိန်နဲ့ ဆုံးဖြတ်ချက် ချလိုက်တော့ သူမ ခေါင်းညိတ်ပြလိုက်တယ်၊ ရင်ထဲမှာတော့ ကေသရီ တွေးသလိုများ ဖြစ်နေမလားဆိုတဲ့စိတ်နဲ့ ပူပန်နေရသလို၊ သိချင်စိတ်တွေလည်း ပြင်းပြနေရတယ်၊

ဂျိမ်းဒင်း ရှင် ဘယ်ရောက်နေလဲဟင်၊ ပြီးတော့ ရှင်နဲ့ *ကောင်းစေသော်တို့ ဘာတွေများ ဖြစ်နေကြပြီလဲ၊* ကျွန်မ စိတ်ပူလိုက်တာ ဂျိမ်းဒင်းရယ် ...။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကံကြမ္မာရဲ့ အံ့ဩဖွယ် ဆန်းကျယ်ပုံတွေကို နေရောင်ဝါ လိုက်မမီနိုင်လောက်အောင် အထူး အဆန်း ဖြစ်နေခဲ့ရတယ်။

အဖမဲ့သားအဖြစ် နှစ်ပေါင်းများစွာ ရပ်တည် ရုန်းကန်လာခဲ့ရာကနေ အဖေရင်းတစ်ယောက် မျက်လှည့်ပြသလို ဘွားကနဲ ပေါ်ပေါက်လာခဲ့မှုကို နေရောင်ဝါ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိ တယ်။

ပိုပြီး အံ့ဩဖို့ ကောင်းတာကတော့ သူနဲ့ မိခင်သာကွဲတဲ့ ညီတစ်ယောက် ရှိနေတဲ့ ကိစ္စပါ။

ပြီးတော့ အဲဒီညီက သူနဲ့ မိန်းကလေးတစ် ယောက်တည်းကို အတူတူ ချစ်နေမိသူ ကောင်းစေ သော် ဖြစ်ပါသတဲ့။ ဘယ်လောက်များ ဆန်းကြယ် လိုက်တဲ့ ကံတရားပါလဲ။

ကောင်းစေသော်ကရော ဒီကိစ္စကို ဘယ်လို များ တုန့်ပြန်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဖေတစ်ခု သားတစ်ခုဘဝထဲကို အစ်ကိုတစ်ယောက် ဝင်ရောက် လာမှုနဲ့ မိခင်ရင်းမဟုတ်တဲ့ ဖခင်ရဲ့ဇနီး ပေါ်ပေါက်လာမှုအပေါ် ကောင်းစေသော် ဘယ်လို ဆုံးဖြတ်မှာလဲ။

ဘယ်လိုများ သဘောထားမှာပါလဲ။

သူ သိချင်စိတ် ပြင်းပြနေရသလို တပြိုင်နက်တည်းမှာလည်း စိုးရိမ် စိတ်မောနေရတယ်။

ဖေဖေ ဦးကောင်းလွန်းနဲ့တွေ့ပြီး နောက်ရက် အလုပ်ထဲကို ကောင်းစေသော် ရောက်လာတော့ ပူပန်စိတ်မောမှုတွေနဲ့ သူ့တစ်ကိုယ်လုံး အခိုးအငွေ့အဖြစ် အငွေ့ပျံသွားမလားလို့တောင် ထင်ရပါတယ်။

ပုံမှန်အတိုင်းဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲ အရေးတကြီး ထိ မရှိဘဲ ကောင်းစေသော် ရောက်လာရလေ့ မရှိဘူး။

ရောက်လာခဲ့ရင်လည်း အင်ဂျင်နီယာတွေနားနေတဲ့ တဲလေးထဲမှာ သူနဲ့ တွေ့ဆုံတတ်တာပါ။

ခုတော့ ကြမ်းခင်းလောင်းနေတဲ့ အဆောက်အအုံ အပေါ်ထပ်အထိ ကောင်းစေသော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတယ်။

ဘာမပြော ညာမပြောနဲ့ သူ့နားလာရပ်တဲ့ ကောင်းစေသော်ကို လှည့် ကြည့်တော့ အန္တရာယ်ကင်း လုံခြုံရေး ဦးထုပ်ပါမလာတာမို့ သူ့ခေါင်းက ဟဲလ်မက်ကို ဖြုတ်ပြီး ကမ်းပေးလိုက်တယ်။

ကောင်းစေသော်က စကားတစ်ခွန်းမှ မပြောဘဲ ဦးထုပ်ကို ယူဆောင်း ပြီး ငြိမ်သက်နေတယ်။

ခဏနေမှ သူ့ကို မကြည့်ဘဲ ရွေ့လျားနေတဲ့ ဝန်ချီစက်ရှိရာကို လှမ်းမျှော် ရင်း တစ်လုံးချင်း ပြောတယ်။

*"ဖေဖေ ပြောပြလို့ ငါ အားလုံး သိပြီးပြီ နေရောင်"*

သူ တစ်စုံတစ်ရာ မတုန့်ပြန်ဘဲ နှုတ်ခမ်းမှာ ခဲထားတဲ့ စီးကရက်ကို မီးညှိရင်း ငြိမ်သက်နေလိုက်တယ်။

အဲဒီအချိန်မှာ ထမင်းစား ဥသြဆွဲသံ ထွက်ပေါ်လာလို့ စက်ယန္တရား





တွေအားလုံး ငြိမ်သက်သွားကြပြီး အလုပ်သမားတွေလည်း အလျှိုလျှို ဆင်းသွား ကြတယ်။

ခုတော့ လုပ်ငန်းခွင်ထဲ ကျန်ခဲ့သူဆိုလို့ သူတို့နှစ်ယောက်ပဲ ရှိပါ တော့တယ်။

ခုချိန်ထိ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ကောင်းစေသော် ဘာပြောမှာလဲ။ နေ့ချင်းညချင်း ဘွားကနဲ ပေါ်ပေါက်လာပြီး ဖခင်မေတ္တာကို ခွဲဝေယူတော့မယ့် သူ့အပေါ် ဘယ်လို သဘောထားမှာလဲ။

အဲဒီကိစ္စအတွက် မနာလိုမဖြစ်တောင် ချိုလွင်သာယာနဲ့ ပတ်သက်လို့ တော့ သဝန်တိုမှာ သေချာပါတယ်။

"နေရောင် . . ."

"ပြော ... ကောင်းစေသော်"

ကောင်းစေသော်ဆီက ထွက်ပေါ်လာမယ့် စကားလုံးတွေကို ခံယူဖို့ သူ ကောင်းစေသော်ကို မျက်နှာချင်းဆိုင်လိုက်တယ်။

ကောင်းစေသော်က သူ့ကို အတန်ကြာအောင် ခပ်စူးစူး စိုက်ကြည့်နေ ပြီးမှ ...

*"မင်းကွာ"*

ဘာမပြော ညာမပြောနဲ့ သူ့လက်မောင်းကို လက်သီးနဲ့ လှမ်းထိုးတယ်။ ပြီးမှ ဟက်ကနဲ ရယ်ချလိုက်ပြီး...

*"ငါ မင်းကို အစ်ကိုလို့တော့ မခေါ်နိုင်ဘူး ဟေ့ကောင်၊ မင်းက ငါ့ထက် ရက်ပိုင်း လေးပဲ ကြီးတာ။* ပြီးတော့ မင်းနဲ့ငါလို့ ပြောခဲ့တာ နှုတ်ကျိုးနေပြီကွ"

သူ စိတ်လက်ပေါ့ပါးစွာ သက်ပြင်းငွေ့ငွေ့ချ ခေါင်းညိတ်ပြလိုက်တယ်။

"ရပါတယ် ကောင်းစေ၊ ငါကလည်း တစ်ပတ်လောက် အသက်ကွာရုံနဲ့ အစ်ကိုလို့ မခေါ်စေချင်ပါဘူး။ ဘယ်လိုခေါ်ခေါ်ပါကွာ"

"ငါ မင်းကို စတွေ့ကတည်းက တစ်ယောက်ယောက်နဲ့ တူပါတယ်ဆိုပြီး တွေးနေတာ။ လက်စသတ်တော့ မင်းက ဖေဖေနဲ့ တူနေတာကိုး။ ဒါကြောင့် ငါ မင်းကို ခင်ခဲ့တာ ဖြစ်မယ် နေရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကြောင့် မင်း ဘယ်လိုမှ မခံစားရဘူးလား ကောင်းစေ၊ ပြီးတော့ မေမေ့ကြောင့်ရောပေါ့"

သိလိုစိတ် ပြင်းပြစွာ သူ မေးလိုက်တော့ ကောင်းစေသော်က တစ်ချက် တတ်ဝတ်ပက် ရယ်ပြီး ခေါင်းယမ်းပါတယ်။

"ငါက မိသားစု ငတ်နေတာ နေရောင်။ ပြီးတော့ မေမေဆုံးပြီးကတည်းက မိခင်မေတ္တာ ငတ်နေတာ၊ အခု မင်းအမေရှိလာပြီဆိုတော့ ငါ့အတွက် အမေအစားရတာပဲပေါ့။ မင်းအမေဟာ ငါ့အမေပါပဲ နေရောင်"

"ကျေးဇူးပဲကွာ"

သူ လိုက်လိုက်လှဲလှဲ ပြောလိုက်တော့ ကောင်းစေသော်က သူ့ပခုံးကို လှမ်းပုတ်တယ်။

"မလိုပါဘူး နေရောင်။ မင်းနဲ့ ညီအစ်ကို ဖြစ်ခွင့်ရတဲ့အတွက် ငါ ကျေနပ်ပါတယ်"

"မင်းကို မေမေနဲ့ ပေးတွေ့ရဦးမယ် ကောင်းစေ"

သူ့စကားကြားတော့ ကောင်းစေသော်က အသံထွက်ရယ်မောရင်း...

"မင်းက ငါ့ကို လျှော့တွက်လှချည်လား နေရောင်။ ငါ အခုမနက်ပဲ မင်းအမေနဲ့ ဝင်တွေ့ခဲ့ပြီးပြီကွ။ အမေလို့တောင် ခေါ်ခဲ့ပြီးပြီ။ ပြီးတော့ လာမယ့် စနေနေ့ မိသားစု စုံညီထမင်းစားကြဖို့လည်း ဖိတ်ခဲ့ပြီးပြီ။ မင်း အမေ့ကို နည်းနည်း တိုက်တွန်းပေးလိုက်ဦး။ ဖေဖေနဲ့ တွေ့ရမှာ ရှံ့နေပုံရတယ်"

ကောင်းစေသော်ရဲ့ သဘောထားကြီးမှုကို အံ့သြရသလို အကွက်မြင်မှု အတွက်လည်း ချီးကျူးရပါတယ်။

ဒီလိုဆိုတော့လည်း ကောင်းစေသော်လို ညီတစ်ယောက် ရတာဟာ သူ့အတွက် စိတ်ချမ်းသာစရာပါ။

အဆောက်အဦးပေါ်က ဆင်းလာကြပြီး အောက်ရောက်တော့ ကောင်းစေသော်က ပြောတယ်။

"ဆောက်လုပ်ရေးက ပင်ပန်းပါတယ်ကွာ။ နောက်နေ့ ရုံးချုပ်မှာပဲ ပြောင်းထိုင်ပါ"





"မဖြစ်ဘူး ကောင်းစေ၊ *ငါ့ကို နေရာပေးဖို့ကော၊ အလုပ်ပြုတ်ဖို့ပါ ယုံးယုံး ဆင်းစားနဲ့၊ အလုပ်သမားတွေက ဝင်းကို ဝိုင်းရိုက်ကြလိမ့်မယ်"*

"ဘာဖြစ်လို့လဲ"

"သူတို့က ငါ့ကို ရဲဘော်ရဲဘက်လိုရော၊ ဆရာတစ်ယောက်လိုပါ ချစ်ကြတာလေ၊ သူတို့နဲ့ ဘဝတူဆိုပြီး သတ်မှတ်ထားကြတာ"

ကောင်းစေသော်က ဖိုးသား အတုခိုးပြီး ရှိကနဲ လေတစ်ချက် ချွန်တယ်၊ ပြီးမှ သူ့ပခုံးကိုပုတ်ပြီး...

"ဒါဆိုရင်တော့ ကန်ထရိုက် မြန်မြန် အပ်နိုင်အောင် မင်းကို အားကိုးတော့မှာပဲ နေရောင်"

သူကြည့်လိုက်တော့ ကောင်းစေသော် မျက်လုံးတွေက မျှော်လင့်ချက် အရိပ်အယောင်တွေ တဖြတ်ဖြတ်လက်ပြီး လေးနက် တည်ငြိမ်နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

(၃)

မိသားစု ပြန်ပေါင်းထုတ်ပွဲလို့ပဲ ပြောရမလား။

သားအမိ သားအဖ မိတ်ဆက်ပွဲလို့ပဲ သတ်မှတ်ရမလား မပြောနိုင်တဲ့ ညစာစားပွဲဟာ အောင်အောင်မြင်မြင်နဲ့ပဲ ပြီးဆုံးခဲ့တယ်။

အစပိုင်းမှာ မေမေက လိုက်ဖို့ ငြင်းဆန်ခဲ့ပေမယ့် အချိန်မီ ရောက်လာသူ ကောင်းစေသော်ကပါ ဝင်တိုက်တွန်းပေးတာမို့ အင်တင်တင်နဲ့ပဲ လိုက်ပါလာခဲ့တယ်။

ခြောက်ဆယ်ကျော်လူကြီးနှစ်ယောက်ရဲ့ ရှက်စနိုး မျက်နှာတွေကို ကြည့်ရမှာ အားနာတာကြောင့် သူနဲ့ ကောင်းစေသော် အစားကိုသာ မြန်မြန်ကုန်အောင် ခေါင်းငုံ့စားနေလိုက်တယ်။

အစားကုန်တော့ သူတို့နှစ်ယောက် တိုင်ပင်ထားကြသလို ပြုံးတူ ထရပ်ပြီး သန့်စင်ခန်း သွားဦးမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ထွက်လာ ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်လေအေးအေး တိုက်ခတ်နေတဲ့ ဟိုတယ်ဝရံတာရဲ့ အစွန်မှာ နေရောင်ဝါ သွားရပ်တော့ . . .

ကောင်းစေသော်ကလည်း သူ့ဘေး ဝရံတာ လက်ရန်းပေါ်ကို ဖျတ်ကနဲ ရောက်လာတယ်။ သူက ထုံးစံအတိုင်း စီးကရက်ဖွာပြီး ကောင်းစေသော်ကတော့ ပီကေတစ်ခုကို ထုတ်ဝါးပါတယ်။

ခုချိန်ထိ သူတို့နှစ်ယောက်စလုံး ဂရုတစိုက် ရှောင်ရှားပြီး စကားထဲ မပါအောင် သတိထားနေကြတဲ့ အကြောင်းအရာကတော့ ချိုလွင်သာယာပဲ။

ခုလို ငြိမ်းငြိမ်းချမ်းချမ်း အချိန်အခါမှာ သူမအကြောင်း စကားစသင့်ပြီလား။

သူက ဝါကြီးသူမို့ အရင်ဖွင့်ဟဆွေးနွေးလိုက်ရမလား။ တကယ်ဆို ကောင်းစေသော်ကိုယ်တိုင်လည်း ဆွေးနွေးချင်နေမှာပါ။ စကားစရ ခက်နေတာပဲ ဖြစ်မယ်။

"နေရောင်"

"ဘာလဲ ... ကောင်းစေ"

"ဟင့်အင်း ... ဘာမှမဟုတ်တော့ပါဘူး"

ဝရံတာလက်ရန်းပေါ် ထိုင်နေသူ ကောင်းစေသော်က မျက်နှာလွှဲသွားတော့ သူ ပြုံးလိုက်မိတယ်။

"မင်း တစ်ခုခု ပြောမလို့ မဟုတ်လား ကောင်းစေ"

"ဟင့်အင်း. . . စောစောက မင်း ငါ့ကို ကြည့်တာ ဘာပြောချင်လို့လဲ မေးမလို့ပါ"

သူ စီးကရက်ကို ဝရံတာလက်ရန်းမှာ ထိုးခြေလိုက်ပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တယ်။

"မင်းက လူကြီးစုံရာနဲ့ တရားဝင် ကမ်းလှမ်းခဲ့သူပဲ ကောင်းစေသော် အဲဒီတော့ မင်းပဲ ဆက်ကြိုးစားပါ။ *ငါ ဒီပွဲက နုတ်ထွက်လိုက်ပြီ*"

ပြောသာပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ ကြေကြေကွဲကွဲ ခံစားလိုက်ရတယ်။





ကောင်းစေသော်က နှုတ်ခမ်းဝက ပီကေကို ဖောင်းကနဲပေါက်အောင် လေနဲ့ မှုတ်လိုက်တယ်။

"ဘယ်ဟုတ်မလဲ နေရောင်။ မင်းက အကြီးပဲ၊ ပြီးတော့ သာယာ့ကို ခင်း စတွေ့ခဲ့တာပဲ။ မင်းပဲ ရှေ့က နေသင့်ပါတယ်"

"ငါ စတွေ့တာလို့ မင်းကို ဘယ်သူပြောတာလဲ"

"သူ ပြောတာလေ။ *တောင်ပေါ်မြို့လေးတစ်မြို့မှာ ခရီးသွားရင်း တွေ့ခဲ့သူ တစ်ယောက်ကို စွဲလမ်းခဲ့ဖူးတယ်လို့ သူကိုယ်တိုင် ဝန်ခံခဲ့တာပဲ*"

"ဟင်"

သူ လှုပ်ကနဲ ရင်ဖိုသွားပြီး နင့်နင့်သည်းသည်း ခံစားလိုက်ရတယ်။ ကောင်းစေသော်က ဟန်လုပ်အပြုံးတစ်ခုကို သေသေသပ်သပ် ပြုံးလိုက်ပြီး ဆက်ပြောတယ်။

"*သောလုံးစကားနဲ့ဆိုရင် မင်းက တစ်ဖက်အသဲကို ခြိမ်းခြောက်နိုင်သူပဲ နေရောင်* အဲဒီတော့ မင်းပဲ ဆက်ကစားပါ"

"*ဒါပေမယ့် ပိုင်နယ်တီ ကန်ခွင့်ရမယ့်လူက မင်းပဲ ကောင်းစေ၊ ပွဲသိမ်းလက်မှတ်ကလည်း မင်းလက်ထဲမှာ ရှိနေတာပဲ။* နောက်ပြီး... ငါ့မှာ ငဲ့ရမယ့် မြလေးညို ရှိနေတယ်။ အဲဒီတော့..."

သူ့စကားမဆုံးခင် ကောင်းစေသော်ရဲ့ လက်ကိုင်ဖုန်းက သတင်းပို့ချက် မက်ဆေ့ဂ်ျ ဝင်လာကြောင်း အသံမြည်လာတယ်။

ကောင်းစေသော် မက်ဆေ့ဂ်ျကို ဖတ်ပြီး မျက်နှာပျက်သွားလို့ သူ လှမ်းမေးလိုက်တယ်။

"ဘာလဲ ကောင်းစေသော်။ ဘာဖြစ်လို့လဲ"

"ကုမ္ပဏီက လူကြီးတစ်ယောက်ဆီကပါ။ ကန်ထရိုက်ကို အချိန်မီ မအပ်နိုင်ရင် ဒေဝါလီ ခံရနိုင်တယ်လို့ သတိပေးတာ"

"ဟင်"

ကောင်းစေသော်က ကြံရာမရတဲ့ မျက်နှာနဲ့ကြည့်ရင်း ...

"မင်းရဲ့ ရဲဘော်ဆောက်လုပ်ရေးလုပ်သားတွေကို အမြန်စည်းရုံးပြီး တွန်းမှ ဖြစ်တော့မယ် နေရောင်။ နို့မို့ဆို ကုမ္ပဏီတစ်ခုလုံး ဆုံးရှုံးရုံမကဘူး



www.burmeseclassic.com

www.burmeseclassic.com

ဘဝပါ ဖျက်နိုင်တယ်။ အမှုအခင်းလည်း ဖြစ်နိုင်တယ်။ ပိုဆိုးတာက ဒီသတင်း ဖေဖေ သိသွားရင် နှလုံးရပ်သွားလိမ့်မယ်။ ဖေဖေ့မှာ သွေးတိုးရော၊ နှလုံးရောဂါ ရှိတယ်"

သူ ထိတ်ကနဲဖြစ်ပြီး ခေါင်းခါယမ်းလိုက်မိတယ်။

ဟင့်အင်း ... အဲဒီလိုတော့ မဖြစ်စေရဘူး။

"ဒါတော့ ဘယ်လိုမှ မဖြစ်သင့်တဲ့ ကိစ္စပဲ ကောင်းစေ၊ ငါ ဖေဖေ့ကို မေမေလို့ ခေါ်ခွင့်ရတာမှ ဘာမှမကြာသေးဘူး။ ဒီကိစ္စ ငါတာဝန်ထားကွာ။ အလုပ်သမားနဲ့ လုပ်အားကိစ္စ ငါတာဝန်ယူမယ်။ မင်းက ကုန်ကြမ်းမပြတ် အောင်သာ စီစဉ်ပေး"

သူတို့ နှစ်ယောက်စလုံး ချိုလွင်သာယာကို မေ့လျော့သွားကြပြီး လုပ်ငန်းခွင်ကို အမြန်ပြန်ပြေးဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဖခင်မေတ္တာကို ခွဲဝေယူတော့မယ့် သူ့အပေါ် ဘယ်လို သဘောထားမှာလဲ။ အဲဒီကိစ္စအတွက် မနာလို မဖြစ်တောင် ချိုလွင်သာယာနဲ့ ပတ်သက်လို့တော့ သဝန်တိုမှာ သေချာပါတယ်။



(၄)

မြို့သစ်တစ်ခုရဲ့ အဝင် ကားလမ်းမကြီးဘေးက ဟက်တာပေါင်းများစွာ ကျယ်ဝန်းတဲ့ ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲမှာ. . .

အလုပ်သမားတွေဟာ နေ့မီးညမီးနဲ့ လုပ်ကိုင်နေကြတဲ့အပြင် ဆောက်လုပ်ရေးသမိုင်းမှာ ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ဘူးတဲ့ အလုပ်ဆင်းပုံ စနစ်တစ်ခုဟာ နေရောင်ဝါတို့ဆိုက်တ်ထဲမှာ ပေါ်ပေါက်လာခဲ့တယ်။

အဲဒါကတော့ အလုပ်သမားတွေဟာ လုပ်ငန်းခွင်ကို မိသားစုဝင်ပါ ခေါ်လာပြီး တစ်ယောက်တစ်လှည့် အလုပ်လုပ်ကြတဲ့နည်းပါ။

တစ်ယောက်တည်းဆို တစ်ဆိုင်းသာ လုပ်ကိုင်နိုင်မယ့် လုပ်သားတစ်ယောက်ဟာ ဒီနည်းနဲ့ နေ့ဆိုင်းရော ညဆိုင်းပါ တောက်လျှောက် လုပ်နိုင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ နေရောင်ဝါရဲ့ စည်းရုံးရေးအစွမ်း တစ်ခုထဲကြောင့် မဟုတ် အလုပ်သမားတွေ ကိုယ်တိုင်က သူ့အပေါ် ချစ်ခင်ကြတာကြောင့်ပါ။

ဖြတ်သွားဖြတ်လာကိုယ်ပိုင်ကားပိုင်ရှင်တချို့နဲ့ သတင်းကြားပြီး အထူး ဖြစ်နေသူတချို့က တကူးတကန့် လာရောက် ကြည့်ရှုကြတယ်။ ပရိသတ် ဝိုင်းဝန်းကြည့်ရှုမှုဟာ အလုပ်သမားတွေကို အားပေးသလိုတောင် ဖြစ်ခဲ့ပါ တယ်။

နေရောင်ဝါက တစ်နေ့မှာ နာရီအနည်းငယ်သာ အိပ်ပြီး၊ နေ့ရော ည လုပ်ကိုင်နေရသလို၊ ကောင်းစေသော်ကလည်း ဆောက်လုပ်ရေး ပစ္စည်း မပြတ်အောင် ကြိုးစားနေရတယ်။

ဖိုးသား၊ ကိုမျိုးနဲ့ ပုတ်သင်ညိုအပြင် စည်သူတို့ လင်မယား မြလေးညိုပါ လာရောက် အားဖြည့်ကူညီပါတယ်။

"နေရောင်. . . နင် နည်းနည်းလောက် သွားမှေးလိုက်ပါလား"

"ရတယ် မြလေးညို၊ ငါ ညက နှစ်နာရီလောက် အိပ်ထားပြီးပြီ"

"ဟဲ့ ... နှစ်နာရီလောက် အိပ်ရုံနဲ့ နင် ခံနိုင်မလား"

"ခံနိုင်လို့ လုပ်နေတာပေါ့ဟ။ အလုပ်သမားတွေက ငါ့ကို မမြင် စိတ်ဓာတ်ကျသွားလိမ့်မယ်။ ပြီးတော့ ဘတ်ဂျက်နည်းနေလို့ အချိန် ပိုကြေး မရှင်းနိုင်တာ နှစ်ရက်တောင် ရှိနေပြီ"

ဗိသုကာ အဖွဲ့ရဲ့ စာရင်းဇယားတွေအရတော့ အကြမ်းထည်တစ်ခုလုံး ပြီးစီးဖို့ ဆယ့်ခုနစ်ရာခိုင်နှုန်းကျော် လိုသေးတယ်လို့ ဆိုတယ်။ အကြမ်းထည် ကိုးဆယ့်ငါးရာခိုင်နှုန်းကျော်ပြီးရင် ကန်ထရိုက်ကို လက်ခံမယ်ဆိုတာကြောင့် သူတို့ မီးကုန်ယမ်းကုန် ကြိုးနေရတာပါ။

သတ်မှတ်ရက် ကုန်ဆုံးဖို့ နီးကပ်လာလေ၊ အလုပ်သမားတွေရဲ့ လုပ်နိုင် စွမ်းက ကျဆင်းလာလေမို့ အချိန်မီ ပြီးနိုင်ပါတော့မလားလို့ စိုးတထိတ်ထိတ် ဖြစ်နေရတယ်။

ဒီအတောအတွင်း အလုပ်ပင်ပန်းပြီး အိပ်ရေးမဝလို့ ခေါင်းထဲက မူး နောက်နောက်ဖြစ်နေတဲ့ နေရောင်ဝါကို ခေါင်းရှုပ်ကိုက်ခဲစေမယ့် ကိစ္စနှစ်ခုက ပေါ်ပေါက်လာပါသေးတယ်။

◆ ဉာဏ်ဝင်းစာပေ ◆



*တစ်ခုက စီးကရက် ကုန်နေလို့ ထွက်ဝယ်ရင်း ဖဲဝိဇ္ဇာတို့ ဆရာတပည့် နှစ်ယောက်နဲ့ တွေ့ခဲ့တဲ့ အဖြစ်ပါ။* စီးကရက်ဝယ်ပြီး ကွမ်းယာဆိုင်လေးထဲက လှည့်အထွက်မှာ ဇ္ဇာတို့ တွေ့လိုက်လို့ နေရောင်ဝါ စိတ်ရှုပ်သွားရတယ်။

"ဘယ်လိုလဲဗျာ. . . ဒီကိစ္စက မပြီးနိုင်သေးဘူးလား။ ကျုပ်မှာ ရန်ဖြစ်ဖို့ အချိန်မရှိဘူးဗျ"

ခပ်ပြတ်ပြတ် လေသံနဲ့ ပြောလိုက်တော့ ဖဲဝိဇ္ဇာက ပြုံးပြီး. . .

"စိတ်မပူပါနဲ့ နေရောင်ဝါ။ တို့ မင်းကို စိတ်မဝင်စားတော့ပါဘူး။ မင်း ဒို့ ပုံပြင်ထဲမှာ ထားခဲ့လိုက်ပြီ။ *တို့ အခု အကောင်ကြီးကြီး တစ်ကောင်ကို ကြိုက်ကွ။* မကင်းရာ မကင်းကြောင်းတွေ လာအကူအညီတောင်းထားလို့"

"ခင်ဗျားတို့က အခကြေးငွေနဲ့လည်း အလုပ်လုပ်တတ်ကြတာကိုး။ ဦးဗျ။ ခင်ဗျားတို့ စိတ်ဝင်စားတာ ဘယ်သူလဲ"

"မင်းကိုတော့ ဖောက်သည်လို ဖြစ်နေလို့ သတိပေးလိုက်မယ် နေရောင် *အခုကိစ္စမှာ မင်း လက်ရှောင်နေပါ။ တို့စိတ်ဝင်စားတာက ကောင်းစေသော် ပဲ"*

*"ဗျာ"*

သူ တအံ့တဩ ရေရွတ်လိုက်တော့ ဖဲဝိဇ္ဇာ ပခုံးတွန့်ရင်း ကောင်းစေသော် ပေါ် အစာမကြေသူတွေ ရှိနေတယ်လို့ ပြောပြီး ထွက်သွားတယ်။

ဒါဟာ ခြိမ်းခြောက်တာ မဟုတ်ဘဲ၊ နေရောင်ဝါကို သိစေချင်ရုံသက် တ် သတိပေးသွားတဲ့ သဘောပါ။

ကောင်းစေသော်ကို ပြန်ပြောပြတော့ ဦးသောင်းတို့ သားအဖဖြစ်မှာ လို့ ခပ်အေးနေအေး တုန့်ပြန်ပါတယ်။

"ဘာပဲဖြစ်ဖြစ် ... မင်း ဆိုက်တ်ထဲကို လုံးဝ မလာနဲ့တော့ ကောင်းစေ။ ပြင်သွားရင်လည်း အဖော် နှစ်ယောက် သုံးယောက် ခေါ်သွား။ ငါပြောတာ းလည်လား။ *သူတို့နဲ့ ငြိရင် ဖွတ်ဆီ လိမ်းရုံနဲ့ ပျောက်မယ့်အထိရာမျိုးမဟုတ် ရနိုင်တယ်"*

နေရောင်ဝါ့စကားကြောင့် ကောင်းစေသော် မျက်နှာပျက်သွားပြီး 'ဒီ လောက်တောင်ပဲလား' လို့ ရေရွတ်တယ်။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



***"ဒီအထိတော့ ပိုနိုင်တယ်၊ ရှပ်ရှင်ထဲကလို တစ်ယောက်ချင်း လက်သီးထိုးသန်*** ***ပျော်ထင်ခဲ့*** မင်း ...ငါ့စကား နားထောင်မယ်လို့ ကတိပေးစမ်း ကောင်းစေသော်"

"အေးပါကွာ၊ ကတိပေးပါတယ်"

ကို့ အခု အကောင်ကြီးကြီး
တစ်ကောင်ကို မှားမလိုက္ခ။



(၅)

ဒုတိယခေါင်းရှုပ်စရာကိုတော့ ကိုယ်က သယ်ဆောင်လာတာပါ။ သတ်မှတ်ရက်ပြည့်ဖို့ တစ်ပတ်သာ လိုတော့တာမို့ . . .

ထမင်းတောင် ငွန်းတပ် စားရတဲ့အချိန်မှာ ကိုယ်က အပြင်လိုက်ခဲ့ဖို့ အတင်းလာခေါ်ပါတယ်။

"ဘာတွေများ ဒီလောက် အရေးကြီးနေလို့လဲ ကိုင်ယ်ရဲ့။ ဘာလဲ ခင်ဗျားဆိုင် မီးလောင်နေလို့လား"

"ငါ့ဆိုင် မီးလောင်ရုံလောက်သာဆို မင်းကို လာခေါ်နေမလားကွာ။ အရပ်ထဲ ရေထမ်းရောင်းတဲ့ ကုလားကြီး ပြေးခေါ်မှာပေါ့။ ***ခုဟာက မင်းအကောင်မလေး တွေ ရောက်လာပြီး မင်းကို ရှာနိုင်နေလို့ကွ၊*** အပြင်မှာ ပါလာတယ်။ မင်း ခေါ်လိုက်ခဲ့ နေရော့င်"

အလုပ်ထဲ နှစ်မြှုပ်ထားလို့ မေ့လျော့နေခဲ့မိတဲ့ ဝေဒနာဟာ ကိုယ့်စကားအဆုံးမှာ ရုတ်တရက် နိုး ထဆူညံပြီး ညွတ်နူး နာကျင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုငယ့်ကို အားနာစွာ ကြည့်ပြီး ခေါင်းယမ်းပြလိုက်တယ်။

"ကျွန်တော် မလိုက်တော့ဘူး ကိုငယ်၊ ကျွန်တော့်ကို ရှာမတွေ့ဘူးလို့ ပြောလိုက်ပါ"

"ဖြစ်မလားကွ၊ ခုထွက်မတွေ့ရင် နောက်နေ့တွေ ခဏခဏ လာနေမှာပေါ့။ ယောက်ျားဆိုတာ လာမယ့်ဘေး ပြေးတွေ့ရတယ်ကွ၊ သတ္တိရှိစမ်းပါကွာ လာ … လိုက်ခဲ့"

ကိုငယ့်ကို လေးစားစာနာစိတ်ကြောင့် လိုက်လာရပေမယ့် ဆိုက်တဲ့ အပြင်ဖက် လမ်းပေါ် ရပ်ထားတဲ့ ကားဘေးစောင့်မျှော်နေသူက သူထင်သလို သာယာမဟုတ်ဘဲ ကေသရီနဲ့ သီရိတို့ ဖြစ်နေတယ်။

သူ့ကို တွေ့တော့ ကေသရီက တင်းမာတဲ့မျက်နှာထားနဲ့ ဆီးအပြစ်တင်တယ်။

"ဘယ်လိုလဲ ဂျိမ်းဒင်းရယ်. . . ဖုန်းမဆက် ဘာမဆက်နဲ့ ဘာလို့ ဒီလောက်တောင် ပျောက်ချက်သားကောင်းသွားရတာလဲ။ ကျွန်မတို့က ရှင့်ကို စိတ်ပူနေတာ"

ကေသရီတောင် ဒီလောက်စိတ်ပူရင် သူမသာဆို ဘယ်လောက်များ စိတ်ပူမှာပါလိမ့်။

*မပြောမဆို ပျောက်သွားတဲ့ ချစ်သူကို ဘယ်လောက်တောင် လွမ်းဆွတ်နေမလဲ။*
*အရင်တစ်ခါကလို ပျောက်ကွယ်သွားပြန်ပြီလို့များ တွေးနေလေမလား။*

"ကျွန်တော် အလုပ်ထဲ နစ်နေလို့ ကေသရီ။ အလုပ်အချိန်မီ ပြီးဖို့က သေရေးရှင်ရေး ဖြစ်နေလို့ပါ"

"ဖေဖေ့အသက်နဲ့ အလောင်းအစားလုပ်ရလောက်အောင်ကို အရေးကြီးနေတာပါလို့တော့ နေရောင်ဝါ ဆက်မပြောပြလိုက်ဘူး။

"သာယာ့အတွက်လည်း သေရေးရှင်ရေး အရေးကြီးနေတာပါ ဂျိမ်းဒင်း။ အခု သာယာ့ကို သူ့အိမ်က စေ့စပ်ပေးဖို့ စီစဉ်နေကြပြီ။ အဲဒါကို ရှင် ဘယ်လို လုပ်မလဲ"

မျှော်လင့်ထားခဲ့ပြီးဖြစ်ပေမယ့် တကယ်ကြားလိုက်ရတဲ့အချိန်မှာတော့ ရင်ထဲမှာ စူးရှ နာကျင်သွားပါတယ်။

◆ ဉာဏ်ဝင်းစာပေ ◆



ဘယ်သူနဲ့လဲလို့ ဆက်မေးစရာ မလိုတာမို့ မမေးတော့ဘဲ ငြိမ်သက်နေတော့ သီရိကပါ အားမလို အားမရနဲ့ ဝင်မေးတယ်။

"ပြောပါဦး ဂျိမ်းဒင်း။ ရှင် ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ ခိုးပြေးမှာလား"

သူ သက်ပြင်းချပြီး ခေါင်းယမ်းလိုက်တော့ အမျိုးသမီးနှစ်ယောက်ရဲ့ မျက်လုံးတွေ တဖျပ်ဖျပ် ဝင်းလက်သွားကြတယ်။

"သူ့အိမ်က စီစဉ်တာဟာ သူ့အနာဂတ်အတွက် ပိုကောင်းပါလိမ့်မယ်။ *ကျွန်တော် သာယာ့ကို ခိုးပြေးဖို့ အစီအစဉ် မရှိဘူး"*

*"ဘာ"*

*"ဘယ်လို ဂျိမ်းဒင်း"*

"သာယာတို့အဆင့်က ကျွန်တော်နဲ့ မနှိုင်းယှဉ်နိုင်လောက်အောင်ကို မြင့်ပါတယ်။ လူကြီးတွေ စီမံတာကို လက်ခံလိုက်တာ အကောင်းဆုံးပါပဲ"

နေရောင်ဝါစကားဆုံးတယ်ဆိုရင်ပဲ သီရိက ဝုန်းကနဲ သူ့ရှေ့ တိုးလာပြီး မီးတောက်မတတ် မျက်လုံးတွေနဲ့ စိုက်ကြည့်တယ်။

"ဘာပြောတယ် ဂျိမ်းဒင်း။ အဆင့်မြင့်တယ် ဟုတ်လား။ အဲဒီလို အဆင့်မြင့်မှန်း ဘာဖြစ်လို့ ရှင် စောစောက မရိပ်မိခဲ့သလဲ။ *အဆင့်အတန်းချင်း မတူဘဲ ဘာဖြစ်လို့ သာယာ့ကို ဇာတ်လမ်းစခဲ့သလဲ။ မဖြစ်နိုင်မှန်း သိလျက်နဲ့ ဘာဖြစ်လို့ သာယာ့ကို အိပ်မက်တွေ ပေးခဲ့သလဲ။* ပြောပါဦး"

"ဟုတ်တယ် ဂျိမ်းဒင်း။ သာယာဟာ ရှင်နဲ့မတွေ့ခင် သူစိမ်းယောက်ျားတွေနဲ့ စကားတောင် သုံးခွန်းပြည့်အောင် ပြောဖူးတာ မဟုတ်ဘူး"

အမျိုးသမီးနှစ်ယောက်ရဲ့ ပြစ်တင်ရှုံ့ချတဲ့ စကားလုံးတွေနဲ့ အထင်သေးတဲ့ အကြည့်တွေအောက်မှာ နေရောင်ဝါ မလှုပ်နိုင်အောင် ဖြစ်နေမိတယ်။

ကျွန်တော်လည်း ခံစားရပါတယ်လို့ ပြောလိုက်ချင်ပေမယ့် ပါးစပ်ကတော့ ဘာစကားမှ ထွက်ကျမလာခဲ့ဘူး။

"ရှင့်ကို စတွေ့ကတည်းက ရှင်ဟာ အဆင့်မရှိတဲ့လူမှန်း ကျွန်မတို့ သဘောပေါက်တယ်။ မရိပ်မိတဲ့ သာယာတာ ခံလိုက်ရတာ"

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



"ရှိမ်းဒင်း ... ရှင် သာယာ့ကို နိုးအောင် ကြိုးစားပါ့မယ်လို့ ကတိပေးခဲ့တယ် မဟုတ်လား။ ခု ... အဲ့ဒီကတိအတိုင်း တည်လိုက်စမ်းပါရှင်"

ကေသရီက ဖြောင်းဖြောင်းဖျဖျ ဝင်ပြောလာပေမယ့် သူကတော့ အံကြိတ်ပြီး ခေါင်းယမ်းလိုက်တယ်။

"ကျွန်တော်... မလုပ်နိုင်ဘူးဗျာ"

စကားအဆုံးမှာ နေရောင်ဝါ့ပါးပြင်တစ်ခုလုံး ပူကနဲ ဖြစ်သွားတယ်။ မီးတောက်မတတ်မျက်ဝန်းတွေနဲ့ အံကြိတ်ထားသူ သီရိက. . .

'လာ ... ကေသရီ သွားကြမယ်' လို့ပြောပြီး ကားပေါ်တက်သွားတယ်။ ကေသရီက သူ့ကို ခပ်စူးစူးတစ်ချက်စိုက်ကြည့်ပြီး ချာကနဲ လှည့်ထွက်သွားတယ်။

သူ့အပေါ် အထင်သေးရွံရှာသွားကြမှန်း ဗေဒင်မေးစရာမလိုလောက်အောင်ကို သေချာလှပါတယ်။

သူ နည်းနည်းအခံရခက်ပေမယ့် အထူးတလည် စိတ်မကောင်းတော့ ဖြစ်မနေတော့ပါဘူး။

*တစ်ခါတစ်ခါ အခြေအနေတွေက တွန်းပို့ရင် လူတစ်ယောက်ရဲ့ အနေအထားဟာ ဒီလောက်ထိ ဆိုးဝါးတဲ့ အဆင့်အထိတောင် ရောက်သွားနိုင်တာမျိုးပါ။*

ကျဲတောက်တောက် နေရောင်အောက်မှာ ခေါင်းငိုက်စိုက်နဲ့ ဆိုက်တ်ထဲ ဝင်လာလို့ လုံခြုံရေးဂိတ်နားရောက်တော့ ဖိုးသားက ဘွားခနဲ ထွက်ပေါ်လာတယ်။

"နေရောင် ခဏကွာ။ ငါ ဆွေးနွေးချင်တာရှိလို့"

"ဘာလဲ ဖိုးသား"

"ခုဆို ... မင်းအနေအထားက မျှော်လင့်ချက်ရှိနေပြီ မဟုတ်လား။ မုဆိုးမသားမဟုတ်တော့ဘဲ မိစုံဖစုံရှိနေပြီကွာ။ မင်းအဖေကလည်း ကြယ်တံခွန် လုပ်ငန်းစုပိုင်ရှင် သူဌေးကြီး"

"ဖိုးသား လိုရင်းပြောကွာ"

သူ စိတ်မရှည်ဘဲ ခပ်ဆတ်ဆတ်ငေါက်လိုက်တော့မှ ဗာရာဏသီချဲ့ဖို့ ကြံနေတဲ့ ဖိုးသားက ...။





"လိုရင်းပြောရရင်တော့ *မင်းအနေအထားက သာယာ့ကို ပိုင်ဆိုင်နိုင်တဲ့အဆင့် ရောက်နေပြီ။ ဘာဖြစ်လို့ ရှောင်ထွက်ဖို့ ကြိုးစားနေရတာလဲ*"

အဖြစ်အပျက်အားလုံးကို တွေ့မြင်သွားပုံရတဲ့ ဖိုးသားက နားမလည်လို့ မေးလာတယ်။

"ဘာဖြစ်လို့လဲဆိုတော့ *ကောင်းဇေယော်ကို ဈေးရှုးတုန်းပြန်ပို့က ဒီနည်းပဲ အကြောင့်ပို့ပေါ့ ဖိုးသား။* မင်းစဉ်းစားကြည့် အဖေ့မေတ္တာကို ငါ သူ့ဆီက ခစ်ဝက် ခွဲယူခဲ့ပြီးပြီ။ ပြီးတော့ သူ့ဘဝထဲကို ငါတင် မဟုတ်ဘဲ ငါ့အမေပါ ဝင်နေရာယူခဲ့ပြီးပြီ။ ဒီကြားထဲ သူရည်ရွယ်ထားတဲ့ ကောင်မလေးကိုပါ လုယူလိုက်ရင် သူ ဘယ်လို ခံစားရမလဲ။ ပြီးတော့ ... ငါကော ဘာကောင် ဖြစ်သွားမလဲ"

ဖိုးသားက ခေါင်းတညိတ်ညိတ်လုပ်နေရင်းက. . .

"ဒါနဲ့ပဲ သာယာ့ကို ခံစားခိုင်းတော့မယ်ပေါ့ ဟုတ်လား"လို့ ပြန်မေးတယ်။

"*အနာဆိုတာ ခွဲဖို့လိုရင် ခွဲရမှာပဲ ဖိုးသား။ ပထမဆုံး တချက်ကို နာမှာစိုးရိမ်ပြီး ချွင် အတွင်းလိုက်စားသွားလိမ့်မယ်။* တစ်သက်လုံး ကောင်းဖို့ ဒီလောက်တော့ နာခံရမှာပေါ့။ ဒါနဲ့ မင်းကို အပြင်ထွက်ခွင့် ဘယ်သူပေးလိုက်တာလဲ ဖိုးသား"

"ဟင့်အင်း ... ငါ မင်းကို စိုးရိမ်လို့ လိုက်လာတာ"

"လုပ်မနေနဲ့ မင်း ရေသာခိုချင်လို့ မဟုတ်လား။ ကိုယ့်နေရာကိုယ် ပြန်သွားတော့ ဖိုးသား။ အပ်ရမယ့်ရက်က ကပ်နေပြီ။ ကြွေပြားတွေတိုလည်း ရေစိုက်သယ်ခိုင်းဦး ပေါ့ကောင်။ ကျကွဲပြီးလိုနေလို့ ပြီးခါနီးမှ လိုက်ရှာဝယ်နေဦးမယ်"

ကိုယ်ရေးကိုယ်တာခံစားချက်ကို ဖုံးကွယ်ချင်တာကြောင့်၊ အလုပ်ကြီးကြပ်သူတစ်ယောက်ရဲ့ မာန်မဲမှုမျိုးနဲ့ ဟောက်လိုက်တော့ ဖိုးသားက လက်ကလေးပုပြီး ဆိုက်တ်ထဲ ပြန်ဝင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ . . .

အခြေအနေတွေက တွန်းပို့ရင်

လူတစ်ယောက်ရဲ့ အနေအထားဟာ၊

ဒီထက်ဆိုးဝါးတဲ့ အဆင့်အထိတောင်

ရောက်သွားနိုင်တာပျိုးပါ။

(၆)

ဒီနေ့ဟာ နေရောင်ဝါတို့ လုပ်ခွင့်ရတဲ့ သတ်မှတ်ရက်ရဲ့ 'နောက်ဆုံးနေ့ ဖြစ်တယ်။

ခန့်မှန်းသူတွေက ကိုးဆယ်ရာနှုန်းတော့ ကျော်ပြီလို့ ပြောကြပေမယ့် အတိအကျတော့ မတွက်ချက်နိုင်ကြသေးဘူး။

ညနေ အလုပ်သိမ်းဥသြဆွဲရင် ကိုးဆယ့်ငါးရာနှုန်းကျော်သည်ဖြစ်စေ၊ လိုသည်ဖြစ်စေ အပ်ရတော့မှာမို့၊ အချောကိုင်နဲ့ မြင်မကောင်းတာတွေကို ဖုံးဖုံးဖိဖိဖြစ်အောင် လိုက်လုပ်နေရတယ်။

ကိုးဆယ့်ငါးရာခိုင်နှုန်းကျော်မှ အခြေအနေက စိတ်ချရမှာမို့ မိုးလင်းကတည်းက စိုးရိမ်စိတ်နဲ့ ဗျာများနေခဲ့တယ်။ ဘာတွေကို အခြေခံ တွက်မှန်းမသိလို့ စက္ကူပေါ်က ကိန်းဂဏန်းတွေကို နေရောင်ဝါ မခန့်မှန်းနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ဖေဖေ အန္တရာယ်ကင်းဖို့နဲ့ ကုမ္ပဏီ မဆုံးရှုံးဖို့သာ ဆုတောင်းနေရတယ်။

အဲဒီလို စိုးရိမ်ကြောင့်ကျများနေချိန်မှာပဲ **သူမက** တိုက်ဆိုက်ဆိုင်ဆိုင် ရောက်ရှိလာတာပါ။

အရှိန်ပြင်းပြင်းနဲ့ မောင်းဝင်လာတဲ့ကားကို တွေ့ကတည်းက **ချိုလွင် သာယာပဲလို့** သိလိုက်ပြီး၊ ဘာလုပ်ရမှန်း စဉ်းစားမရအောင် ဖြစ်သွားရတယ်။ ဖိုးသားက. . .

"နားနေဆောင်ထဲ ဝင်နေလေ နေရောင်"

လို့ သတိပေးလို့ သစ်သားနဲ့ ဆောက်လုပ်ထားတဲ့ အင်ဂျင်နီယာ တဲလေးထဲကို သူ ပြေးဝင်ခဲ့တယ်။

အနားရချိန် သူဝင်အိပ်လေ့ရှိတဲ့ တဲလေးထဲမှာ သူ့အရင် ရောက်နှင့် နေသူကတော့ မြလေးညိုပါ။

မြလေးညိုက ယောက်ျားဝတ်အင်္ကျီ ဖိုရှိဖားယားနဲ့ ကြယ်သီးတစ်ဝတ် တစ်ပျက် တပ်နေဆဲမို့ သူ ကြောင်သွားတယ်။

"မြလေးညို နင် ဘာလုပ်နေတာလဲ"

"ဟဲ့ ... ဆေးပုံးမှောက်ကျပြီး ငါ့အင်္ကျီတွေ စိုကုန်လို့ နေရှောင်။ ဒါကြောင့် နင့်အင်္ကျီတစ်ထည် လာခိုးဝတ်နေတာလေ ဟဲ ... ဟဲ"

ပုံမှန်အခြေအနေဆိုရင်တော့ သူတဲထဲက ချက်ချင်း ပြန်ထွက်သွား သင့်ပေမယ့် အခြေအနေက ပုံမှန်မဟုတ်ပါဘူး။

ပြီးတော့ တဲလေးရဲ့ ရှေ့တည့်တည့်မှာ ကားထိုးရပ်သံ ကားတံခါး ဖွင့်ပိတ်သံတွေကြောင့်၊ တအောင့်ကြာရင်. . .

ဒါမှမဟုတ် အချိန်မရွေး ချိုလွင်သာယာ ဒီတဲလေးထဲကို ရောက်လာ တော့မှာပါ။

သူ မြလေးညိုကို စိုက်ကြည့်နေရင်း အိပ်ရေးပျက်မှု ဒဏ်တွေကြောင့် တစ်ချက်တစ်ချက် မျက်လုံးတွေက ဝေဝေဝါးဝါး ဖြစ်ဖြစ်သွားပါတယ်။

"မြလေး နင်ယူဝတ်တဲ့ ငါ့အင်္ကျီက ငါ ဝတ်ထားပြီးသားကြီးဟ"

"ဘာဖြစ်လဲဟာ။ ခဏနေ အလုပ်လုပ်ရင် ပေကျံကုန်မှာပဲ"





သူ အပြင်ပြန်ထွက်ရမယ့်အစား မြလေးညိုနားကို လျှောက်သွားလိုက် တယ်။

သူမ အနားအရောက် မိုက်ကန်ဲ ဖြစ်သွားတာမို့ သူမ ပုခုံးကို လှမ်း ကိုင်လိုက်တော့ မြလေးညိုကလည်း သူ့ကို ပွေ့ပြီး ထိန်းပေးတယ်။

*ကြိုတင်ညှိနှိုင်းထားရင်တောင် ဒီလောက်အထိ အံဝင်ခွင်ကျ မသေသပ်နိုင်တာ သေချာလှပါတယ်။*

ဘာကြောင့်ဆို အဲဒီအချိန်မှာပဲ တံခါးဖွင့်ပြီး ချိုလွင်သာယာ ဝင်ရောက် လာလို့ပါ။

ဝိုင်းစက်သွားကြတဲ့ မျက်ဝန်းနဲ့ တဆတ်ဆတ်တုန်ရင်နေတဲ့ နှုတ်ခမ်း တွေကြောင့်သာ မဟုတ်ရင် သူမကို အသက်ရှိသေးရဲ့လားလို့တောင် သံသယ ဖြစ်စရာပါ။

ကျောက်ရုပ်တစ်ရုပ်လို ငူငူကြီး ရပ်တန့်နေတဲ့ သာယာ့ကို တစ်လှည့်၊ နေရောင်ဝါကို တစ်လှည့်ကြည့်ရင်း မြလေးညိုက ရှောင်ပေးတဲ့ သဘောနဲ့ တဲအတွင်းဖက်ကို ဝင်သွားတယ်။

"ဂျိမ်းဒင်းရယ်"

တုန်ခါနေတဲ့ အသံတစ်ခု သူမ နှုတ်ဖျားက တိုးတိုးလေး ထွက်ပေါ် လာတယ်။

*(ပြော သာယာ၊ ပြောချင်တာတွေ ပြောပစ်လိုက်၊ ရန်တွေ့ပြီး တရိုက်ချင်လည်း ရိုက်ပစ်လိုက်ပါ။ သစ္စာပဲ့သူလို့ ပစ်ပစ်ခါခါ စွပ်စွဲပြီး လက်ညှိုးထောက်ထောက်ထိုး ရန်တွေ့ ပစ်လိုက်စမ်းပါ)*

စိတ်မာတော့ ပျော့ညံ့မသွားအောင် အံကြိတ်ပြီး လက်သီးကို ကျစ်ကျစ် ဆုပ်ထားလိုက်တယ်။

"ကျွန်မ မယုံဘူး ဂျိမ်းဒင်း၊ သီရိတို့ ကေသရီတို့ ပြောပေမယ့် ကျွန်မ မယုံခဲ့ဘူး။ အခု မျက်စေ့နဲ့ တပ်အပ်မြင်လိုက်ပေမယ့်လည်း ကျွန်မ မယုံချင် ဘူး။ *ရှင် ကျွန်မအပေါ် သစ္စာမဖောက်ဘူး မဟုတ်လား ဂျိမ်းဒင်း၊ ကျွန်မနဲ့ နီးဖို့ ကြိုးစားတာ မဟုတ်လား။* ပြောပါ ဂျိမ်းဒင်း၊ ကျွန်မကို ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံတွေ ဗလုံးဗထွေးနဲ့ သူမ တတွတ်တွတ်ပြောရင်း သူ့ရှေ့ရောက်လာပြီး သူ့လက်မောင်းကို အားကိုးတကြီး လှုပ်ခါပါတယ်။

"ရှင် ကျွန်မကို ချစ်တုန်းပဲ မဟုတ်လားဟင်။ ဘေးလူတွေကြောင့် ကျွန်မအပေါ် တမင်အရွဲ့တိုက်နေတာ မဟုတ်လားဟင်။ ပြောပါ ကိုမ်းဒင်းရဲ့ တစ်ခုခု ပြောစမ်းပါ"

သူ အချိန်ဆွဲလို့ မဖြစ်တော့မှန်း သဘောပေါက်လိုက်တယ်။

သူ့ စိတ်တွေ ပျော့ညံ့တွေဝေမသွားခင် သူမရဲ့ ငိုသံကြောင့် နှလုံးသားတစ်ခုလုံး ပျက်သုန်းကြေမွမသွားခင်. . .

သူ တစ်ခုခုပြောမှ ဖြစ်တော့မှာပါ။

"ငါ မင်းကို သာယာမိခဲ့တာပါ။ ဘယ်တုန်းကမှ တကယ် မချစ်ခဲ့ဘူး"

"ရှင်"

"မင်းကလည်း နာမည်နဲ့လိုက်အောင် သာယာချင်စရာကောင်းခဲ့တာကိုး။ ကိုမ်းဒင်းလို့ မင်းခေါ်တဲ့ နေရောင်ဝါဟာ ဘာတို့မှ အလေးအနက် မထားတတ်ဘူးဆိုတာ မင်း သိခဲ့ဖို့ကောင်းတာပေါ့ သာယာ။ ကဲ ... မင်းပြန်ပါတော့ မြလေးညို ရှောင်ပေးနေရတာ ကြာပြီ။ အားနာဖို့ ကောင်းတယ်"

လေသံကို တမင်မာအောင် သတိထားနေတဲ့ကြားက အဆုံးသတ်မှာ နည်းနည်းလေး တုန်ခါသွားပါတယ်။

ဒါပေမယ့် သူမက မရိပ်မိလိုက်ဘဲ ကိုမ်းဒင်းရယ်လို့ ရေရွတ်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

*(မငိုပါနဲ့ သာယာ ကျေးဇူးပြုပြီး ကိုယ့်ရှေ့မှာတော့ မငိုပါနဲ့ကွယ်)*

ရုတ်တရက် တံခါးပွင့်သွားပြီး ကေသရီတို့ ညီအစ်မ ဝင်ရောက်လာကြတယ်။

သီရိက သူ့ကို စူးစူးဝါးဝါးကြည့်ရင်း သာယာ့ကို ဖြောင်းဖျ ခေါ်ဆောင်ဖို့ ကြိုးစားတယ်။

ငိုရှိုက်နေဆဲ သူမရဲ့ လက်တစ်ဖက်က သူ့လက်မောင်းကို ဆွဲထားတာမို့ ကေသရီက ဆွဲဖြုတ်လိုက်တယ်။





မဖြုတ်နဲ့လို့ အော်ဟစ်လိုက်ချင်ပေမယ့် အခြေအနေအရ မပြောနိုင်တော့ပါဘူး။

နူးညံ့တဲ့ လက်ဖဝါးရဲ့ အထိအတွေ့ဟာ တံတောင်ဆစ်အထိ လျှောဆင်းပြီး ဖျတ်ကနဲ ပျောက်ကွယ်သွားပါတယ်။

ရီဝေနေတဲ့ မျက်လုံးတွေကို တင်းတင်းမှိတ်ထားရတာမို့ သူမတို့ထွက်ခွာသွားသံကို ကြားသိနေရတယ်။

တဲပေါ်က ဆင်းသွားတဲ့အသံ။ ကားတံခါးဖွင့်ပိတ်သံ။ ကားစက်နှိုးပြီး ကားကို ဖြေးဖြေးလေး မောင်းပြီး ထွက်ခွာသွားသံ။

နောက်တော့ ကားစက်သံ တိုးညှင်းပျောက်ကွယ်သွားချိန်အထိ...။

တင်းထားခဲ့သမျှ စိတ်တွေ လျှော့ချလိုက်တဲ့အခါမှာတော့ သူ့ရင်တွေ တလှပ်လှပ် တုန်ခါပြီး သတိလစ်ချင်လာတယ်။

အိပ်ရေးပျက်တာတွေ များလွန်းလို့ ခေါင်းထဲကပါ တရိပ်ရိပ် ဖြစ်လာတယ်။

သူ သတိမလစ်ချင်သေးဘူး။

ညနေအထိတော့ တောင့်ခံချင်ပါသေးတယ်။

အနည်းဆုံး အလုပ်သိမ်း ဥသြဆွဲချိန်အထိ။ သူတို့ရဲ့ ကန်ထရိုက်ကို လက်ခံမခံ ဆုံးဖြတ်ပြီးချိန်အထိ။

*သူတို့အားအလတွေရဲ့ အရှုံးအနိုင်ကို သိပြီးချိန်အထိတော့ တောင့်ခံချင်ပါသေးတယ်။ ဒါပေမယ့် နားထဲက လေတွေထွက်ပြီး တဂိုဂိုအသံတွေ ဆူညံလာတယ်။ နောက်တော့*

"ဟဲ့ ... နေရောင်၊ နင် ဘာဖြစ်နေတာလဲ"

မြလေးညိုရဲ့အော်သံ ထွက်ပေါ်လာချိန်မှာပဲ နေရောင်ဝါ ပစ်လဲကျသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ကျွန်မကို ချစ်တုန်းပဲ မဟုတ်လားဟင်၊
ဘေးလူတွေကြောင့်
ကျွန်မအပေါ် တမင်အရွဲ့တိုက်နေတာ မဟုတ်လားဟင်၊
ပြောပါ ကိုမ်းဒင်းရဲ့ တစ်ခွန်း ပြောစမ်းပါ"

## (၇)

"ဘာပြောတယ်။ မေ့လဲလို့ ဟုတ်လား။ ငါ အခုချက်ချင်း လာခဲ့မယ် ဖိုးသား။ မင်း နေရောင်ဝါနားမှာပဲ နေပေး။ ဆရာဝန်ကိုလည်း ငါလာတဲ့အထိ ခဏ စောင့်ခိုင်းထား"

ကောင်းစေသော် ဖုန်းကိုပိတ်ပြီး အိပ်ခန်းထဲက ထွက်လာတယ်။ အိမ်နေရင်း ဝတ်ထားတဲ့ ဂျာကင်အနီနဲ့ ခေါင်းစွပ်အနီကိုတောင် ချွတ်လဲမနေတော့ဘဲ အလောတကြီး ထွက်လာတာပါ။

နေရောင်ဝါ အိမ်မပြန်တော့ဘဲ အလုပ်ထဲမှာ အိပ်ချိန်ကစပြီး ကောင်းစေသော်က သူတို့အိမ်မှာ လာနေဖို့ အတင်း တောင်းပန်ခေါ်ထားရတဲ့ နေရောင့်အမေ ဒေါ်ညိုဝါနဲ့ ဖေဖေ ဦးကောင်းလွန်းက ဘယ်သွားမှာလဲလို့ လှမ်းမေးတယ်။

"နေရောင်တို့ ဆိုက်တ်ထဲကိုပါ"

"ရောင်ဝါ့ကို အိမ်ပြန်လာဖို့ မေမေ မှာတဲ့အကြောင်း ပြောလိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ အမေ။ ဒီနေ့ အလုပ်ပြီးပြီပဲ၊ ကျွန်တော်ကိုယ်တိုင် ဆွဲခေါ်လာမှာပါ၊ မိသားစု ပျော်ပျော်ပါးပါး ထမင်းစားကြတာပေါ့"

ဟန်မပျက်ပြောပြီး သူ့ အိမ်ထဲက အမြန်ထွက်လာတယ်။

ကားနားရောက်တော့ တပည့်ကျော် မောင်လုံးကို အဆင်သင့် မတွေ့တာနဲ့ အော်ခေါ်မနေတော့ဘဲ ကိုယ်တိုင်ပဲ ကားမောင်းထွက်ခဲ့တယ်။

လမ်းတစ်ဝက်ရောက်မှ နေရောင်ဝါ သတိပေးထားသလို အဖော် ခေါ်မလာခဲ့မိတာ သတိရပေမယ့် မတတ်နိုင်တော့ဘူး။

မေ့လဲပြီး သတိလစ်သွားတဲ့ နေရောင်ဝါ့ကို စိုးရိမ်စိတ်နဲ့ ဆိုက်တ်ရှိရာကို ဦးတည်ပြီး ခပ်မြန်မြန် မောင်းလာခဲ့တယ်။

၂

"မေ့လိုက်စမ်းပါ သာယာရယ်၊ သစ္စာမရှိ ကတိမတည်တဲ့ ယောကျ်ား တစ်ယောက်အတွက် ခံစားမနေစမ်းပါနဲ့၊ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါဟာ"

ကားမောင်းနေတဲ့ သီရိက ဖြောင်းဖြောင်းဖျဖျ အသံနဲ့ ချိုလွင်သာယာကို လှမ်းပြောတယ်။

သီရိအတွက် မေ့လိုက်ပါဆိုတဲ့ စကားဟာ လွယ်လွယ်လေး ရေရွတ်လိုက်ရတာ ဖြစ်ပေမယ့် သာယာ့အတွက်တော့ အတော့်ကို ကြိုးစားရမှာပါ။

ယောကျ်ားရှပ်အကျႌ ကပိုကရို ဝတ်ထားတဲ့ အမျိုးသမီးတစ်ဦးက ပွေ့ဖက်ထားတဲ့ ပုံရိပ်ကို မျက်လုံးထဲက မထွက်သေးပေမယ့် သူမ စိတ်မနာနိုင်သေးတာ အံ့ဩစရာ ကောင်းလှပါတယ်။

"သာယာ ... ဟိုမှာ ကောင်းစေသော် ကားမဟုတ်လား"

ကေသရီက မျက်နှာချင်းဆိုင် မောင်းလာတဲ့ ကားတစ်စီးကို လှမ်းပြလို့ ကြည့်လိုက်တော့ ကားမောင်းသွားတဲ့ ကောင်းစေသော်ကို တွေ့လိုက်ရတယ်။

*"နင် ရွေးချယ်ရမှာ အဲဒီလူပဲ သာယာ။ စိတ်ကူးမလွဲနဲ့"*

◆ ဉာဏ်ဝင်းစာပေ ◆



အချစ်ဆိုတာ လူတစ်ယောက်ကနေ တခြားတစ်ယောက်ကို ခပ်လွယ်လွယ် ပြောင်းလို့ရတဲ့ အရာမဟုတ်ကြောင်း ကေသရီကို ရှင်းပြချင်ပေမယ့် သူမစကားပြောချင်စိတ် ကုန်ခမ်းနေလို့ နှုတ်ဆိတ်နေလိုက်တယ်။

၂

ကွမ်းဝယ်နေတဲ့ ဖဲဝိဇ္ဇာကို ကျားကြီးက လက်တို့ပြီး ဖြတ်မောင်းသွားတဲ့ ကားတစ်စီးကို လှမ်းပြတယ်။

ဖဲဝိဇ္ဇာကြည့်လိုက်တော့ ခေါင်းစွပ်အနီ၊ ဂျာကင်အနီနဲ့ ကောင်းစေသော်ကို တွေ့လိုက်ရတာမို့ ရှီကနဲ လေချွန်လိုက်တယ်။

"တို့ အလုပ်ရှင်တွေကို ဖုန်းဆက်ခေါ်မှပဲ"

"နေရောင်ဝါတို့ရှိတာ ဖြစ်ပါ့မလား"

"တော်ကြာ အလုပ်သိမ်းတော့မှာလေ။ လုပ်ငန်းခွင်က ဒီနေ့ နောက်ဆုံးမဟုတ်လား ဖြစ်ပါတယ်"

*ဖဲဝိဇ္ဇာနဲ့ ကျားကြီး တယ်လီဖုန်းရှိရာကို* ခပ်သုတ်သုတ် ထွက်ခွာသွားကြတယ်။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com

(၈)

ပတ်ဝန်းကျင်တစ်ခုလုံးဟာ အုံ့ဩဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်နေတယ်။

ကြားနေကျ အလုပ်သမားတွေရဲ့ အော်ဟစ်သံ၊ ကွန်ကရစ်ဖျော်စက်အသံ၊ ဝန်ချီစက် မောင်းတံရဲ့ ရွေ့လျားသံတွေ မကြားရဘဲ တိတ်ဆိတ်နေတာဟာ ထူးဆန်းလွန်းလှပါတယ်။

*ဘာဖြစ်လို့ တိတ်ဆိတ်နေကြတာလဲ။*

*အလုပ်အပ်ရမယ့်ရက်ချိန်းက ဒီညနေပြည့်မှာ မဟုတ်လား။*

*အချိန်မီ ပြီးစီးအောင် လုပ်ကြပါတော့လား။*

ကယောင်ကတမ်း အတွေးတွေနဲ့ အိပ်ရာပေါ်ကနေ နေရောင်ဝါ လူးလဲ ထလိုက်တယ်။

"ဟဲ့ ... နေရောင် မထနဲ့ဦးလေ။ နင့်လက်မှာ အကြောဆေး သွင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြလေးညိုရဲ့အသံကြောင့် နေရောင်ဝါ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သူ ရောက်နေတာ ဆေးရုံမဟုတ်ဘဲ၊ အလုပ်ထဲက နားနေဆောင်တဲလေးပဲ ဖြစ်နေတာမို့ ကျေနပ်သွားတယ်။

ဘေးနားမှာ မြလေးညိုအပြင် ကောင်းစေသော်နဲ့ သူငယ်ချင်းအားလုံးကို စုံစုံညီညီ တွေ့လိုက်ရတာမို့ ပိုပြီး ကျေနပ်သွားပါတယ်။

ပြီးမှ တစ်စုံတစ်ရာကို သတိရလိုက်မိပြီး ဝုန်းကနဲ ပြန်ထလိုက်တယ်။

*"အလုပ်သမားတွေကော"*

*"ပြန်ကုန်ပြီလေ နေရောင်၊ အလုပ်သိမ်းသွားပြီပဲ"*

*"အခြေအနေ ဘယ်လိုလဲ၊ တို့အစ်တာကို လက်ခံရဲ့လား။ တို့နိုင်ရဲ့လား ကောင်းစေသော်၊ ငါတို့ နိုင်လိုက်သလား။ ဒါမှမဟုတ် ရှုံး သွားပြီလား"*

အားလုံးက နှုတ်ဆိတ်နေသလို ကောင်းစေသော်လည်း ငြိမ်သက်နေတယ်။

တစ်ယောက်ချင်းရဲ့ မျက်နှာတွေကို မဝံ့မရဲ လိုက်ကြည့်ရင်း ရှုံးပြီထင်တယ်လို့ နေရောင်ဝါ တွေးလိုက်မိတယ်။

အဲဒီအချိန်မှာပဲ ကောင်းစေသော်က တဖြည်းဖြည်း ပြုံးလာပြီး နေရောင်ဝါရဲ့လက်ကို ဆုပ်ကိုင်လိုက်တယ်။

"*တို့ နိုင်တယ် နေရောင်ဝါ* အကြမ်းထည်ကို ကိုးဆယ့်ငါးရာခိုင်နှုန်းလောက် ပြီးစီးတယ်လို့ သတ်မှတ်ပြီး လက်ခံလိုက်ကြတယ်"

*တော်ပါသေးရဲ့၊ ဘုရားတန်ခိုးတော်ပါပဲ၊*

"နစ်နာကြေး လျော်စရာ မလိုတော့သလို ကုမ္ပဏီလည်း ပိတ်စရာ မလိုတော့ဘူး နေရောင်။ အဲဒါ မင်းရဲ့ ကြိုးစားမှုကြောင့်ပဲ"

"မဟုတ်ဘူး ကောင်းစေ၊ အလုပ်သမားတွေရဲ့ကျေးဇူးကြောင့်ပါ။ ငါ့ကို ထူစမ်းကွာ၊ ငါ အပြင်ထွက်ပြီး အဆောက်အဦးကြီးကို လိုက်ကြည့်ချင်တယ်"

မြလေးညိုက သဘောမတူဘဲ ခေါင်းယမ်းတယ်။

"နင် ရူးနေလား နေရောင်၊ နင့်လက်မှာ ဆေးသွင်းထားတဲ့ ပိုက်တန်းလန်းနဲ့၊ ပြီးတော့ နင် အားနည်းနေသေးတဲ့ဥစ္စာ"





"အားမနည်းတော့ပါဘူး မြလေးရာ။ ငါ အကြာကြီး အိပ်ပျော်သွားတာဆို အားပြည့်သွားပါပြီ"

မြလေးညိုက 'နင် အိပ်တာမဟုတ်ဘူး သတိမေ့သွားတာ' လို့ ပြောပေမယ့်. . .

နေရောင်ဝါကတော့ အိပ်တာနဲ့ မေ့တာ အတူတူပါပဲလို့ ပြန်ငြင်းရင်း အကြောဆေးပိုက်ကို ဆွဲဖြုတ်လိုက်တော့. . .

မြလေးညိုက မျက်လုံးပြူးကြည့်ပါတယ်၊

"ဖြစ်ရဲ့လား နေရောင်ဝါ"

ဖိုးသားတို့က ဝိုင်းမေးတော့ သူ ခေါင်းညိတ်ပြလိုက်တယ်။ ကောင်းစေသော်က အကျီပါးလေးသာ ဝတ်ထားတဲ့ နေရောင်ဝါကို ဂျာကင်အကျီ ချွတ်ပေးလိုက်တယ်။

"ပေးရင်လည်း ခေါင်းစွပ်ဦးထုပ်ပါ ပေးကွာ။ ဝမ်းဆက်ဖြစ်သွားအောင်"

ဂျာကင်ရော ဦးထုပ်ပါ ဆောင်းပြီး ဖိုးသားတို့ကို မခေါ်တော့ဘဲ နေရောင်ဝါနဲ့ ကောင်းစေသော် နှစ်ယောက်တည်း ထွက်လာခဲ့ကြတယ်၊ နေရောင် ခပ်မှိန်မှိန်သာ ထွန်းထားတဲ့ လုပ်ငန်းခွင်နဲ့ အကြမ်းထည် အဆောက်အအုံကြီးတစ်ခုလုံး လူသူတစ်ယောက်မှ မရှိဘဲ ကင်းရှင်း တိတ်ဆိတ်နေတယ်၊

ဒီလုပ်ငန်းခွင်မှာ နေရောင်ဝါ ဝင်လုပ်ခဲ့တာဟာ လအနည်းငယ်သာ ဖြစ်ပေမယ့် *သူ့ဘဝတစ်ခုလုံးနဲ့ သူ့အနာဂတ်ကိုပါ မြှုပ်နှံထားခဲ့ရတာပါ၊*

*ခုတော့ . . . သူ့ အနာဂတ်ဟာ သူ့ရှေ့က ဆောက်အဦအဆောက်အအုံကြီးလိုပဲ တဖြည်းဖြည်း ရုပ်လုံးပေါ်လာခဲ့ပါပြီ၊*

သူ နှစ်ပေါင်းများစွာ တမ်းတခဲ့တဲ့ မိစုံဖစုံနဲ့ မိသားစုဘဝကို ပြန်ရခဲ့ပြီဖြစ်သလို သူညီကိုလည်း. . .

အကောင်းဆုံးလက်ဆောင်လက်လွှဲပေးအပ်နိုင်ခဲ့ပြီ၊ အဲဒါတွေတော့ ချိုလွင်သာယာပါ၏

"ကောင်းစေသော်"

"ဘာလဲ နေရောင်"

"ငါ ဆေးလိပ်ဖြတ်လိုက်ပြီကွာ၊ ဒီနေ့ကစပြီး ဆေးလိပ် မသောက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့"

"ဆေးလိပ်မသောက်တော့ မီးခြစ်လည်း မလိုတော့ဘူးပေါ့ကွာ။ ရော့ မင်းယူလိုက်တော့"

သာယာ လက်ဆောင်ပေးခဲ့တဲ့ ရွှေရောင်မီးခြစ်လေးကို ထုတ်ပေးလိုက်တော့ ကောင်းစေသော် အမိပ္ပာယ် နားလည်စွာနဲ့ မငုံ့မရဲ တုန့်ဆိုင်းနေတယ်။

"ယူလေကွာ။ မင်းက စီးပွားရေး အသိုင်းအဝိုင်းနဲ့ ဆက်ဆံနေရတာ မီးခြစ်ဆောင်ထားဖို့ လိုတယ်ကွ"

"ကျေးဇူးပဲ နေရောင်"

ကောင်းစေသော် မီးခြစ်ကလေးကို လက်ခံပြီး တယုတယ အိတ်ထဲ ထည့်လိုက်တယ်။

သူတို့နှစ်ယောက် အဆောက်အဦးတစ်ခုလုံးကို တစ်ပတ် ပတ်ကြည့်ပြီး ပြန်လာလို့ တဲနားရောက်ခါနီးမှာ. . .

"မင်း ဝင်နှင့် ကောင်းစေ။ ငါ အပေါ့သွားပြီး လိုက်လာခဲ့မယ်"

လို့ နေရောင်ဝါက ပြောပြီး ချန်နေရစ်ခဲ့တယ်။

တကယ်က ခံတွင်းချဉ်လာပြီး ဆေးလိပ်ခိုးသောက်ချင်လို့ပါ။

ရွှေရောင်မီးခြစ်လေးကို ပေးလိုက်ပေမယ့် ရိုးရိုးမီးခြစ်တစ်လုံးက သူ့ ဘောင်းဘီအိတ်ထဲမှာ ရှိနေပါသေးတယ်။

လက်ကျန် စီးကရက်တစ်လိပ်ကို မီးညှိပြီး အားရပါးရ ဖွာရှိုက်နေစဉ်မှာပဲ အမှောင်ရိပ်ထဲက အသံတစ်ခု ထွက်ပေါ်လာတယ်။

"*နေကောင်းလား ကောင်းစေသော်*"

အမှောင်ရိပ်ထဲက လူလေးယောက် ထွက်လာပြီး သူ့ကို ဝိုင်းလိုက်ကြတယ်။

သူ ဝတ်ထားတဲ့ ဂျာကင်အနီနဲ့ ဦးထုပ်ကြောင့် သူ့ကို ကောင်းစေသော်နဲ့ လူမှားမှန်း နေရောင်ဝါ သဘောပေါက်လိုက်တယ်။

ဒါကြောင့် *ခင်ဗျားတို့ လူမှားနေပြီ*လို့ ပြောဖို့ ကြံဆဲမှာပဲ. . .

သူ့နောက်ကျောဖက်ကို လူတစ်ယောက် လှစ်ကနဲ ပြေးကပ်လာပါတယ်။





လှည့်ပြီး ရင်ဆိုင်ဖို့ အချိန်မရတော့တာမို့ ရှောင်ထွက်ဖို့ **ကြိုးစား**လိုက်ပါသေးတယ်။ ဒါပေမယ့် အားနည်းနေဆဲ ခန္ဓာကိုယ်က. . .

သူ့ ထင်ထားသလို မြန်မြန်ဆန်ဆန် မရွေ့လျားနိုင်ခဲ့ဘူး။

ကျားကြီးရဲ့ ဗိုရိသေသပ်တဲ့ လက်အလှုပ်မှာပဲ ***ချွန်မြတဲ့ အရာတစ်ခုက ဂျာကင်အကျီအနီရောင်ကို ထွင်းဖောက်သွားပါတော့တယ်။***



www.burmeseclassic.com

(၉)

ဆောက်လုပ်ရေး၊ အင်ဂျင်နီယာတဲလေး အတွင်းမှာတော့ ကောင်းစေသော်၊ မြလေးညိုနဲ့ သူငယ်ချင်းတစ်စုက ***နေရောင်ဝါ ပြန်ရောက်အလာကို*** စောင့်ဆိုင်းနေကြဆဲပါ။

www.burmeseclassic.com

(၁၀)

မင်း ကိုယ့်ကို ချစ်တယ်...
ကိုယ့်ကို ချစ်တယ်
ကိုယ့်ကိုချစ်တယ်လို့ မင်းပြောပါ။
ငွေခေါင်လောင်း အထပ်ထပ် မြည်အောင် ထိုးပါ၊
ဆိတ်ငြိမ်မှုထဲမှာလည်း ကိုယ့်ကို မင်းဝိညာဉ်နဲ့
ချစ်ဖို့ သတိရပါ ချစ်သူ...။ ။

ဘဲရက်ဘရောင်းနင်း

TO LOVE ME ALSO IN SILENCE,
WITH THY SOUL.

• ဉာဏ်ဝင်းဆာပေ •

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ၅

သင်ကိုယ်တိုင် ဖြစ်စေ

သင်၏အိုယ်စား ချစ်ခွင့်ရှိသူ နှလုံးသားမှဖြစ်စေ

ဤလူအား မမုန်းမမေ့သေးကြောင်း

အမြန်ဆုံးလာရောက်

ထုခြေရှင်းလင်းပါရန်...။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

(၀)

နေရောင်ဟာ ကျဲကျဲတောက် ဖြန့်ကျက်ကျဆင်းနေတယ်။

ရာသီက ပူပြင်းသွေ့ခြောက်ပေမယ့် အခမ်းအနားရှိရာကို လူတွေက တိတ်တိတ်ဆိတ်ဆိတ်ပဲ တဖွဲဖွဲ ရောက်ရှိလာကြတယ်၊

ရောက်လာသူတွေထဲမှာ ကလေးတွေပါသလို အလုပ်ကြမ်းသမားတွေလည်း ပါတယ်၊

ချမ်းသာပြီး ခေတ်မီလှပတဲ့ မိန်းကလေးသုံးယောက်။

ဖဲလိမ်ရိုက် တတ်သူတစ်ယောက်နဲ့ ထူးထူးဆန်းဆန်း ခါးပိုက်နှိုက်တစ်ယောက်လည်း ပါတယ်။

အရပ်ထဲမှာ မကြာခဏ မြင်တွေ့ဖူးနေကျ နာရေးအခမ်းအနား ဖြစ်ပေမယ့် လူတွေအားလုံး တိတ်ဆိတ်နေကြတာကတော့ အံ့သြစရာကောင်းလှပါတယ်။

◆ ညာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး မငိုချင်ကြတာလား။

ငိုလို့မရအောင် ဝမ်းနည်းနေကြတာလားဆိုတာကိုတော့ ကာယကံရှင်တွေမှသာ သိကြမှာပဲ။

အတွင်းသိ တစ်ယောက်ရဲ့ အဆိုအရတော့ ...။

နေနေ

*(09.01.09)*

BURMESE CLASSIC .com



www.burmeseclassic.com